Food and Agriculture
Organization of the
United Nations

# THE ABC OF LAND TENURE
# KEY TERMS AND THEIR MEANING

With a focus on the Voluntary Guidelines on the Responsible Governance of Tenure of Land, Fisheries and Forests in the Context of National Food Security

# မြေယာလုပ်ပိုင်ခွင့်နှင့် ပတ်သက်သောအသုံးအနှုန်းများ
# (အခြေခံအသုံးအနှုန်းနှင့် အဓိပ္ပါယ် ဖွင့်ဆိုချက်များ)

အမျိုးသား စားနပ်ရိက္ခာ ဖူလုံရေးအတွက် မြေယာ၊ သားငါး နှင့် သစ်တောများ နှင့် သက်ဆိုင်သော လုပ်ပိုင်ခွင့်အား တာဝန်ခံသည့် စီမံခန့်ခွဲမှုအတွက် စေတနာဖြင့် တန်ဖိုးထား၍ လိုက်နာကျင့်သုံးသင့်သော လမ်းညွှန်ချက်များ (VGGT) ကို အလေးထား၍ ထည့်သွင်းပြုစုထားသည်



# THE ABC OF LAND TENURE
# KEY TERMS AND THEIR MEANING

With a focus on the Voluntary Guidelines on the Responsible Governance of Tenure of Land, Fisheries and Forests in the Context of National Food Security

## မြေယာလုပ်ပိုင်ခွင့်နှင့် ပတ်သက်သောအသုံးအနှုန်းများ (အခြေခံအသုံးအနှုန်းနှင့် အဓိပ္ပါယ် ဖွင့်ဆိုချက်များ)

အမျိုးသား စားနပ်ရိက္ခာ ဖူလုံရေးအတွက် မြေယာ၊ သားငါး နှင့် သစ်တောများ နှင့် သက်ဆိုင်သော လုပ်ပိုင်ခွင့်အား တာဝန်ခံသည့် စီမံခန့်ခွဲမှုအတွက် စေတနာဖြင့် တန်ဖိုးထား၍ လိုက်နာကျင့်သုံးသင့်သော လမ်းညွှန်ချက်များ (VGGT) ကို အလေးထား၍ ထည့်သွင်းပြုစုထားသည်

Required citation

FAO. 2020. *The ABC of land tenure – Key terms and their meaning. With a focus on the Voluntary Guidelines on the Responsible Governance of Tenure of Land, Fisheries and Forests in the Context of National Food Security/* အမျိုးသား စားနပ်ရိက္ခာ ဖူလုံရေးအတွက် မြေယာ၊ သားငါး နှင့် သစ်တောများ နှင့် သက်ဆိုင်သော လုပ်ပိုင်ခွင့်အား တာဝန်ခံသည့် စီမံခန့်ခွဲမှု အတွက် စေတနာ ဖြင့် တန်ဖိုးထား၍ လိုက်နာကျင့်သုံးသင့်သော လမ်းညွှန်ချက်များ (VGGT) ကို အလေးထား၍ ထည့်သွင်းပြုစုထားသည်. Rome/ရောမ/. https://doi.org/10.4060/cb1041b

The designations employed and the presentation of material in this information product do not imply the expression of any opinion whatsoever on the part of the Food and Agriculture Organization of the United Nations (FAO) concerning the legal or development status of any country, territory, city or area or of its authorities, or concerning the delimitation of its frontiers or boundaries. The mention of specific companies or products of manufacturers, whether or not these have been patented, does not imply that these have been endorsed or recommended by FAO in preference to others of a similar nature that are not mentioned.

The views expressed in this information product are those of the author(s) and do not necessarily reflect the views or policies of FAO.

ISBN 978-92-5-133323-5

© FAO, 2020

Some rights reserved. This work is made available under the Creative Commons Attribution-NonCommercial-ShareAlike 3.0 IGO licence (CC BY-NC-SA 3.0 IGO; https://creativecommons.org/licenses/by-nc-sa/3.0/igo/legalcode).

Under the terms of this licence, this work may be copied, redistributed and adapted for non-commercial purposes, provided that the work is appropriately cited. In any use of this work, there should be no suggestion that FAO endorses any specific organization, products or services. The use of the FAO logo is not permitted. If the work is adapted, then it must be licensed under the same or equivalent Creative Commons licence. If a translation of this work is created, it must include the following disclaimer along with the required citation: "This translation was not created by the Food and Agriculture Organization of the United Nations (FAO). FAO is not responsible for the content or accuracy of this translation. The original [Language] edition shall be the authoritative edition."

Disputes arising under the licence that cannot be settled amicably will be resolved by mediation and arbitration as described in Article 8 of the licence except as otherwise provided herein. The applicable mediation rules will be the mediation rules of the World Intellectual Property Organization http://www.wipo.int/amc/en/mediation/rules and any arbitration will be conducted in accordance with the Arbitration Rules of the United Nations Commission on International Trade Law (UNCITRAL).

Third-party materials. Users wishing to reuse material from this work that is attributed to a third party, such as tables, figures or images, are responsible for determining whether permission is needed for that reuse and for obtaining permission from the copyright holder. The risk of claims resulting from infringement of any third-party-owned component in the work rests solely with the user.

Sales, rights and licensing. FAO information products are available on the FAO website (www.fao.org/publications) and can be purchased through publications-sales@fao.org. Requests for commercial use should be submitted via: www.fao.org/contact-us/licence-request. Queries regarding rights and licensing should be submitted to: copyright@fao.org.

# Contents


Acknowledgements ........ iv
Introduction ........ 1
A ........ 3
B ........ 6
C ........ 8
D ........ 14
E ........ 16
F ........ 18
G ........ 20
H ........ 23
I ........ 24
J ........ 26
L ........ 27
M ........ 40
N ........ 41
O ........ 42
P ........ 44
R ........ 48
S ........ 53
T ........ 57
U ........ 62
Z ........ 63
Sources ........ 64

# Acknowledgements

The original text was prepared by Tony Lamb, except where he quotes other sources, and benefitted from review and editing by Marianna Bicchieri and Louisa J.M. Jansen. The layout was prepared by Maria Guardia Marin based on the original design and illustrations by Luca Feliziani.

FAO wishes to express its appreciation to the Swiss Agency for Development and Cooperation (SDC) and the UK Department for International Development (DfID) for the financial contributions that made this publication possible.

# ကျေးဇူးတင်လွှာ

မူရင်းစာသားများကို (အခြားအရင်းအမြစ်များကိုကိုးကားသည်မှအပ) Tony Lamb မှပြုစုပြီး Marianna Bicchieri နှင့် Louisa J.M. Jansen တို့မှပြန်လည်သုံးသပ်တည်းဖြတ်ထားခြင်း ဖြစ်သည်။ စာအုပ်အပြင်အဆင် ကို Maria Guardia Marin မှရေးဆွဲခဲ့ပြီး Luca Feliziani ၏မူလဒီဇိုင်းနှင့် သရုပ်ဖော် ပုံများကို အခြေခံထားခြင်း ဖြစ်ပါသည်။

FAOမှဤပုံနှိပ်ထုတ်ဝေမှုအတွက်ငွေကြေးအထောက်အပံ့ပေးသည့် ဆွစ်ဇာလန်ဖွံ့ဖြိုးရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (SDC) နှင့်ယူကေအပြည်ပြည်ဆိုင်ဖွံ့ဖြိုးတိုးတက်ရေးဌာန (DfID) တို့အား ကျေးဇူးတင်ကြောင်းဖော်ပြအပ်ပါသည်။

# Introduction

This glossary has been prepared to assist with an understanding of land tenure terms in the context of the Voluntary Guidelines on the Responsible Governance of Tenure of Land, Fisheries and Forests in the Context of National Food Security (VGGT).

This document draws on other glossaries (see references) and includes key words that are used in the VGGT, together with other commonly used words in land administration, land management and land legislation. As with any glossary, this document reflects a certain perspective on land tenure concepts, and it is possible that others will have different perspectives.

# နိဒါန်း

အမျိုးသား စားနပ်ရိက္ခာ ဖူလုံရေးအတွက် မြေယာ၊ သားငါး နှင့် သစ်တောများနှင့် သက်ဆိုင်သော လုပ်ပိုင်ခွင့်အား တာဝန်ခံသည့် စီမံခန့်ခွဲမှုအတွက် စေတနာဖြင့် တန်ဖိုးထား၍ လိုက်နာကျင့်သုံးသင့်သော လမ်းညွှန်ချက်များ (VGGT) နှင့် ဆက်စပ်သော မြေယာလုပ်ပိုင်ခွင့်ဆိုင်ရာ စကားလုံးများကို နားလည်စေရေး အထောက်အပံ့ ဖြစ်စေရန် ဤခက်ဆစ်ကို ပြုစုခဲ့ပါသည်။

ဤစာအုပ်တွင် အခြား ခက်ဆစ်များ (ရည်ညွှန်းချက်များကို ကြည့်ရန်) နှင့် VGGTတွင် အသုံးပြုထားသော စကားလုံးများသာမက မြေယာ အုပ်ချုပ်ရေး၊ မြေယာ စီမံခန့်ခွဲရေးနှင့် မြေယာ ဥပဒေစီရင်ပြဋ္ဌာန်းခြင်းရေးများတွင် အသုံးပြုလေ့ရှိသော အခြားစကားလုံးများကိုလည်း ထည့်သွင်းထားပါသည်။ အခြား ခက်ဆစ်ဖွင့်ဆိုချက်များ၏ သဘောသဘာဝအတိုင်း ဤခက်ဆစ်ဖွင့်ဆိုချက်သည်လည်း မြေ-ယာလုပ်ပိုင်ခွင့်ဆိုင်ရာ သဘောတရားများကို ရှုထောင့်တစ်ခုမှ ကြည့်မြင်ထားသည် ဖြစ်သဖြင့် ကွဲပြားခြားနားသော အမြင်များ ရှိကောင်း ရှိနိုင်ပါသည်။

# A

**Access to land**: the ability of a person to locate, occupy and use land, whether by firstly buying it, leasing it, being given it, or gaining rights to the land in some other way, such as by custom. Land reform programmes seek to improve access to land for those people who do not have it. See "land reallocation" and "tenure reform".

**မြေယာကို လက်လှမ်းမှီရရှိရေး သို့မဟုတ် မြေယာပိုင်ဆိုင်မှု** ဝယ်ယူခြင်းဖြင့်သော် လည်းကောင်း၊ ငှားရမ်းခြင်းဖြင့်သော် လည်းကောင်း၊ လက်ဆောင်အဖြစ်သော် လည်းကောင်း ၊ ဓလေ့ထုံးစံကဲ့သို့သော အခြား ရပိုင်ခွင့်ကြောင့်သော်လည်းကောင်း လူတစ်ဦးမှ မြေယာကို ဖော်ထုတ်၊ နေထိုင်၊ အသုံးပြုခွင့် ရှိခြင်း။

မြေယာဆိုင်ရာ ပြုပြင်ပြောင်းလဲရေး စီမံချက်များသည် မြေယာအသုံးပြုခွင့်မရှိသူများအတွက် အသုံးပြုခွင့် တိုးတက်ရရှိလာစေရန် ရည်ရွယ်ဆောင်ရွက်ကြပါသည်။ "မြေယာ ပြန်လည် နေရာချထားခြင်း" နှင့် "မြေယာလုပ်ပိုင်ခွင့်ဆိုင်ရာပြုပြင်ပြောင်းလဲမှု" များကို ကြည့်ပါ။

**Accountable:** responsibility of a person for his or her actions or decisions (or failure to act or decide), and liability for any consequences or penalty that might be imposed for taking the action or making the decision where it is wrong, corrupt or illegal (or failing to take the action or make the decision). As the VGGT notes in its ten principles of implementation, accountability means holding individuals, public agencies and non-state actors responsible for their actions and decisions according to the principles of the rule of law.

**တာဝန်ခံမှု** လူတစ်ဦးတစ်ယောက်သည် ၎င်း၏ လုပ်ရပ်များ သို့မဟုတ် ဆုံးဖြတ်ချက်များ (သို့မဟုတ် လုပ်ဆောင်ရန် ပျက်ကွက်မှု သို့မဟုတ် ဆုံးဖြတ်ရန် ပျက်ကွက်မှု) အတွက် တာဝန်ရှိမှု နှင့် မှားယွင်းသော၊ သမာသမတ်မကျသော သို့မဟုတ် ဥပဒေနှင့်အညီ မဟုတ်သော လုပ်ရပ်များ လုပ်ဆောင်ခြင်း သို့မဟုတ် ဆုံးဖြတ်ချက်များ ချမှတ်ခြင်းအတွက် ကျခံရမည့် ပြစ်ဒဏ်များ သို့မဟုတ် နောက်ဆက်တွဲတာဝန်များအတွက် တာဝန်ရှိခြင်း။

VGGT၏ အကောင်အထည်ဖော်ရေး မူဝါဒ ဆယ်ချက်မှ မှတ်သားမိသည်မှာ တာဝန်ခံမှု ဆိုသည်မှာ လူတစ်ဦး၊ အများပြည်သူဆိုင်ရာ အေဂျင်စီများ နှင့် အစိုးရမဟုတ်သော လှုပ်ရှားသူများကို ၎င်းတို့၏ လုပ်ရပ်များ နှင့် ဆုံးဖြတ်ချက်များအတွက် တရားဥပဒေ စိုးမိုးရေး မူဝါဒများနှင့် အညီ တာဝန်ယူစေခြင်း ဖြစ်ပါသည်။

**Adjudication**: the process of making a decision by taking into account the facts and the law.

**အငြင်းပွားမှု ဖြေရှင်းခြင်း** အချက်အလက်များနှင့် ဥပဒေတို့ကို ထည့်သွင်းစဉ်းစားပြီး ဆုံးဖြတ်ချက် ချမှတ်ခြင်း လုပ်ငန်းစဉ်

**Adjudication of title**: the process in which the parcel boundaries, ownership and rights to land are officially determined and then recorded in a government run registry. Often a certificate is issued to the owner. Adjudication does not change the boundaries or rights, but rather it recognizes the location of boundaries and rights that already exist. Also known as "title registration" and "first registration". It can be done in a sporadic or systematic way. See "sporadic registration" and "systematic registration".

**လယ်ယာမြေအမည်ပေါက်အငြင်းပွားမှု ဖြေရှင်းခြင်း** မြေကွက် နယ်နိမိတ် အတိုင်းအတာများ၊ ပိုင်ဆိုင်သူ အမည်ပေါက်နှင့် မြေယာအသုံးပြုခွင့်တို့ကို တရားဝင် သတ်မှတ်ပြီး အစိုးရ မှတ်တမ်းတွင် ရေးသွင်းခြင်းတို့ကို လုပ်ဆောင်သည့် လုပ်ငန်းစဉ် ။

အမည်ပေါက် ပိုင်ဆိုင်သူကို ပိုင်ဆိုင်မှု လက်မှတ် ထုတ်ပေးလေ့ ရှိပါသည်။ အငြင်းပွားမှု ဖြေရှင်းခြင်းတွင် မြေကွက် နယ်နိမိတ် အတိုင်းအတာနှင့် ရပိုင်ခွင့်များကို ပြောင်းလဲခြင်း မပြုဘဲ အတိုင်းအတာ တည်နေရာများနှင့် ရှိပြီးသော ရပိုင်ခွင့်များကကို အသိအမှတ်ပြုပေးခြင်းသာ ဖြစ်ပါသည်။ "ပိုင်ဆိုင်မှု မှတ်ပုံတင်ခြင်း" နှင့် "ကနဦး မြေယာမှတ်ပုံတင်ခြင်း" လို့ ဟုလည်း ခေါ်ဆိုသည်။ အဆိုပါ လုပ်ငန်းကို ရံဖန်ရံခါ သို့မဟုတ် စနစ်တကျ နည်းလမ်းဖြင့် လုပ်ဆောင်နိုင်ပါသည်။ "ရံဖန်ရံခါ မှတ်ပုံတင်ခြင်း" နှင့် "စနစ်တကျ မှတ်ပုံတင်ခြင်း" တို့ကို ကြည့်ပါ။

**Administrative framework**: see "organizational framework".

**စီမံအုပ်ချုပ်ဆိုင်ရာ မူဝါဒဘောင်** "အဖွဲ့အစည်းဆိုင်ရာ မူဝါဒဘောင်" ကို ကြည့်ပါ။

A B C D E F G H I J K L M N O P Q R S T U V W X Y Z

**Adverse possession**: the occupation of another person's land without that person's permission, also known as "squatting". The possession by the trespasser, occupier or squatter is "adverse" (in the sense of "against") the owner. Adverse possession for a long period (the number of years is usually specified in law) gives the person possessing the land certain rights, the most common of which is the right of ownership over the land, although easements can also be created in some legal systems by long-term use. See "limitation period", "prescription" and "squatting".

**ပိုင်ရှင်၏ သဘောဆန္ဒမပါဘဲ ပိုင်ဆိုင်ခြင်း** အခြားသူတစ်ဦး ပိုင်ဆိုင်သော မြေကို အဆိုပါ ပုဂ္ဂိုလ်၏ ခွင့်ပြုချက် မပါဘဲ ဝင်ရောက်နေထိုင်ခြင်း၊ "ကျူးကျော်ခြင်း" ဟုလည်း ခေါ်ဆိုသည်။

ကျူးကျော်ဝင်ရောက်သူ၊ ကျူးကျော်နေထိုင်သူ သို့မဟုတ် သူတပါးပိုင် မြေပေါ်တွင် ခွင့်ပြုချက်မရှိဘဲ ကျူးကျော်နေထိုင်သူ မှ ပိုင်ဆိုင်ခြင်းသည် ပိုင်ရှင်၏ ဆန္ဒကို ဆန့်ကျင်သည့် သဘောရှိနေခြင်း ဖြစ်ပါသည်။ ပိုင်ရှင်၏ သဘောဆန္ဒမပါဘဲ ကာလရှည် ပိုင်ဆိုင်လာခြင်းသည် (ကာလအတိုင်းအတာကို ဥပဒေတွင် သတ်မှတ်ထားလေ့ ရှိပါသည်) ဝင်ရောက်နေထိုင်သူကို များသောအားဖြင့် မြေယာပိုင်ဆိုင်ခွင့်ကဲ့သို့သော ရပိုင်ခွင့်များ ပေးအပ်လေ့ ရှိသည်။ သို့သော်လည်း အချို့သော ဥပဒေစနစ်များတွင် ကာလရှည် အသုံးပြုခြင်းမှ အခြားသူပိုင်မြေပေါ် အထူးအကျိုးခံစားခွင့်များ ဖန်တီးပေးလေ့ ရှိပါသည်။ "ကာလသတ်မှတ်ချက်"၊ "ကုစားခြင်း" နှင့် "သူတပါးပိုင် မြေပေါ်တွင် ခွင့်ပြုချက်မရှိဘဲ ကျူးကျော်နေထိုင်ခြင်း" တို့ကို ကြည့်ပါ။

**Agrarian reform**: a collection of activities and changes designed to alter the ways of using land, particularly agricultural land, for political, economic and/or social benefits. The objectives of an agrarian reform programme are generally to improve the levels of agricultural production, both qualitatively and quantitatively, and to improve the standards of living of agricultural producers. Such reforms will often involve elements of redistribution of land and changes to the land tenure system.See "land reallocation" and "tenure reform".

**စိုက်ပျိုးမြေ ပြင်ဆင်ပြောင်းလဲခြင်း** မြေယာကို အထူးသဖြင့် စိုက်ပျိုးမြေကို နိုင်ငံရေး၊ စီးပွားရေး နှင့်/ သို့ လူမှုရေး အကျိုးအမြတ်ရရှိစေရန်အတွက် အသုံးပြုမှုပုံစံ ပြောင်းလဲရန် ရည်ရွယ်ပြုလုပ်သော လုပ်ဆောင်ချက်များနှင့် အပြောင်းအလဲများ အားလုံး။

လယ်မြေ ပုံစံပြောင်းလဲခြင်း အစီအမံ၏ ရည်ရွယ်ချက်များမှာ ယေဘုယျအားဖြင့် စိုက်ပျိုးရေး လုပ်ငန်း ထုတ်လုပ်နိုင်မှု အဆင့်များကို အရည်အတွက်သာမက အရည်အသွေးပါ တိုးတက်စေရန်နှင့် စိုက်ပျိုးရေး ထွက်ကုန်များ ထုတ်လုပ်သူတို့၏ လူနေမှုအဆင့်များကို မြှင့်တင်ရန် ဖြစ်ပါသည်။ အဆိုပါ ပုံစံပြောင်းလဲမှုများတွင် မြေကို ထပ်မံ ဖြန့်ဝေခြင်းနှင့် မြေငှားရမ်းသုံးစွဲမှု စနစ်ကို ပြောင်းလဲခြင်း လုပ်ငန်းအပိုင်းများ ပါဝင်လာလေ့ ရှိသည်။ " မြေယာ ပြန်လည်နေရာချထားခြင်း" နှင့် " မြေယာလုပ်ပိုင်ခွင့် ငှားရမ်းသုံးစွဲမှု ပုံစံပြောင်းလဲခြင်း" တို့ကို ကြည့်ပါ။

**Alien**: person from another country who holds a different nationality.

**နိုင်ငံခြားသား** အခြားနိုင်ငံ၏ နိုင်ငံသားဖြစ်သည့် နိုင်ငံခြားသား

**Allocation**: the process of assigning rights to land to a person (individual or corporation) within the rules defined by the land tenure system. Rights can be assigned by the sovereign power (nation state or indigenous) through original grants or through reallocations following expropriation, purchase or reallocation. Rights can also be allocated by private persons to others through sales, leases, inheritance, etc. See also "land reallocation".

**ခွဲဝေခြင်း**

မြေယာလုပ်ပိုင်ခွင့်စနစ်မှ ချမှတ်ထားသည့် စည်းမျဉ်းများနှင့် အညီ ပုဂ္ဂိုလ်တစ်ဦး (လူပုဂ္ဂိုလ်ဖြစ်စေ အဖွဲ့အစည်းဖြစ်စေ ကို မြေယာလုပ်ပိုင်ခွင့် ချမှတ်ပေးနိုင်သော အခွင့်အာဏာ အပ်နှင်းသည့် လုပ်ငန်းစဉ်။

သုံးစွဲခွင့်ကို မူလ အပ်နှင်းမှုများကို အသုံးပြုပြီး အချုပ်အခြာ အာဏာ (နိုင်ငံတော်မှ သို့မဟုတ် ဒေသခံ အာဏာပိုင်၏ သော်လည်းကောင်း မြေသိမ်းယူခြင်း၊ ဝယ်ယူခြင်း သို့မဟုတ် ပြန်လည်နေရာချထားခြင်းများ ပြီးနောက် ပြန်လည်နေရာ ချထားခြင်းများမှ သော်လည်းကောင်း အခွင့်အာဏာ အပ်နှင်းနိုင်သည်။ မြေယာလုပ်ပိုင်ခွင့်ကို လူပုဂ္ဂိုလ်တစ်ဦးမှ အခြားတစ်ဦးသို့ ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ အမွေပေးခြင်း စသည့်နည်းလမ်းများဖြင့်လည်း ခွဲဝေနိုင်သည်။ "မြေယာ ပြန်လည် နေရာ ချထားခြင်း" ကို ကြည့်ပါ။

**Amalgamation**: the joining or unification of two or more basic property objects (such as land parcels) into one unit. Amalgamation will usually require a plan showing the new boundaries, and will sometimes need to be registered. Also referred to as "consolidation" and "merger". Amalgamation is the opposite to division or subdivision. See also "land consolidation", which often occurs on a much larger scale.

**ပေါင်းစည်းခြင်း**

နှစ်ခု သို့မဟုတ် နှစ်ခုထက် ပိုသော အခြေခံ ပိုင်ဆိုင်မှု ပစ္စည်း ( မြေကွက် ကဲ့သို့သော  များကို ပေါင်းခြင်း သို့မဟုတ် တစ်ခုတည်း ဖြစ်အောင် စုစည်းခြင်း။

ပေါင်းစည်းခြင်းတွင် မြေကွက် နယ်နိမိတ် အသစ် သတ်မှတ်ချက်များကို ဖော်ပြသော ပုံစံ လိုအပ်လေ့ ရှိပြီး တစ်ခါတစ်ရံတွင် မှတ်ပုံတင်ရန် လိုအပ်လေ့ ရှိပါသည်။ "စုစည်းခြင်း" နှင့် " ပေါင်းစပ်ခြင်း" ဟုလည်း ခေါ်ဆိုပါသည်။ ပေါင်းစည်းခြင်းသည် ခွဲစိတ်ခြင်း သို့မဟုတ် ထပ်မံခွဲစိတ်ခြင်းတို့နှင့် ဆန့်ကျင်ပါသည်။ ကြီးမားသော ပမာဏအတွက် ဖြစ်ပေါ်တတ်သည့်

"မြေယာစုစည်းခြင်း" ကိုလည်း ကြည့်ပါ။

**Appeal**: a process for a higher authority to review the decision of a lower authority, and to make a new decision or to require the lower authority to revise the decision in accordance with the law. Appeals are usually taken to the court, but administrative appeals or reviews can be conducted within an organization, such as a government or a private company.

**အယူခံခြင်း**

အာဏာပိုင်တစ်ဦး၏ ဆုံးဖြတ်ချက်ကို ၎င်း၏ အထက် အာဏာပိုင်တစ်ဦးမှ ပြန်လည် သုံးသပ်ပြီး ဥပဒေနှင့်အညီ ဆုံးဖြတ်ချက် အသစ် ချမှတ်ရန် သို့မဟုတ် အာဏာပိုင်မှ ဆုံးဖြတ်ချက်ကို ပြင်ဆင်ရန် လုပ်ငန်းများ လုပ်ဆောင်သည့် လုပ်ငန်းစဉ်ဖြစ်ပါသည်။ အယူခံများကို ယေဘုယျအားဖြင့် တရားရုံးသို့ ဦးတိုက်လျှောက်ထားသော်လည်း စီမံခန့်ခွဲမှုဆိုင်ရာ အယူခံများ သို့မဟုတ် ပြန်လည်သုံးသပ်ချက်များကို အစိုးရ သို့မဟုတ် ပုဂ္ဂလိက ကုမ္ပဏီများအတွင်း တွင်ပင် လုပ်ဆောင်နိုင်ပါသည်။

**Arbitration**: a form of judging or decision making outside the court system, in which a person looks at the facts and the law, and forms a conclusion. Depending on whether the people in dispute agree (or if the law specifies), then the decision can have the legal effect as if it were a court order.

**ခုံသမာဓိဖြင့် စီရင်ဆုံးဖြတ်ခြင်း**

တရားရုံးပြင်ပတွင် တစ်စုံတစ်ယောက်မှ အချက်အလက်များနှင့် ဥပဒေများကို ထောက်ရှုပြီး ဆုံးဖြတ်ချက် ချသည့် အကဲဖြတ်ခြင်း သို့မဟုတ် ဆုံးဖြတ်ချက်ချခြင်း ပုံစံ။

အငြင်းပွားမှုတွင် ပါဝင်သူများမှ သဘောတူခြင်းပေါ် မူတည်ပြီး (သို့မဟုတ် ဥပဒေမှ သတ်မှတ်ထားခြင်း ရှိပါက) အဆိုပါ ဆုံးဖြတ်ချက်သည် တရားရုံး ဆုံးဖြတ်ချက် ကဲ့သို့ ဥပဒေအရ အသက်ဝင် နိုင်သည်။

**Arbitrary loss**: a loss that occurs without any proper foundation, particularly any legal foundation or following the procedures. It includes cases such as forced evictions – where people are made to leave their homes and lands or forest, or to give up their fishery rights.

**အတ္တနော မတိ ဆုံးဖြတ်ချက်ကြောင့် ဆုံးရှုံးမှု**

ဥပဒေ အခြေအမြစ်မရှိ သို့မဟုတ် လုပ်ထုံးလုပ်နည်းများကို လိုက်နာခြင်း မရှိဘဲ ဖြစ်ပေါ်လာသော ဆုံးရှုံးမှု။

အဆိုပါ ဆုံးရှုံးမှုများတွင် လူပုဂ္ဂိုလ်များကို ၎င်းတို့၏ အိမ် နှင့် မြေယာများမှ ထွက်သွားရန် အတင်းအကြပ် မောင်းထုတ်ခြင်း သို့မဟုတ် ငါးဖမ်းလုပ်ငန်းဆိုင်ရာ ရပိုင်ခွင့်များကို စွန့်လွှတ်စေခြင်းတို့ကဲ့သို့သော အတင်းအကြပ် နှင်ထုတ်ခြင်းကိစ္စများ ပါဝင်သည်။

**Assignment**: the process or the document of transfer of property rights from one person to another, for example in a sale or lease. See "transfer".

**ခန့်အပ်ခြင်း**

လူတစ်ဦးမှ ၎င်း၏ ပိုင်ဆိုင်မှု ရပိုင်ခွင့်များကို အခြားသူတစ်ဦးသို့ လွှဲပြောင်းသည့် လုပ်ငန်းစဉ် သို့မဟုတ် စာရွက်စာတမ်း၊ ဥပမာ ရောင်းချခြင်း သို့မဟုတ် ငှားရမ်းခြင်း။

"လွှဲပြောင်းခြင်း" ကို ကြည့်ပါ။

# B

**Beneficiaries**: those people who benefit from a decision, programme or action.

**အကျိုးခံစားခွင့် ရှိသူများ** ဆုံးဖြတ်ချက်တစ်ခု၊ အစီအမံတစ်ခု သို့မဟုတ် လုပ်ရပ်တစ်ခုမှ အကျိုးခံစားခွင့် ရှိသူများ။

**Boundary**: the separation between two distinct property objects or areas. Boundaries are used to describe the division between features with different administrative, legal, land-use, topographic, etc., characteristics. Boundaries can be identified either by physical objects placed on or near the separation line to mark it, or by an imaginary line shown on a map or plan. The International Federation of Surveyors (FIG) defines boundary as follows:

- Boundaries of parcels can be defined by physical demarcation on the ground or by a mathematical description usually based on a co-ordinate system. The accuracy and cost of cadastral surveys is dependent on the accuracy needed for boundary descriptions. The accuracy should reflect factors such as the value of the land, the risk and costs of land disputes, and the information needs of the users …

Also known as "perimeter".

**နယ်နိမိတ်** သီးခြား ပိုင်ဆိုင်မှုများ သို့မဟုတ် ဧရိယာများအကြား ခွဲခြားထားမှု။

နယ်နိမိတ်များကို မတူသော စီမံခန့်ခွဲမှု၊ ဥပဒေ၊ မြေယာအသုံးပြုမှု၊ မြေမျက်နှာပြင်အနေအထား စသည့် သဘောသဘာဝမတူသည့် အချက်များအကြား ကွဲပြားမှုကို ဖော်ပြရန် အသုံးပြုသည်။ နယ်နိမိတ်များကို ခွဲခြားသည့် မျဉ်းပေါ်တွင် သို့မဟုတ် အနီးအနားတွင် ပစ္စည်းများ ချထားခြင်းဖြင့် လည်းကောင်း သို့မဟုတ် မြေပုံပေါ် သို့မဟုတ် ပုံစံပေါ်တွင် စိတ္တဇမျဉ်းကြောင်း တစ်ကြောင်း ရေးဆွဲ၍သော်လည်းကောင်း သတ်မှတ်နိုင်သည်။ နိုင်ငံတကာ တိုင်းတာရေးပညာရှင်များ အစည်းအရုံး (FIG) မှ နယ်နိမိတ်ကို အောက်ပါအတိုင်း အဓိပ္ပါယ် သတ်မှတ်ပါသည်။

မြေကွက်နယ်နိမိတ်ကို မြေပေါ်တွင် ရုပ်ဝတ္ထုဖြင့် မျဉ်းသား သတ်မှတ်၍သော်လည်းကောင်း ယေဘုယျအားဖြင့် ကိုဩဒိနိတ် စနစ်ကို အခြေခံပြီး ကိန်းဂဏန်းဖြင့် ဖော်ပြခြင်းဖြင့်သော်လည်းကောင်း သတ်မှတ်နိုင်သည်။ ကွင်းမြေပုံများ၏ တိကျမှုနှင့် စရိတ်သည် နယ်နိမိတ် ဖော်ပြချက်ကို မည်မျှတိတိကျကျ လိုအပ်သည် ဆိုသည့် အချက်ပေါ် မူတည်ပါသည်။ တိကျမှုတွင် မြေတန်ဖိုး၊ မြေဆိုင်ရာ အငြင်းပွားမှုများ ဖြစ်ပေါ်နိုင်ခြေနှင့် စရိတ်၊ အသုံးပြုသူများအတွက် လိုအပ်သော သတင်းအချက်အလက် ကဲ့သို့သော အချက်များကို ထင်ဟပ်စေရမည် ဖြစ်ပါသည်။ "အနားသတ် အကျယ်အဝန်း" ဟုလည်း ခေါ်သည်။

**Boundary marking**: in the case of physical marking, the process of fixing the location of boundaries of an object or area, using marks or features on the ground, either natural or artificial. Boundary marking can also be shown on a map, using lines and coordinates.

**နယ်နိမိတ် မှတ်သားချက်** အရာဝတ္ထုများဖြင့် မှတ်သားခြင်းတွင် မြေပေါ်တွင် သဘာဝအတိုင်း ဖြစ်စေ လူမှ လုပ်ယူ၍ ဖြစ်စေ အမှတ်အသားများ သိသာစေမည့် အရာများကို အသုံးပြုပြီး မြေနေရာ သို့မဟုတ် ဧရိယာတစ်ခု၏ နယ်နိမိတ် နေရာကို ပုံသေ သတ်မှတ်ခြင်း။

နယ်နိမိတ် မှတ်သားချက်များကို မြေပုံပေါ်တွင် မျဉ်းများ ကိုဩဒိနိတ်များဖြင့်လည်း ပြသနိုင်သည်။

**Boundary marker**: a physical feature that is used to show a point on the boundary, often at a point where the direction of the boundary changes direction. It can be made of any material, but should be permanent and difficult to move. Boundary markers are very important where there is no physical feature defining the boundary.

**နယ်နိမိတ် အမှတ်အသား** များသောအားဖြင့် နယ်နိမိတ်၏ ဦးတည်ချက် ပြောင်းသွားသည့် အမှတ်တွင် နယ်နိမိတ်၏ အမှတ်ကို ပြရာတွင် အသုံးပြုသည့် သိသာစေမည့် အရာဝတ္ထု။

မည်သည့်ပစ္စည်းကိုမဆို အသုံးပြုနိုင်သော်လည်း ရေရှည်တည်တံ့ပြီး ရွှေ့ပြောင်းရန် မလွယ်ကူသည့် ပစ္စည်း ဖြစ်သင့်ပါသည်။ နယ်နိမိတ်ကို သတ်မှတ်ရန် သိသာသည့်အရာများ မရှိသည့် အခါတွင် နယ်နိမိတ် အမှတ်အသားများမှာ အလွန် အရေးပါပါသည်။

**Building approval**: the government-run system for investigating an application to construct a building and assessing the compliance of the application against the standards set by law or regulations. Usually, an approval document is issued by the government if everything is correct. Also known as "construction approval".

**အဆောက်အအုံ ခွင့်ပြုချက်** အဆောက်အအုံဆောက်လုပ်ရန် လျှောက်ထားလာမှုကို လေ့လာစုံစမ်းပြီး ဥပဒေနှင့် စည်းမျဉ်းများမှ ချမှတ်ထားသည့် စံနှုန်းများနှင့် ကိုက်ညီမှု ရှိမရှိ တိုက်ဆိုင်စစ်ဆေး အကဲဖြတ်သည့် အစိုးရလုပ်ငန်းစဉ်။

ယေဘုယျအားဖြင့် အားလုံးမှန်ကန်ပါက အစိုးရမှ ခွင့်ပြုချက် စာရွက်စာတမ်းတစ်ခု ထုတ်ပေးပါသည်။ "ဆောက်လုပ်ခွင့်" ဟုလည်း ခေါ်ဆိုသည်။

A
B
C
D
E
F
G
H
I
J
K
L
M
N
O
P
Q
R
S
T
U
V
W
X
Y
Z

A B C D E F G H I J K L M N O P Q R S T U V W X Y Z

**Cadastre**: a key land administration record, which is based on land parcels, that is used for land management purposes. The International Federation of Surveyors (FIG) defines the cadastre as follows:

- A cadastre is normally a parcel based and up-to-date land information system containing a record of interests in land (i.e. rights, restrictions and responsibilities). It usually includes a geometric description of land parcels, usually represented on a cadastral map, linked to other records describing the nature of the interests, and ownership or control of those interests, and often the value of the parcel and its improvements. It may be established for fiscal purposes (e.g. valuation and equitable taxation), legal purposes, … to assist in the management of land and land use (e.g. for planning and other administrative purposes), and enables sustainable development and environmental protection.

**ကွင်းမြေပုံ သို့မဟုတ် ကွက်စိတ်မြေပုံ** မြေယာခန့်ခွဲမှုအတွက် ရည်ရွယ်အသုံးပြုသည့် မြေကွက်များပေါ် အခြေခံသည့် အရေးပါသည့် မြေယာစီမံခန့်ခွဲမှု မှတ်တမ်း။ နိုင်ငံတကာ တိုင်းတာသူများ အစည်းအရုံး (FIG) မှ ကွင်းမြေပုံကို အောက်ပါအတိုင်း သတ်မှတ်သည်။

ကွင်းမြေပုံ ဆိုသည်မှာ မြေကွက်ကို အခြေခံပြီး မြေယာဆိုင်ရာ အချက်များ (ရပိုင်ခွင့်၊ သတ်မှတ်ချက်များ နှင့် တာဝန်ရှိမှုများ ) မှတ်တမ်းပါဝင်သော မြေယာဆိုင်ရာ နောက်ဆုံးအခြေအနေ အချက်အလက်များ ပါဝင်သည့် စနစ် ဖြစ်ပါသည်။ ယေဘုယျအားဖြင့် ကွင်းမြေပုံတွင် မြေကွက်များ၏ ပုံသဏ္ဍာန် ကို ကွင်းမြေပုံပေါ်တွင် ဖော်ပြပြီး မြေယာဆိုင်ရာ အချက်များ၏ သဘောကို ဖော်ပြသည့် အခြား မှတ်တမ်းများနှင့် ချိတ်ဆက်ထားကာ အဆိုပါ မြေယာဆိုင်ရာ အချက်များကို ပိုင်ဆိုင်သူ သို့မဟုတ် ထိန်းချုပ်ခွင့်ရှိသူ နှင့် မြေကွက်တန်ဖိုးနှင့် ပြင်ဆင်မှုများလည်း ပါဝင်သည်။ ကွင်းမြေပုံများကို ငွေကြေးရည်ရွယ်ချက်များ ( ဥပမာ တန်ဖိုးသတ်မှတ်ရန်နှင့် မြေယာခွန် သတ်မှတ်ရန်)၊ ဥပဒေကြောင်း ရည်ရွယ်ချက်များ၊ မြေယာနှင့် မြေယာအသုံးချမှုကို စီမံခန့်ခွဲရာတွင် အထောက်အပံ့ပြုစေရန် (ဥပမာ စီမံကိန်းရေးဆွဲခြင်းနှင့် အခြား စီမံခန့်ခွဲရေးဆိုင်ရာ ရည်ရွယ်ချက်များ) နှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှု နှင့် ပတ်ဝန်းကျင် ကာကွယ်ရေး အတွက် အသုံးပြုနိုင်စေရန် ရည်ရွယ်လုပ်ဆောင်သည်။

**Cadastral index map**: a map showing all land within a specific area, including parcel boundaries, administrative boundaries, unique parcel identifiers, roads and administrative names. A map showing all the properties that are registered in the land registry can be known as a "registry index map"

**ကွက်စိတ်မြေပုံ သို့မဟုတ် ကွင်းမြေပုံ အညွှန်းမြေပုံ** ဒေသတစ်ခုအတွင်းရှိ မြေယာများ၏ မြေကွက် နယ်နိမိတ်များ၊ စီမံခန့်ခွဲမှုဆိုင်ရာ နယ်နိမိတ်များ၊ ထူးခြားသော မြေကွက် အမှတ်အသားများ၊ လမ်းများနှင့် စီမံခန့်ခွဲမှုဆိုင်ရာ အမည်များ ဖော်ပြထားသော မြေပုံ။

မြေယာမှတ်တမ်းတွင် မှတ်ပုံတင်ထားသော မြေယာများအားလုံးကို ဖော်ပြသည့် မြေပုံကို "မှတ်တမ်းအညွှန်းမြေပုံ" ဟု ခေါ်ဆိုသည်။

**Cadastral map**: an official map showing a land parcel's boundaries, its unique parcel number and often details of the adjoining parcels and roads. Cadastral maps may also show land uses, such as buildings.

**ကွက်စိတ်မြေပုံ သို့ အခွန်တော်မြေပုံ** မြေကွက်တစ်ကွက်၏ နယ်နိမိတ်များ၊ ၎င်း၏ ကိုယ်ပိုင် အကွက်အမှတ်နှင့် တစ်ခါတစ်ရံတွင် ထိုမြေကွက်နှင့် ထိစပ်နေသော မြေကွက်များနှင့် လမ်းများ၏ အသေးစိတ်အချက်များကို ဖော်ပြသည့် တရားဝင် မြေပုံဖြစ်သည်။ ကွင်းမြေပုံပြမြေပုံတွင် အဆောက်အအုံများ ကဲ့သို့သော မြေယာအသုံးချမှုကိုလည်း ပြသနိုင်သည်။

**Cadastral surveying**: the identification, measurement and recording of land parcel boundaries and other objects.

**ကွက်စိတ်မြေပုံ သို့မဟုတ် အခွန်တော်မြေတိုင်းတာခြင်း လုပ်ငန်း** မြေကွက် နယ်နိမိတ်များနှင့် အခြားအရာများကို ဖော်ထုတ် သတ်မှတ်ခြင်း၊ တိုင်းတာခြင်းနှင့် မှတ်တမ်းတင်ခြင်း

**Certificate**: see "land certificate".

**လက်မှတ်** "မြေယာလက်မှတ်" ကို ကြည့်ပါ။

**Collective ownership**: situation in which the holders of the tenure rights are clearly defined as a collective group, whether as a group of individuals or as members of an association. The rights are owned for the benefit of the members of the group. Generally, decisions on the use of the rights are made by the collective group as a whole, sometimes by a majority vote. Members of the group can change over time, but the nature of the ownership being collective remains the same. See “common property” and “communal ownership”.

**စုပေါင်း ပိုင်ဆိုင်မှု** လုပ်ပိုင်ခွင့် အခွင့်အရေးများ ကို ရရှိထား သူများသည် လူတစ်စု သို့မဟုတ် အဖွဲ့အစည်းတစ်ခု၏ အဖွဲ့ဝင် များ ပါဝင်သည့် အစုအပေါင်းတစ်ခုမှ ပိုင်ဆိုင်သည်ဟု ရှင်းလင်း စွာ သတ်မှတ်ထားသော အနေအထား ဖြစ်ပါသည်။ လုပ်ပိုင်ခွင့် များကို အဖွဲ့ဝင်များ၏ အကျိုးစီးပွားအတွက် ပိုင်ဆိုင်သည်။

ယေဘုယျအားဖြင့် လုပ်ပိုင်ခွင့်များကို အသုံးပြုပုံဆိုင်ရာ ဆုံးဖြတ်ချက်များကို ထိုအစုအပေါင်းမှ တစ်ခါတစ်ရံတွင် ဆန္ဒမဲ ပေးသည့် စနစ်ဖြင့် စုပေါင်း လုပ်ဆောင်သည်။ အဖွဲ့ဝင်များသည် တစ်ခါတစ်ရံ ပြောင်းလဲနိုင်သော်လည်း အစုအပေါင်း၏ ပိုင်ဆိုင် မှု သဘာဝသည် မပြောင်းမလဲ ရှိမည်ဖြစ်ပါသည်။ “ဘုံပစ္စည်း” နှင့် “ဘုံပိုင်ဆိုင်မှု” တို့ကို ကြည့်ပါ။

**Common property**: tenure rights to land or other natural resource for which people, either as a group of individuals or as a more formally recognized community, have rights in common with others in the group or community. The community makes decisions about and controls the use of the common property, sometimes by a majority vote, and the community can exclude non-members from using it. See “communal ownership”.

**ဘုံပစ္စည်း** မြေယာကိုလုပ်ပိုင်ခွင့် အခွင့်အရေးများ သို့မဟုတ် အခြား သဘာဝအရင်းအမြစ် တစ်ခုခုကို အသုံးချ လုပ်ပိုင်ခွင့် ကို လူတစ်စု သို့မဟုတ် တရားဝင် အသိအမှတ်ပြုထားသော အစု အဖွဲ့ အတွင်းမှ ပါဝင်သူတိုင်းသည် အခြားအဖွဲ့ဝင်များ နည်းတူ လုပ်ပိုင်ခွင့် တူညီစွာ ရှိခြင်း။

အစုအဖွဲ့သည် အဆိုပါ ဘုံပစ္စည်းကို အသုံးပြုခြင်း ဆိုင်ရာ ဆုံးဖြတ်ချက်များနှင့် ထိန်းချုပ်မှုများကို တစ်ခါတစ်ရံတွင် ဆန္ဒ မဲကောက်ခံခြင်းဖြင့် စုပေါင်း ဆုံးဖြတ်ပြီး ဘုံပစ္စည်းကို အဖွဲ့ဝင် မှ အပ အသုံးမပြုနိုင်စေရန် လုပ်ဆောင်နိုင်သည်။ “အစုအဖွဲ့ ပိုင်ဆိုင်မှု” ကို ကြည့်ပါ။

**Common rights**: rights held in common property.

**ဘုံလုပ်ပိုင်ခွင့်များ** ဘုံပစ္စည်းအတွက် ရရှိထားသော လုပ်ပိုင်ခွင့် များ။

**Commons**: a term used to describe common property.

**ဘုံ** ဘုံပစ္စည်းကို ဖော်ပြရာတွင် သုံးသော စကားလုံး။

**Communal ownership**: ownership of tenure rights by the community as a whole. It often includes rights to pastures and forest that the whole community can exercise, but excludes private homes and fields. In communal ownership, members of the community have the right to use, but they might not have the right to transfer their right to others, or they may have very limited rights to transfer. Decisions about the communally owned rights are made by the community as a whole. A person obtains ownership of communal rights by becoming a member of the community, such as by birth or marriage. See “collective ownership” and “common property”.

**အစုအဖွဲ့ ပိုင်ဆိုင်မှု** လုပ်ပိုင်ခွင့် အခွင့်အရေးများ ကို လူမှုအစုအဖွဲ့ တစ်ခုလုံးမှ ပိုင်ဆိုင်ခြင်း။

တစ်ခါတစ်ရံတွင် စားကျက်မြေနှင့် သစ်တောများကို အစုအဖွဲ့ တစ်ခုလုံးမှ အသုံးပြုခွင့်

ပါဝင်သော်လည်း တစ်ဦးတည်းပိုင်း အိမ်များနှင့် လယ်ကွင်းများ တော့ မပါဝင်ပါ။ အစုအဖွဲ့ ပိုင်ဆိုင်မှုတွင် အစုအဖွဲ့ဝင်များသည် အသုံးပြုခွင့် ရှိသော်လည်း အဆိုပါ အသုံးပြုခွင့်ကို အခြားသူတစ် ဦးသို့ မလွှဲပြောင်းနိုင်ခြင်း သို့မဟုတ် လွှဲပြောင်းခွင့် အကန့်အသတ် တင်းကြပ်ခြင်း တို့ ဖြစ်နိုင်ပါသည်။ အစုအဖွဲ့မှ ပိုင်ဆိုင်သော လုပ်ပိုင်ခွင့်များဆိုင်ရာ ဆုံးဖြတ်ချက်များကို အစုအဖွဲ့မှ ချမှတ် သည်။ လူတစ်ဦးသည် အစုအဖွဲ့အတွင်း မွေးဖွားခြင်းမှ ဖြစ်စေ လက်ထပ်ခြင်းမှဖြစ်စေ အဖွဲ့ဝင်အဖြစ် ဝင်ရောက်လာခြင်းဖြင့် အစုအဖွဲ့ဆိုင်ရာ လုပ်ပိုင်ခွင့်များကို ရရှိနိုင်သည်။ “စုပေါင်း ပိုင်ဆိုင်မှု” နှင့် “ဘုံပစ္စည်း” တို့ကို ကြည့်ပါ။

A B **C** D E F G H I J K L M N O P Q R S T U V W X Y Z

**Compensation**: in the context of expropriation, an amount of money or another type of asset (such as land), which is equivalent in value to the land that was expropriated, that is given to the owner to cover the loss to the owner. The compensation should put the former owner in the same position as he or she was in before the expropriation occurred (as far as practicable). Compensation can sometimes be provided to those with lesser rights, such as tenants, when the property is expropriated. Also known as "just compensation" or "fair compensation". See "equivalence"

**လျော်ကြေး** မြေသိမ်းခြင်းနှင့် ဆက်စပ်ပြီး ပိုင်ရှင်၏ ဆုံးရှုံးမှု အတွက် လျော်ကြေးပေးသော သိမ်းယူလိုက်သည့် မြေနှင့် တန်ဖိုးခြင်း ညီမျှသော ငွေကြေး သို့မဟုတ် အခြား (မြေကဲ့သို့သော) ပစ္စည်း။ လျော်ကြေးသည် ပိုင်ရှင်အတွက် မြေသိမ်းယူခြင်း မခံရမီ အနေအထားကို (တတ်နိုင်သမျှ) ပြန်လည် ရရှိစေနိုင်ရမည် ဖြစ်ပါသည်။ တစ်ခါတစ်ရံတွင် သိမ်းယူလိုက်ကသော မြေ၏ မြေငှားကဲ့သို့သော လုပ်ပိုင်ခွင့် ပိုမိုနည်းသူသို့ လျော်ကြေး ပေးနိုင်ပါသည်။ "တရားနည်းလမ်းကျသော လျော်ကြေး" သို့မဟုတ် "မျှတသော လျော်ကြေး" ဟုလည်း ခေါ်ဆိုသည်။ "ညီမျှခြင်း" ကို ကြည့်ပါ။

**Compliance**: following the rules and acting in accordance with the procedures, particularly as specified in legislation or guidelines.

**လိုက်နာမှု ရှိခြင်း** ဥပဒေ သို့မဟုတ် လမ်းညွှန်ချက်များတွင် သတ်မှတ်ထားသည့်အတိုင်း ဥပဒေကို လိုက်နာခြင်းနှင့် လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်ခြင်း။

**Compulsory acquisition/purchase**: see "expropriation".

**အတင်းအကြပ် ရယူခြင်း/ ဝယ်ယူခြင်း** "သိမ်းယူခြင်း" ကို ကြည့်ပါ။

**Concession**: the right to use and occupy land that is owned by another person for a specified time, by means of a contract in association with a specific enterprise or business. The right to the land is simply one part of the overall agreement. The word is sometimes used interchangeably with "lease" and is regarded as a property right.

**မြေငှားရမ်း စီးပွားရေးလုပ်ခြင်း** တစ်ဦးတစ်ယောက်ပိုင်ဆိုင်သော မြေကို အဖွဲ့အစည်းတစ်ခု သို့မဟုတ် လုပ်ငန်းတစ်ခုဖြင့် စာချုပ်စာတမ်းချုပ်ဆိုကာ သတ်မှတ်ထားသော အချိန်ကာလ အတွင်း အသုံးချခွင့်။

မြေယာဆိုင်ရာ လုပ်ပိုင်ခွင့်မှာ သဘောတူညီချက်တစ်ခုလုံး၏ အစိတ်အပိုင်းတစ်ခုသာ ဖြစ်သည်။ ဤစကားလုံးကို "မြေငှားရမ်းခြင်း" နှင့် အလဲအလှယ် အသုံးပြုလေ့ ရှိပါသည်။

**Condominium**: a system for dividing a property into parts that are owned by two or more individuals, with a commonly owned area, and also a "condominium association" (which is a type of company) to own and manage the commonly owned area. This form of co-ownership of property is common for apartment blocks and offices, but can be used for any type of property where there is some commonly owned area. Also known as "strata title" in some legal systems.

**ကွန်ဒိုမီနီယံ** လူနှစ်ဦးနှင့်အထက်မှ ဘုံအားဖြင့် ပိုင်ဆိုင်သော မြေယာပစ္စည်းတစ်ခုကို အပိုင်းပိုင်း စိတ်ခွဲသည့် စနစ် နှင့် အဆိုပါ ဘုံပိုင်သော မြေနေရာကို ပိုင်ဆိုင် ခန့်ခွဲမည့် "ကွန်ဒိုမီနီယံ အဖွဲ့ အစည်း" (အခြား ကုမ္ပဏီအမျိုးအစားတစ်ခု)။ ဤကဲ့သို့ ပိုင်ဆိုင်မှုပစ္စည်းတစ်ခုကို ပူးတွဲပိုင်ဆိုင်ခြင်းသည် တိုက်ခန်းများနှင့် ရုံးခန်းများအတွက် အသုံးများသော်လည်း အခြား မည်သည့် ဘုံပိုင် နေရာအတွက်မဆို အသုံးပြုနိုင်ပါသည်။ အချို့သော ဥပဒေ စနစ်များတွင် "အလွှာလိုက် ပိုင်ဆိုင်မှု"ဟု ခေါ်ဆိုသည်။

**Conflicts**: disagreements where two or more parties have different views on something or want different outcomes. Conflict is very common, but usually people reach agreement or acceptance through discussions. In some cases, no agreement or acceptance is possible, and the conflict can lead to more formal disputes, such as calling in authorities to mediate or going to courts, or even through violence. See "dispute" and "grievance redress".

**ပြဿနာများ သို့မဟုတ် ပဋိပက္ခ များ** နှစ်ဦးနှင့်အထက် ပါဝင်သူများသည် အကြောင်းအရာတစ်ခုအပေါ် ကွဲပြားသော အမြင်ရှိခြင်းနှင့် မတူသော ရလဒ် ရလိုမှုအတွက် သဘောမတူညီမှု။

ပြဿနာများသည် ဖြစ်လေ့ဖြစ်ထ ရှိသော်လည်း များသောအားဖြင့် ဆွေးနွေးခြင်းဖြင့် သဘောတူညီမှု သို့မဟုတ် လက်ခံမှု ရရှိလေ့ ရှိပါသည်။ အချို့သော ကိစ္စများတွင် သဘောတူညီမှု သို့မဟုတ် လက်ခံမှု ရရှိရန် မဖြစ်နိုင်ဘဲ ပြဿနာများသည် တရားဝင် အငြင်းပွားမှုများသို့ ဦးတည်သွားကာ ထိုအခါ အာဏာပိုင်များမှ ကြားဝင်စေ့စပ်ခြင်း သို့မဟုတ် ရုံးတော်သို့ ဦးတိုက်လျှောက်ထားခြင်း သို့မဟုတ် အကြမ်းဖက်ခြင်း နည်းလမ်းများဖြင့် ဆောင်ရွက်ရန် လိုအပ်လာနိုင်ပါသည်။ "အငြင်းပွားမှု" နှင့် "နစ်နာကြေးကို တိုင်ကြားဖြေရှင်းခြင်း" ကို ကြည့်ပါ။

**Consolidation**: see "land consolidation".

**စုစည်းခြင်း** "မြေယာစုစည်းခြင်း" ကိုကြည့်ပါ။

**Consultation**: as the VGGT notes in its ten principles of implementation, consultation and participation means engaging with and seeking the support of those who, having legitimate tenure rights, could be affected by decisions, prior to decisions being taken, and then responding to their contributions. Further, it means taking into consideration existing power imbalances between different parties and ensuring active, free, effective, meaningful and informed participation of individuals and groups in associated decision-making processes.

**အကြံပေးခြင်း** VGGTမှ ၎င်း၏ အကောင်အထည်ဖော်ရေး မူဝါဒ ဆယ်ချက်တွင် မှတ်ချက်ပြုထားသည့်အတိုင်း အကြံပေးခြင်းနှင့် ပါဝင်ခြင်း ဆိုသည်မှာ ဆုံးဖြတ်ချက်များ မချမှတ်မီတွင် ဆုံးဖြတ်ချက်များမှ သက်ရောက်မှုရှိမည့် တရားဝင် တရားဝင်သော မြေယာလုပ်ပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများ ရှိသူများ၏ ထောက်ခံမှုကို ရရှိရန်

ပူးပေါင်းဆောင်ရွက်ခြင်း ဖြစ်ပြီး ၎င်းတို့၏ ပါဝင်မှုကို ပြန်လည်တုံ့ပြန်ခြင်း ဖြစ်ပါသည်။ ထို့အပြင် မတူညီသော အဖွဲ့အစည်းများအကြား လက်ရှိရှိနေသည့် အာဏာမညီမျှချက်ကို ထည့်သွင်းစဉ်းစားပြီး လူတစ်ဦးချင်းနှင့် အဖွဲ့များမှ ပူးပေါင်း ဆုံးဖြတ်ချက်ချခြင်း လမ်းစဉ်တွင် တက်တက်ကြွကြွ၊ လွတ်လွတ်လပ်လပ်၊ အကျိုးရှိရှိ၊ အဓိပ္ပာယ်ရှိရှိနှင့် အချက်အလက်အပြည့်အစုံဖြင့် ပါဝင်လာစေရန် ဖြစ်ပါသည်။

**Conservation area**: a location where certain rules limit what can be done or even completely exclude any activity, so that the place can be protected and preserved. Sometimes known as "protected area".

**ထိန်းသိမ်းထားသော ဧရိယာ** နေရာတစ်ခုကို ကာကွယ်ရန်နှင့် ထိန်းသိမ်းရန်အတွက် အဆိုပါ နေရာအတွင်း လုပ်ကိုင်နေသော လုပ်ငန်းများကို ကန့်သတ်ခြင်း သို့မဟုတ် ခွင့်မပြုခြင်း ပြုလုပ်ထားသည့် နေရာ။

တစ်ခါတစ်ရံတွင် "ကာကွယ်ထားသော ဧရိယာ" ဟုလည်း ခေါ်ဆိုသည်။

**Conservation management**: land management that has a special focus on protecting and safeguarding natural resources.

**ထိန်းသိမ်း စောင့်ရှောက်ရေး ဆိုင်ရာ စီမံခန့်ခွဲမှု** သဘာဝအရင်းအမြစ်များကို ကာကွယ်ရန်နှင့် စောင့်ရှောက်ရန် အထူးဦးတည်သည့် မြေယာ စီမံခန့်ခွဲမှု

A B C D E F G H I J K L M N O P Q R S T U V W X Y Z

**Convention site**: an area that is identified and designated as the site in accordance with the rules of an international convention, and where activities are restricted or prohibited in accordance with the objective of the convention. See "conservation area".

**သဘောတူညီထားသော နေရာ** နိုင်ငံတကာ ညီလာခံတစ်ခု၏ စည်းမျဉ်းများနှင့်အညီ နေရာအဖြစ် ဖော်ထုတ် သတ်မှတ်ထားသော နေရာ ဖြစ်ပြီး အဆိုပါ နေရာအတွင်း လုပ်ကိုင်နိုင်သည့် လုပ်ငန်းများကို ညီလာခံ၏ ရည်ရွယ်ချက်နှင့်အညီ ကန့်သန့် သို့မဟုတ် တားမြစ်ထားသည်။ "ထိန်းသိမ်းထားသော ဧရိယာ" ကို ကြည့်ပါ။

**Co-ownership**: where two or more people own a property together, with each person having the right to use the property without restrictions. A co-owner can usually sell his or her share without the other co-owner's agreement, and a co-owner can leave his or her share by inheritance to another person. See "joint ownership".

**ပူးတွဲ ပိုင်ဆိုင်မှု** ပစ္စည်းတစ်ခုကို နှစ်ဦးနှင့် အထက် ပိုင်ဆိုင်ပြီး ပိုင်ဆိုင်သူ တစ်ဦးချင်းသည် အဆိုပါ ပစ္စည်းကို အကန့်အသတ်မရှိ အသုံးပြုခွင့် ရှိခြင်း။

ပူးတွဲပိုင်ဆိုင်သူ တစ်ဦးသည် ၎င်းပိုင်ဆိုင်သည့်အပိုင်းကို အခြား ပူးတွဲပိုင်ဆိုင်သူ၏ သဘောတူညီချက် မပါဘဲ ရောင်းချနိုင်လေ့ ရှိပြီး ပူးတွဲပိုင်ဆိုင်သူသည် ၎င်းပိုင်ဆိုင်သည့် အပိုင်းကို အခြား သူတစ်ဦးသို့ အမွေပေးနိုင်သည်။ "ပူးတွဲချိတ်ဆက် ပိုင်ဆိုင်မှု" ကို ကြည့်ပါ။

**Custom**: custom results from practice from long time past. Customs are created by the people and their ancestors doing something in a particular way over a long period of time and on a regular or routine basis.

**ဓလေ့ထုံးတမ်း အစဉ်အလာ** ရှေးယခင်ထဲက ကျင့်သုံးလာသော ဓလေ့ထုံးတမ်း အစဉ်အလာများ။ ဓလေ့ထုံးစံများမှာ အလုပ်တစ်ခုကို ပုံစံတစ်မျိုးဖြင့် လူများနှင့် ၎င်းတို့၏ ဘိုးဘေးများမှ အချိန်ကာလ ရှည်လျားစွာ ပုံမှန် သို့မဟုတ် အလှည့်ချ သဘောဖြင့် လုပ်ဆောင်ခြင်းကြောင့် ဖြစ်ပေါ်လာသည်။

**Customary law**: the rules that have developed over time in a group or society. Customary law is often not recorded, but it is accepted and followed by the group or society. Some legal systems incorporate customary law into the formal legal system, particularly in court proceedings.

**ဓလေ့ထုံးတမ်းဆိုင်ရာ ဥပဒေ** အုပ်စုတစ်စုအတွင်း သို့မဟုတ် လူမှုအဖွဲ့အစည်းတစ်ခုအတွင်း ကြာရှည်သော ကာလအတွင်း ဖြစ်ပေါ်လာသော စည်းမျဉ်းများ။ ဓလေ့ထုံးတမ်းဆိုင်ရာ ဥပဒေများကို မှတ်တမ်းတင် ရေးသားထားလေ့ မရှိသော်လည်း အုပ်စုမှ သို့မဟုတ် လူမှုအဖွဲ့အစည်းမှ လက်ခံ ကျင့်သုံးသည်။ အချို့သော ဥပဒေစနစ်များတွင် ဓလေ့ထုံးတမ်းဆိုင်ရာ ဥပဒေများကို များသောအားဖြင့် တရားရုံး ဆုံးဖြတ်ချက်များဖြင့် တရားဝင် ဥပဒေအဖြစ် ထည့်သွင်းသည်။

**Customary tenure**: Local rules, institutions and practices governing land, fisheries and forests that have, over time and use, gained social legitimacy and become embedded in the fabric of a society. Although customary rules are not often written down, they may enjoy widespread social sanction and may be generally adhered to by members of a local population. See "tenure".

**ဓလေ့ထုံးတမ်းဆိုင်ရာမြေယာလုပ်ပိုင်ခွင့်။** ဒေသခံပြည်သူများမှ အသိအမှတ်ပြုချမှတ်ထားသည့် မြေယာ၊ သားငါးလုပ်ငန်းနှင့် သစ်တောကဏ္ဍ စီမံအုပ်ချုပ်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ အဖွဲ့အစည်းများနှင့် အလေ့အထများသည် အသုံးပြုမှုအချိန်ကြာလာသည်နှင့်အမျှ လူမှုရေးအရ တရားဝင် အသိအမှတ်ပြုခံလာရပြီး၊ လူအဖွဲ့အစည်းအတွင်း လူမှုအသိုင်းအဝိုင်းနှင့် တသားတည်းဖြစ်လာပါသည်။ ဓလေ့ထုံးတမ်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို အများအားဖြင့် စာဖြင့်ရေးသားမှတ်တမ်းတင်ထားလေ့မရှိသော်လည်း လူမှုအသိုင်းအဝိုင်းတွင် ကျယ် ကျယ်ပြန့်ပြန့် လက်ခံကျင့်သုံးကြပြီး၊ ဒေသခံပြည်သူများနှင့် ဌာနေတိုင်းရင်းသားများမှ လိုက်နာကျင့်သုံးကာ ထိန်းသိမ်းလာခြင်းဖြစ်ပါသည်။

**Customary tenure system**: the system that support customary tenure. Customary tenure systems are extremely diverse, reflecting different ecosystems, economies, cultures and social relations. However, they tend to embed tenure rights in social relationships and to place considerable emphasis on collective or communal rights, vesting tenure rights with often multiple, overlapping and, therefore, "nested" social units (i.e. individual rights within households, households within kinship networks, kinship networks within wider communities). Customary tenure systems may be associated with indigenous systems of cultivation, but also pastoral resource use, communal forests and sacred or burial sites. See "tenure" and "tenure system".

**ဓလေ့ထုံးတမ်းအရ မြေယာလုပ်ပိုင်ခွင့်စနစ် သို့မဟုတ် ဓလေ့ထုံးတမ်းအရ မြေယာလုပ်ပိုင်ခွင့်ကို ထောက်ပံ့ပေးသည့် စနစ်။**

ဓလေ့ထုံးတမ်းအရ မြေယာလုပ်ပိုင်ခွင့်စနစ်များမှာ အလွန်ကျယ်ပြန့်ပြီး မတူသော ဂေဟစနစ်များ၊ စီးပွားရေးစနစ်များ၊ ယဉ်ကျေးမှုနှင့် လူမှုရေး ဆက်နွယ်ချက်များပေါ် မူတည်ပါသည်။ သို့ရာတွင် မြေယာလုပ်ပိုင်ခွင့်များကို လူမှုရေး ဆက်နွယ်မှုများတွင် ထည့်သွင်းပြီး မြေယာလုပ်ပိုင်ခွင့်များကို တစ်ခါတစ်ရံ များစွာသော ထပ်နေသော "စုပေါင်းထားသော" လူမှုရေး အစုများတွင် (တစ်ဦးချင်း လုပ်ပိုင်ခွင့်ကို အိမ်ထောင်စု လုပ်ပိုင်ခွင့်နှင့်၊ အိမ်ထောင်စု လုပ်ပိုင်ခွင့်ကို ဆွေမျိုး အသိုင်းအဝိုင်းနှင့်၊ ဆွေမျိုးအသိုင်းအဝိုင်း လုပ်ပိုင်ခွင့်ကို ပိုမိုကျယ်ပြန့်သော အစုအဖွဲ့များနှင့်) ယုံကြည်အပ်နှံပြီး အစုအဖွဲ့၏ လုပ်ပိုင်ခွင့်ကို အထူးအလေးပေးလိုလေ့ ရှိသည်။ ဓလေ့ထုံးတမ်းအရ မြေယာလုပ်ပိုင်ခွင့် စနစ်သည် စိုက်ပျိုးရေးဆိုင်ရာ ဌာနေ တိုင်းရင်းသားစနစ်များနှင့် မွေးမြူရေး ရင်းမြစ်များ အသုံးပြုမှု၊ အစုအဖွဲ့မှ ပိုင်ဆိုင်သော တောအုပ်များနှင့် ဘာသာရေးဆိုင်ရာ သို့မဟုတ် သင်္ချိုင်းမြေတို့နှင့် ဆက်စပ်နေသည်။ "မြေယာလုပ်ပိုင်ခွင့်" နှင့် "မြေယာလုပ်ပိုင်ခွင့် စနစ်" ကို ကြည့်ပါ။

A B C D E F G H I J K L M N O P Q R S T U V W X Y Z

# D

**Deed**: a document that has a legal effect when signed, such as a transfer of land, lease or mortgage.

**စာချုပ်စာတမ်း** မြေနေရာတစ်ခုကို လွှဲပြောင်းခြင်း၊ ငှားရမ်းခြင်း သို့ ပေါင်နှံခြင်းကဲ့သို့သော ကိစ္စများတွင် လက်မှတ်ထိုးပြီးပါက ဥပဒေအရ အသက်ဝင်သော စာရွက်စာတမ်း

**Deeds registry**: a government run office at which deeds can be officially recorded. Often, a copy of the deed is kept at the deeds registry, and an indexing system allows anyone to find a deed in relation to a particular seller, buyer or (sometimes) property.

**မြေရောင်းစာချုပ် မှတ်တမ်းရုံး** မြေရောင်းစာချုပ်များကို တရားဝင် မှတ်တမ်းတင်ထားနိုင်မည့် အစိုးရရုံး။

များသောအားဖြင့် စာချုပ်မိတ္တူတစ်စောင်ကို စာချုပ်မှတ်တမ်းရုံးတွင် သိမ်းဆည်းထားပြီး ရောင်းသူ၊ ဝယ်သူ သို့မဟုတ် ( တစ်ခါတစ်ရံ) ပစ္စည်းအမျိုးအစားအလိုက် ၎င်းနှင့် သက်ဆိုင်သော စာချုပ်များကို မည်သူမဆို ရှာဖွေနိုင်ရန် အညွှန်းစနစ်ဖြင့် သိမ်းဆည်းထားလေ့ ရှိသည်။

**De facto rights**: rights that exist in reality or "on the ground" but do not follow the requirements specified in laws. They may be different from de jure rights.

**လက်တွေ့ လုပ်ပိုင်ခွင့်** ဥပဒေတွင် သတ်မှတ်ထားသည့် လိုအပ်များကို မလိုက်နာသော်လည်း လက်တွေ့တွင် သို့မဟုတ် "တကယ့်လက်တွေ့တွင်" လုပ်ပိုင်ခွင့် ရှိခြင်း။

၎င်းသည် ဥပဒေအရ လုပ်ပိုင်ခွင့် ရှိခြင်း နှင့် ကွာခြားနိုင်ပါသည်။

**De jure rights**: rights that exist because of formal law, which may be different from de facto rights.

**ဥပဒေအရ လုပ်ပိုင်ခွင့်** ဥပဒေအရ လုပ်ပိုင်ခွင့် ရှိခြင်း၊ လက်တွေ့ လုပ်ပိုင်ခွင့်ရှိခြင်းနှင့် ကွာခြားနိုင်ပါသည်။

**Demarcation**: the marking-out of the boundaries of a land parcel or other object on the ground.

**နယ်နိမိတ် ရေးဆွဲ သတ်မှတ်ခြင်း** မြေကွက် သို့မဟုတ် မြေပေါ်ရှိ အခြား အရာဝတ္ထုများ၏ နယ်နိမိတ်ကို ရေးဆွဲခြင်း။

**Demarcation map**: a map prepared to show the parcels of land as determined during the process of adjudication. See "adjudication".

**နယ်နိမိတ်မြေပုံ** အငြင်းပွားမှု ဖြေရှင်းခြင်း လမ်းစဉ်အတွင်း ဆုံးဖြတ်လိုက်သော မြေကွက်နေရာများကို ပြသရန် ရေးဆွဲထားသော မြေပုံ။ "အငြင်းပွားမှု ဖြေရှင်းခြင်း" ကို ကြည့်ပါ

**Digital mapping**: the processes of acquiring (capturing), transforming and presenting spatial data in digital form. Also known as automated cartography or computer-assisted cartography.

**ဒစ်ဂျစ်တယ် မြေပုံရေးဆွဲခြင်း** အကွာအဝေး အချက်အလက်များကို ဒစ်ဂျစ်တယ် စနစ်ဖြင့် ရယူခြင်း၊ ပုံစံပြောင်းခြင်းနှင့် ဖော်ပြခြင်း။

အလိုအလျောက် မြေပုံရေးဆွဲခြင်း သို့မဟုတ် ကွန်ပျူတာ အကူအညီဖြင့် မြေပုံရေးဆွဲခြင်း ဟုလည်း ခေါ်သည်။

**Digitizing**: the process of converting analogue data such as graphic maps or paper documents into digital form, which often includes the capture of metadata about the maps or documents, such as the names, type of document, date and land parcel identifiers. Also sometimes referred to as "digitalizing".

**ဒစ်ဂျစ်တယ်စနစ်ပြောင်းခြင်း** မြေပုံများ၊ စာရွက်ပေါ်တွင် မှတ်သားထားသော စာရွက်စာတမ်းများကဲ့သို့သော အနာလော့အချက်အလက်များကို ပြောင်းလဲခြင်း လုပ်ငန်းစဉ်၊ များသောအားဖြင့် အမည်များ၊ စာရွတ်စာတမ်း အမျိုးအစား၊ နေ့စွဲနှင့် မြေကွက်အမှတ်များ စသည့် မြေပုံနှင့် စာရွက်စာတမ်းများ၏ အခြေခံအချက်များကို ဖတ်ယူခြင်း လုပ်ငန်း ပါဝင်သည်။ တစ်ခါတစ်ရံတွင် "ဒစ်ဂျစ်တယ်လိုက်ဇင်း" ဟုလည်း ခေါ်ဆိုသည်။

**Disaster copy**: a copy of the record that is kept in a secure location in case the main record is damaged or destroyed, for example by flood, fire or even theft. Also known as “disaster recovery copy” or “back up copy”.

**အရေးပေါ်အခြေအနေအတွက် မိတ္တူ** ဥပမာ ရေကြီးခြင်း၊ မီးလောင်ခြင်း၊ ခိုးယူခံရခြင်းတို့ကြောင့် ပင်မ မှတ်တမ်းများ ပျက်စီး သို့မဟုတ် ဖျက်စီး ခံရပါက အသုံးပြုနိုင်ရန် လုံခြုံသော နေရာတွင် သိမ်းဆည်းထားသော မှတ်တမ်းမိတ္တူ။

“သဘာဝဘေးအန္တရာယ်အတွက် ပြန်လည်ဆယ်ယူနိုင်သော မိတ္တူ” သို့မဟုတ် “အပိုသိမ်းဆည်းထားသော မိတ္တူ” ဟုလည်း ခေါ်ဆိုသည်။

**Dispute**: disagreement between two or more people, in relation to anything, including tenure rights. The law courts are often full of cases of tenure disputes, such as conflicts over contracts to buy or sell, boundary disputes, disputes between landlords and tenants, claims for inheritance, disputes over pollution or infringements by one neighbour over another’s land, stealing the produce of the land or fishery or forest, and many others. People can also have disputes about what their rights really allow them to do, such as what their right of way (a type of easement) allows, or how high can they build, or what does the mortgage really mean in practice, particularly in cases of foreclosure. See “conflict” and “foreclosure”.

**အငြင်းပွားမှု** မြေငှားရမ်းအသုံးပြုမှု ဆိုင်ရာ လုပ်ပိုင်ခွင့်များ အပါအဝင် မည်သည့်ကိစ္စနှင့်မဆို ဆက်စပ်ပြီး လူနှစ်ဦးနှင့် အထက်အကြား သဘောထားကွဲလွဲမှု။ တရားရုံးများတွင် ဝယ်ယူရန် ရောင်းချရန် စာချုပ်များအကြား ပြဿနာများ၊ နယ်နိမိတ် အငြင်းပွားမှုများ၊ မြေရှင်နှင့် မြေငှားအကြား အငြင်းပွားမှုများ၊ အမွေရလိုမှု လျှောက်ထားချက်များ၊ အိမ်နီးချင်းတစ်ဦးမှ အခြား တစ်ဦးအပေါ် ညစ်ညမ်းစေမှုများ သို့မဟုတ် လွန်ကျူးချက် များအတွက် အငြင်းပွားမှုများ၊ မြေ သို့မဟုတ် ငါးဖမ်းခွင့်နေရာ သို့မဟုတ် တောအုပ်အတွင်းမှ ထွက်ကုန်များကို ခိုးယူခြင်း၊ နှင့် အခြား များစွာသော မြေငှားရမ်းအသုံးပြုမှုဆိုင်ရာ အငြင်းပွား မှုများနှင့် ပြည့်နေလေ့ ရှိပါသည်။ဥပမာ မည်သို့သော အခြားသူ ပိုင်မြေပေါ် အထူးအကျိုးခံစားခွင့် ရရှိနိုင်မည်၊ သို့မဟုတ် မည် သည့်အမြင့်ထိ ဆောက်လုပ်နိုင်သည်၊ သို့မဟုတ် အထူးသဖြင့် အပေါင်ဆုံး သိမ်းယူခြင်းတွင် အိမ်ပေါင်ခံထားခြင်းသည် လက်တွေ့တွင် မည်သည့်အဓိပ္ပါယ်ရှိသည် စသည့် မိမိတို့ရရှိထား သော လုပ်ပိုင်ခွင့်များမှ မည်သည့်လုပ်ရပ်များကို ခွင့်ပြုသည် ဆိုသည်ကိုလည်း အငြင်းပွားလေ့ ရှိကြပါသည်။ “ပြဿနာ” နှင့် “အပေါင်ဆုံး သိမ်းယူခြင်း” ကို ကြည့်ပါ။

**Dispute resolution**: the process of reaching an outcome over a dispute between people, groups or institutions, either through a negotiated agreement or by means of a third party’s decision that is accepted by or imposed on the parties to the dispute. Dispute resolution processes range from informal, assisted negotiations, through more formal and structured arrangements, such as mediation and arbitration, to the formal court system.

**အငြင်းပွားမှု ဖြေရှင်းခြင်း** အငြင်းပွားမှု ဖြစ်ပေါ်နေသည့်အဖွဲ့ များ အားလုံးမှ လက်ခံ သဘောတူသည့် တတိယအဖွဲ့အစည်း၏ ဆုံးဖြတ်ချက်အားဖြင့် လူပုဂ္ဂိုလ်များအကြား၊ အုပ်စုများ အကြား သို့မဟုတ် အဖွဲ့အစည်းများအကြား အငြင်းပွားမှုမှ ရလဒ်ထွက် လာစေရန် လုပ်ဆောင်သည့် လုပ်ငန်းစဉ်။

အငြင်းပွားမှု ဖြေရှင်းခြင်းတွင် အချင်းချင်းကြား အကူအညီဖြင့် ညှိနှိုင်းခြင်း၊ ထောက်ပံ့ညှိနှိုင်းခြင်း၊ ကြားဝင် ညှိနှိုင်းခြင်းနှင့် ခုံသမာဓိနည်းဖြင့် ဖြေရှင်းခြင်း ကဲ့သို့သော ပိုမို တရားဝင်ပြီး စနစ်ကျသည့်

နည်းလမ်းများနှင့် ရုံးတော်သို့ ဦးတိုက်လျှောက်ထားခြင်း စသည်ဖြင့် နည်းအမျိုးမျိုး ရှိပါသည်။

**Due process**: following the requirements set out in the laws regarding how something must be done. Due process usually includes procedural requirements, such as notice, time limits, appeal rights and the obligation to give written reasons for a decision of an official or judge.

**လိုက်နာရမည့် လုပ်ငန်းစဉ်** တစ်စုံတစ်ခုကို လုပ်ဆောင်ရမည့် နည်းလမ်းနှင့် ပတ်သက်ပြီး ဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လိုက်နာဆောင်ရွက်ခြင်း။

လိုက်နာရမည့် လုပ်ငန်းစဉ်တွင် များသောအားဖြင့် နို့တစ်စာ၊ အချိန်ကန့်သတ်ချက်များ၊ အယူခံဝင်ခွင့်နှင့် အရာရှိ သို့မဟုတ် တရားသူကြီး၏ ဆုံးဖြတ်ချက်အတွက် အကြောင်းပြချက် များကို ရေးသား အကြောင်းကြားရမည့် တာဝန် စသည့် လုပ်ထုံးလုပ်နည်းဆိုင်ရာ လိုအပ်ချက်များ ပါဝင်လေ့ ရှိသည်။

A B C D E F G H I J K L M N O P Q R S T U V W X Y Z

A B C D E F G H I J K L M N O P Q R S T U V W X Y Z

**Easement**: a right to do something on another person's land on a temporary basis, such as to walk or drive across the land. Known as "servitude" in many legal systems, particularly civil law systems.

**အခြားသူပိုင်မြေပေါ်အထူးအကျိုးခံစားခွင့်** အခြားသူတစ်ဦး ပိုင်ဆိုင်သော မြေပေါ်တွင် ဖြတ်သန်းသွားလာခွင့် သို့မဟုတ် ကားဖြင့် ဖြတ်မောင်းပိုင်ခွင့်ကဲ့သို့သော ယာယီ အသုံးပြုခွင့်

အဓိကအားဖြင့် တရားမဥပဒေ စနစ်များအပါအဝင် ဥပဒေစနစ် အများစုတွင် " ပိုင်ရှင်မဟုတ်ဘဲရရှိသည့်အကျိုးခံစားခွင့်များ " ဟု ခေါ်သည်။

**Eminent domain**: in the United States of America and some other countries, the right of the government to take private property for public use, usually accompanied by the payment of just compensation to the property owner. See "expropriation".

**အရေးပါသော နေရာ** အမေရိကန်နိုင်ငံနှင့် အခြားနိုင်ငံအချို့တွင် ပုဂ္ဂလိကပိုင် ပစ္စည်းကို အများပြည်သူအသုံးပြုရန်အတွက် မျှတသော လျှော်ကြေးပေးပြီး သိမ်းယူခြင်း။ "သိမ်းယူခြင်း" ကို ကြည့်ပါ။

**Encroachment**: unauthorized intrusion onto the land of another person, often of a permanent or semi-permanent nature, such as erecting a fence or building on a neighbour's land or planting crops on that land. See also "squatting".

**နယ်ကျော် ဝင်ရောက်ခြင်း** အခြားသူ တစ်ဦး ပိုင်ဆိုင်သော မြေပေါ်သို့ ခြံစည်းရိုး ခတ်ခြင်း သို့မဟုတ် အိမ်နီးချင်း၏ မြေပေါ်တွင် အဆောက်အဦး တည်ဆောက်ခြင်း သို့မဟုတ် သစ်ပင် စိုက်ပျိုးခြင်း တို့ကဲ့သို့သော အမြဲတည်တံ့ သို့မဟုတ် ကြာရှည်တည်တံ့သည့် သဘောရှိသည့် နယ်ကျော် ကျူးခြင်း။

"ကျူးကျော်နေထိုင်ခြင်း" ကိုလည်း ကြည့်ပါ။

**Enforcement (of decisions or orders)**: a process by which the decision or order made by an authority is implemented. Often, enforcement refers to implementation of court orders, which generally involves a court appointed official taking physical action to ensure that the parties follow the order and if they do not, then the official carries out the action. Removal of a person or group from a specific place or property is one form of enforcement and it sometimes involves the police in assisting the court official.

**(ဆုံးဖြတ်ချက်များ သို့မဟုတ် အမိန့်များ ကို) အာဏာတည်စေခြင်း** အာဏာပိုင်မှ ချမှတ်သော ဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ကို အကောင်အထောည်ဖော်သည့် လုပ်ငန်းစဉ်။

များသောအားဖြင့် အာဏာတည်စေခြင်းဆိုသည်မှာ တရားရုံး၏ အမိန့်ကို အကောင်အထည်ဖော်ခြင်းကို ရည်ညွှန်းလေ့ ရှိပြီး တရားရုံးမှ ခန့်အပ်သော အရာရှိမှ ပါဝင်သူများကို အမိန့်ကို လိုက်နာစေရန် ဆောင်ရွက်ရမည် ဖြစ်ပြီး မလိုက်နာပါက အရာရှိမှ အကောင်အထည်ဖော်ရန် လုပ်ငန်း ပါဝင်သည်။ လူတစ်ဦး သို့မဟုတ် အဖွဲ့တစ်ဖွဲ့ကို နေရာတစ်ခု သို့မဟုတ် ပိုင်ဆိုင်ပစ္စည်း တစ်ခုပေါ်မှ ဖယ်ရှားခြင်းသည် အာဏာတည်စေခြင်း လုပ်ငန်းပုံစံ တစ်မျိုးဖြစ်ပြီး တစ်ခါတစ်ရံတွင် တရားရုံးအမိန့်ကို ထောက်ပံ့ရန် ရဲများလည်း ပါဝင်လာလေ့ ရှိသည်။

**Equivalence**: something with the same or similar characteristics (or value) as something else, such as money or a property that is provided as compensation for a property that is taken away (such as by expropriation). It is the right to be, so far as money or another property can do it, in the same position as if the land had not been taken.

**ညီမျှခြင်း** အခြားပစ္စည်းတစ်ခုနှင့် သဘောတရားအားဖြင့် ( သို့မဟုတ် တန်ဖိုးအားဖြင့်) ထပ်တူ သို့မဟုတ် ဆင်တူသော တစ်စုံတစ်ရာ၊ ယူလိုက်သော (သိမ်းယူခြင်းကဲ့သို့သော) ပစ္စည်း အတွက် လျော်ကြေးအနေဖြင့် ပေးသော ငွေ သို့မဟုတ် ပစ္စည်း။

ငွေ သို့မဟုတ် အခြားပစ္စည်းကို ရရှိခြင်းကြောင့် မြေသိမ်းယူခြင်း မခံရသကဲ့သို့ ဖြစ်စေရမည်။

**Evaluate**: to assess a result or information against a standard, and to determine if it falls below, meets or exceeds the standard. Evaluation sometimes includes an explanation as to why the result fell below, met or exceeded the standard. See "monitor".

**အကဲဖြတ်သည်** ရလဒ်တစ်ခုသည် စံနှုန်းတစ်ခုထက် နိမ့်ကျသလော၊ ကိုက်ညီသလော၊ ကျော်လွန်သလော ဆိုသည်ကို သတ်မှတ်နိုင်ရန် စံနှုန်းနှင့် တိုက်ဆိုင် အကဲဖြတ်ခြင်း၊

အကဲဖြတ်ခြင်းတွင် ရလဒ်သည် မည်သည့်အကြောင်းကြောင့် စံနှုန်းထက် နိမ့်ကျရသည်၊ ကိုက်ညီရသည် သို့မဟုတ် ကျော်လွန်ရသည်ကို ရှင်းပြခြင်းလည်း ပါဝင်တတ်သည်။ "စောင့်ကြည့်သည်" ကို ကြည့်ပါ။

**Eviction**: the removal, often by force, of someone from their occupation of land or home.

**နှင်ထုတ်ခြင်း** တစ်စုံတစ်ဦးကို ၎င်းနေထိုင်ရာ မြေ သို့မဟုတ် အိမ်မှ (တစ်ခါတစ်ရံ  အင်အားသုံး ဖယ်ရှားခြင်း

**Expropriation**: the compulsory deprivation or taking away of an owner's rights to land by the State. Common justifications for the expropriation of land include the need for public infrastructure, such as roads and railways, for easements for power cables and pipelines, and for hospitals, schools and public housing. Expropriation may also form a part of land reallocation programme. The processes of expropriation, which is also known as compulsory acquisition, vary from country to country, but they usually include obligations and timetables for the procedures, such as giving notices.

In most countries, there is a constitutional guarantee that where property is expropriated, then the deprived owner will receive compensation. Other people with interests in the property, such as tenants, can also be compensated. The legislation will often include rules on the basis for setting compensation for the loss of the owner expropriated. Expropriation differs from nationalization because it is usually specific to a land parcel in a particular location, rather than all the land parcels owned by a person anywhere in the country. See "equivalence", "just compensation", "land reallocation" and also "nationalization".

**သိမ်းယူခြင်း** မြေပိုင်ရှင်၏ မြေနှင့်ဆိုင်သော လုပ်ပိုင်ခွင့်များကို နိုင်ငံတော်မှ အတင်းအကြပ် သိမ်းယူခြင်း။

သိမ်းယူခြင်း ပြုလုပ်ရန် ပေးလေ့ရှိသော အကြောင်းပြချက်များမှာ လမ်းများ နှင့် မီးရထားလမ်းများ၊ ဓါတ်အားလိုင်းများ နှင့် ပိုက်လိုင်းများ ဖြတ်သန်း သွယ်တန်းနိုင်ရန်၊ နှင့် ဆေးရုံများ ၊ ကျောင်းများ နှင့် အများပြည်သူဆိုင်ရာ အိမ်ရာများ ကဲ့သို့သော အများပြည်သူအသုံးပြုနိုင်မည့် အခြေခံအဆောက်အအုံများ ဆောက်လုပ်ရန်ဟု ဖြစ်လေ့ ရှိပါသည်။ သိမ်းယူခြင်းသည် မြေနေရာ ပြန်လည် နေရာချထားခြင်း အစီအစဉ်၏ တစ်စိတ်တစ်ပိုင်းလည်း ဖြစ်နိုင်ပါသည်။ အတင်းအကြပ် ရယူခြင်းဟုလည်း ခေါ်ဆိုသည့် သိမ်းယူခြင်း လုပ်ငန်းစဉ်များသည် တစ်နိုင်ငံနှင့် တစ်နိုင်ငံ မတူညီသော်လည်း နို့တစ်စာ ထုတ်ခြင်း ကဲ့သို့သော တာဝန်နှင့် လုပ်ငန်းစဉ် အချိန်ဇယားများ ပါဝင်လေ့ ရှိပါသည်။

နိုင်ငံအများစုတွင် ပစ္စည်းကို သိမ်းယူပါက သက်ဆိုင်ရာ ပိုင်ရှင်အား လျော်ကြေးပေးမည်ဟု အခြေခံဥပဒေတွင် အသေအချာ ဖော်ပြထားလေ့ ရှိပါသည်။ မြေငှားကဲ့သို့သော အဆိုပါ ပစ္စည်းနှင့် ဆက်စပ်သက်ဆိုင်သောသူများအတွက်လည်း လျော်ကြေး ပေးနိုင်ပါသည်။ သိမ်းယူခံရသည့် ပိုင်ရှင်၏ ဆုံးရှုံးမှုအတွက် လျော်ကြေးသတ်မှတ်ရန် အခြေခံအချက် စည်းမျဉ်းများကို ဥပဒေတွင်  ပြဋ္ဌာန်းထားလေ့ ရှိပါသည်။ သိမ်းယူခြင်းသည် တစ်နိုင်ငံလုံးရှိ လူတစ်ဦးပိုင်ဆိုင်သမျှ မြေကွက်များကို သိမ်းယူခြင်းမဟုတ်ဘဲ နေရာတစ်နေရာရှိ မြေကွက်များကိုသာ သိမ်းယူခြင်း ဖြစ်သဖြင့် နိုင်ငံပိုင်သိမ်းခြင်းနှင့် ကွာခြားပါသည်။ "ညီမျှခြင်း" "မျှတသော လျော်ကြေး" "မြေယာ ပြန်လည် နေရာချထားခြင်း " နှင့် "နိုင်ငံပိုင်သိမ်းခြင်း" တို့ကို ကြည့်ပါ။

# F

**First registration**: the process of investigating ownership and other rights, and locating the boundaries of land, which leads to the creation of a written (or digital) record in a government run record keeping system. First registration can be conducted by means of "sporadic registration" or "systematic registration". See also "adjudication of title".

**ကနဦး မှတ်ပုံတင်ခြင်း** ပိုင်ဆိုင်မှုနှင့် အခြား လုပ်ပိုင်ခွင့်များကို စုံစမ်းခြင်းနှင့် မြေနယ်နိမိတ်များကို သတ်မှတ်ခြင်း အားဖြင့် အစိုးရ၏ မှတ်တမ်းတင်စနစ်တွင် ရေးသားပြီး (သို့မဟုတ် ဒစ်ဂျစ်တယ်စနစ်ဖြင့်) မှတ်တမ်းအဖြစ် ဖန်တီးခြင်း ဖြစ်ပေါ်သည့် လုပ်ငန်းစဉ်။ ကနဦး မှတ်ပုံတင်ခြင်းကို "တစ်ခါတစ်ရံ မှတ်ပုံတင်ခြင်း" သို့မဟုတ် "စနစ်တကျ မှတ်ပုံတင်ခြင်း" နည်းများဖြင့် ပြုလုပ်နိုင်ပါသည်။ "အမည်ပေါက် အငြင်းပွားမှု ဖြေရှင်းခြင်း" ကိုလည်း ကြည့်ပါ။

**Fixed boundary**: the legal boundary of a property where the precise position or location has been agreed and recorded in accordance with the rules and standards defined in law (and/or regulations). A fixed boundary is usually defined by special marks or markers placed by a surveyor when the surveyor establishes the boundary, except where natural or artificial features are adopted. Natural or artificial features can include corners of buildings, fence posts, banks of rivers, etc. See also "general boundary".

**ပုံသေ နယ်နိမိတ်** မြေပစ္စည်းတစ်ခု၏ တည်နေရာ အတည်အကျကို ဥပဒေတွင် (နှင့်/သို့ စည်းကမ်းများအတိုင်း) ပြဋ္ဌာန်းထားသည့် စည်းမျဉ်းစည်းကမ်းများအတိုင်း သဘောတူပြီး မှတ်တမ်းတင်ထားသည့် တရားဝင် နယ်နိမိတ်။

ပုံသေနယ်နိမိတ်ကို သဘာဝပစ္စည်းများ သို့မဟုတ် လူလုပ်ပစ္စည်းများကို အသုံးပြုသည့် ကိစ္စများမှ လွဲပြီး များသောအားဖြင့် အထူး အမှတ်အသားများ သို့မဟုတ် နယ်နိမိတ်ကို သတ်မှတ်သည့်အချိန်တွင် တိုင်းတာသူများမှ ထားရှိခဲ့သော အမှတ်အသားများကို အသုံးပြုသည်။ သဘာဝပစ္စည်းများ သို့မဟုတ် လူလုပ်ပစ္စည်းများကို အဆောက်အဦများ၏ ထောင့်များ၊ ခြံစည်းရိုးတိုင်များ၊ မြစ်ကမ်းပါးများ စသည်တို့အတွက် ထည့်သွင်းနိုင်သည်။ "ယေဘုယျ နယ်နိမိတ်" ကိုလည်း ကြည့်ပါ။

**Forced eviction**: see "eviction".

**အတင်းအကြပ် နှင်ထုတ်ခြင်း** "နှင်ထုတ်ခြင်း" ကို ကြည့်ပါ။

**Foreclosure**: where an owner fails to pay back a loan, the mortgagee (or "lender") can commence court proceedings to gain control of the land. The foreclosure order allows the mortgagee to sell the property. The money received from the sale is used to pay back the amount of the loan and the costs of the court proceedings and sale. Any money left over goes to the owner who has lost the rights to the land.

**အပေါင်ဆုံး သိမ်းယူခြင်း** ပိုင်ရှင်မှ အကြွေးကို ပြန်မဆပ်နိုင်တော့သည့်အခါ အပေါင်ခံသူ (သို့မဟုတ် "ငွေချေးသူ") မှ မြေကို ထိန်းချုပ်ခွင့် ရရှိရန် တရားရုံးဆုံးဖြတ်ချက်ကို စတင်အကောင်အထည်ဖော်နိုင်ခြင်း။

အပေါင်ဆုံး သိမ်းယူခြင်းတွင် အပေါင်ခံသူသည် မြေပစ္စည်းကို ရောင်းချခွင့် ရှိသည်။ ရောင်းချမှုမှ ရငွေကို အကြွေးပြန်ဆပ်ရန်နှင့် တရားရုံးစရိတ်နှင့် ရောင်းချခြင်းအတွက် ကုန်ကျငွေများအတွက် ပြန်လည် အသုံးပြုသည်။ ထိုမှ ပိုလျှံငွေကို မြေသိမ်းယူခံရသူထံ ပေးသည်။

**Fragmentation**: the splitting or division of land parcels into smaller and smaller areas, often due to inheritance in which each child receives a share, but also due to increased population densities, particularly in urban areas, where more and more houses are built on one piece of land. As parcels become smaller and smaller, they ultimately cannot be used effectively and some form of consolidation is required. Another form of fragmentation involves no charge to the parcel boundary (no division of the parcel), but rather an increase in the number of owners, usually due to inheritance, with each owner having a tiny share, such as 1/256$^{th}$ or 1/512$^{th}$. This makes it practically impossible to manage the use of the parcel. See "land consolidation".

**အပိုင်းပိုင်းစိတ်ခွဲခြင်း**

မြေကွက်များကို ပိုပြီး သေးငယ်သော ဧရိယာများအဖြစ် ခွဲခြမ်းခြင်း သို့မဟုတ် စိတ်ပိုင်းခြင်း၊ သားသမီးတစ်ဦးစီတိုင်းအတွက် အမွေ ခွဲပေးရသည့် အမွေကိစ္စမျိုးကြောင့် ဖြစ်လေ့ရှိပြီး အထူးသဖြင့် မြို့ပြဒေသတွင် လူဦးရေ ပိုမိုထူထပ်လာခြင်းကြောင့် မြေကွက်တစ်ကွက်ပေါ်တွင် အိမ်များ ပိုမိုဆောက်လုပ်ရန် လိုအပ်လာခြင်းတို့ကြောင့် ဖြစ်နိုင်ပါသည်။ မြေကွက်များ ပိုမို သေးငယ်လာသည့်အတွက် ၎င်းတို့ကို ထိထိရောက်ရောက် အသုံးမပြုနိုင်တော့ဘဲ ပေါင်းစည်းခြင်း ပုံစံတစ်ခုကို အသုံးပြုရန် လိုအပ်လာပါသည်။ အခြား ခွဲစိတ်သည့် နည်းတစ်မျိုးမှာ မြေကွက်နယ်နိမိတ်ကို ပြောင်းလဲခြင်း မပြုဘဲ (မြေကွက်ကို မစိတ်ပိုင်းဘဲ) ပုံမှန်အားဖြင့် အမွေဆက်ခံမှုကြောင့် ပိုင်ရှင်အရေအတွက်ကို တိုးမြှင့်ကာ ပိုင်ရှင်တစ်ဦးချင်းဆီသည် ၁/၂၅၆ ပုံ သို့မဟုတ် ၁/၅၁၂ပုံ စသည်ဖြင့် သေးငယ်သော ဝေစု ရရှိကြမည် ဖြစ်သည်။ ထိုအခါ ထိုမြေကို စီမံခန့်ခွဲရန် လက်တွေ့တွင် မဖြစ်နိုင်တော့ချေ။ "မြေ ပေါင်းစည်းခြင်း" ကို ကြည့်ပါ။



A B C D E F G H I J K L M N O P Q R S T U V W X Y Z

A B C D E F G H I J K L M N O P Q R S T U V W X Y Z

**Gender**: Gender refers to the roles, behaviors, activities, and attributes that a given society at a given time considers appropriate for men and women. In addition to the social attributes and opportunities associated with being male and female and the relationships between women and men and girls and boys, gender also refers to the relations between women and those between men. These attributes, opportunities and relationships are socially constructed and are learned through socialization processes. They are context/ time-specific and changeable. Gender determines what is expected, allowed and valued in a woman or a man in a given context. In most societies there are differences and inequalities between women and men in responsibilities assigned, activities undertaken, access to and control over resources, as well as decision-making opportunities. Gender is part of the broader socio-cultural context, as are other important criteria for socio-cultural analysis including class, race, poverty level, ethnic group, sexual orientation, age, etc.

**ဂျန်ဒါ သို့မဟုတ် ကျားမရေးရာ** ကျား/မ ဖြစ်ခြင်း ဆိုသည် မှာ အချိန်အခါတစ်ခုတွင် ယောကျာ်း၊ မိန်းမ အမျိုးသား အမျိုးသမီး) များအတွက် သတ်မှတ်ထားသော အလုပ်တာဝန်များ၊ အခန်းကဏ္ဍများ၊ အပြုအမူများဆိုင်ရာ သတ်မှတ်ပြဌာန်းချက်များဖြစ်ပါသည်။

အမျိုးသားများနှင့်အမျိုးသမီးများအကြား၊ယောကျာ်းလေးများနှင့် မိန်းကလေးများအကြား ပတ်သက် ဆက်နွယ်မှုများ၊ ကျား/မ ဖြစ်ခြင်းနှင့် သက်ဆိုင်သော လူမှုဆိုင်ရာ သတ်မှတ်ချက်များ ၊ အခွင့်အလမ်း များအပြင် ကျား မဆိုသည် မှာ အမျိုးသား အချင်းချင်းအကြား ၊ အမျိုးသမီးအချင်းချင်းအကြား ပတ်သက်ဆက်နွယ်မှုကိုလည်း ရည် ညွှန်းပါသည်။

ဤသတ်မှတ်ပြဌာန်းချက်များ၊ အခွင့်အလမ်းများ၊ ပတ်သက်ဆက်နွယ်မှုများသည် လူမှုရေးဆိုင်ရာ ဖြစ်တည်လာပြီး လူမှုရေးဆိုင်ရာ ဖြစ်စဉ်များမှတဆင့် နားလည်သိရှိလာခဲ့ရပါသည်။ ဤအရာများသည် အခြေအနေအရ အချိန်အခါအရ သီးသန့်ဖြစ်တည်ပြီး ပြောင်းလဲနိုင်သည့်အရာများဖြစ်ပါသည်။

ကျား မဟူသည် အခြေအနေအချိန်အခါတစ်ခုတွင် အမျိုးသား/အမျိုးသမီးတို့ထံမှ မည်သည့်အရာကို မျှော်လင့်သည်/တန်ဖိုးထားရှိသည်/ခွင့်ပြုသည်တို့ကိုဆုံးဖြတ်ပေးထားပါသည်။

လူမှုအသိုင်းအဝိုင်းအများစုတွင်အမျိုးသားနှင့်အမျိုးသမီးများအကြားတာဝန်ရှိသည့်အရာများ၊လုပ် ဆောင်ရသည့်အလုပ်တာဝန်များ၊အရင်းအမြစ်များအပေါ်တွင်ထိန်းချုပ်နိုင်မှုနှင့် လက်လှမ်းမီနိုင်မှု၊ ဆုံးဖြတ်ချက်ချနိုင်မှုအခွင့်အလမ်းများစသည့် ကွာခြားချက်များ၊ မညီမျှမှုများ ရှိနေပါသည်။

အဆင့်အတန်း၊ လူမျိုး၊ ဆင်းရဲမွဲတေမှု အခြေအနေ၊ တိုင်းရင်းသားလူမျိုးစုအုပ်စု၊ လိင်ပိုင်း ဆိုင်ရာတိမ်းညွတ်မှု၊ အသက်အရွယ် စသည့်လူမှု-ယဉ်ကျေးမှုဆိုင်ရာ ခွဲခြမ်းစိတ်ဖြာမှုစံနှုန်းများကဲ့သို့ ကျား/မဖြစ်ခြင်းသည်ကျယ်ပြန့်သောလူမှု-ယဉ်ကျေးမှုအခင်းအကျင်း၏တစ်စိတ်တစ်ဒေသဖြစ်ပါ သည်။

**Gender equality**: the equal right of women and men to enjoy all human rights. It requires acknowledging differences in rights between women and men (both in the law and in practice) and taking specific, positive measures (when necessary) to achieve equality in practice. Women and girls should have equal tenure rights and access to land, fisheries and forests regardless of their civil and marital status.

**ကျားမရေးရာ တန်းတူညီမျှမှု** လူ့အခွင့်အရေး အားလုံးကို အမျိုးသမီးနှင့် အမျိုးသားများအားလုံး တန်းတူ ရရှိနိုင်မှု။

ထိုသို့ရရှိရန် အမျိုးသမီးနှင့် အမျိုးသားများအကြား (ဥပဒေအရနှင့် လက်တွေ့အရ) အခွင့်အရေးများ ကွဲပြားမှု ရှိသည်ကို သိရှိရန် လိုအပ်ပြီး လက်တွေ့တွင် သာတူညီမျှမှု ရရှိနိုင်ရန် (လိုအပ်ပါက) တိကျသော အပြုသဘောဆောင်သည့် နည်းလမ်းများ လုပ်ဆောင်ရန် လိုအပ်ပါသည်။ အမျိုးသမီးများနှင့် မိန်းကလေးများသည်လည်း လူမှုရေးနှင့် အိမ်ထောင်ရေး မည်သည့်အခြေအနေပင် ဖြစ်စေ မြေယာလုပ်ပိုင်ခွင့် အခွင့်အရေးများနှင့် မြေယာလက်လှမ်းမီရရှိရေးနှင့် မြေယာ၊ သားငါးနှင့် သစ်တောဆိုင်ရာတွင် သာတူညီမှု ရရှိရန် လိုအပ်ပါသည်။

**Gender sensitive approach**: an approach and attitude that requires all policy, legal and institutional processes to take into account the differences in rights, needs and opportunities that exist between women and men, and to seek to address them. It strives to provide equal participation of women and men from the outset.

**ကျားမရေးရာ အလေးထားရှုမြင် သို့မဟုတ် ထည့်သွင်းစဉ်းစားသည့် နည်းလမ်း** အမျိုးသမီးနှင့် အမျိုးသားများအကြား ရှိနေသော လုပ်ပိုင်ခွင့်၊ လိုအပ်ချက်များနှင့် အခွင့်အရေးများ မတူညီမှုကို ထည့်သွင်းစဉ်းစားထားသော မူဝါဒ၊ ဥပဒေနှင့် အဖွဲ့အစည်းဆိုင်ရာ လုပ်ငန်းစဉ်များ လိုအပ်သည့် ချဉ်းကပ်မှုနှင့် သဘောထား။

**General boundary**: a boundary that is defined by a physical feature on the ground, such as a wall, fence, hedge, tree line or water course, but for which the precise location of the boundary line on the feature has not been determined. See also "fixed boundary".

**ယေဘုယျ နယ်နိမိတ်** မြေပေါ်ရှိ နံရံ၊ စည်းရိုး၊ ပန်းခြံတန်း၊ သစ်ပင်တန်း သို့မဟုတ် ရေလမ်းကြောင်း စသည့် ရုပ်ဝတ္တုပိုင်းဆိုင်ရာ အရာများနှင့် သတ်မှတ်ထားသော်လည်း နယ်နိမိတ်နှင့် အရာဝတ္တုများ၏ နေရာအတိအကျကို မသတ်မှတ်ရသေးသော နယ်နိမိတ်၊

"ပုံသေ နယ်နိမိတ်" ကိုလည်း ကြည့်ပါ။

**Geodetic framework or network**: a spatial framework of points whose position has been precisely determined on the surface of the earth.

**ဘူမိပမာဏဆိုင်ရာ ဘောင် သို့မဟုတ် ကွန်ယက်** မြေမျက်နှာပြင်ပေါ်တွင် အတိအကျ နေရာချထား သတ်မှတ်ထားသော ပွိုင့်များ၏ အကွာအဝေးပြ ဘောင်။

**Geographic information system (GIS):** a system for capturing, storing, checking, integrating, analysing and displaying data about the earth that are spatially referenced. It is normally taken to include a spatially referenced database and appropriate applications software.

**ပထဝီဝင် သတင်းအချက်အလက် စနစ်** (GIS) အကွာအဝေးအလိုက် ရည်ညွှန်းထားသော မြေမျက်နှာပြင်ဆိုင်ရာ အချက်အလက်များကို ဖတ်ယူခြင်း၊ သိမ်းဆည်းခြင်း၊ စစ်ဆေးခြင်း၊ ပေါင်းစပ်ခြင်း၊ ဆန်းစစ်ခြင်းနှင့် ဖော်ပြခြင်း စနစ်။

များသောအားဖြင့် အကွာအဝေးအလိုက် ရည်ညွှန်းထားသော အချက်အလက်အစုအဖွဲ့ နှင့် သင့်တော်သော software applicationများ ရှိရန် လိုသည်။

**Geomatics:** a field of activities that uses a systematic approach to integrate all the activities to acquire and manage spatial data. The activities include cartography surveying, geodesy, hydrography, land information management, photogrammetry and remote sensing.

**ဂျီအိုမက်တစ်စ်** အကွာအဝေးပြ အချက်အလက်များကို ရရှိပြီး ခန့်ခွဲနိုင်စေရန် လုပ်ဆောင်ရမည့် လုပ်ငန်းများ အားလုံးကို ပေါင်းစပ်ရန် စနစ်တကျ ချဉ်းကပ်မှုကို အသုံးပြုသည့် လုပ်ဆောင်ချက်များ။

အဆိုပါ လုပ်ဆောင်ချက်များတွင် မြေပုံရေးဆွဲရန် တိုင်းတာခြင်း (cartography surveying) ၊ မြေမျက်နှာသွင်ပြင် တိုင်းတာခြင်း (geodesy)၊ ရေအောက်မျက်နှာပြင် တိုင်းတာခြင်း (hydrography)၊ မြေယာဆိုင်ရာ အချက်အလက်များ စီမံခန့်ခွဲမှု၊ ပုံထည့် တိုင်းတာခြင်း (photogrammerty) နှင့် အဝေးမှ အာရုံခံခြင်း (remote sensing) တို့ ပါဝင်သည်။

A B C D E F G H I J K L M N O P Q R S T U V W X Y Z

**Global navigation satellite systems (GNSS)**: the generic term for fixing positions on the surface of the earth by measuring signals from satellites orbiting the earth. See also "GPS".

**ကမ္ဘာ့ လမ်းကြောင်းပြ ဂြိုလ်တု စနစ်** (GNSS) ကမ္ဘာကို လှည့်ပတ်နေသော ဂြိုလ်တုများမှ အချက်ပြချက်များကို တိုင်းတာခြင်းဖြင့် ကမ္ဘာ့မြေမျက်နှာပေါ်မှ နေရာများကို အတိအကျ တိုင်းတာခြင်းအတွက် ယေဘုယျ စကားလုံး။ "GPS" ကိုလည်း ကြည့်ပါ။

**Global positioning system (GPS)**: an American system of GNSS.

**ကမ္ဘာ့နေရာပြစနစ် (GPS)** GNSS အမေရိကန် စနစ်

**Governance**: the organizations and the processes and rules that form part of the political, social, economic and administrative systems. These are used to manage society and reconcile competing priorities and interests of different groups. Governance includes formal government agencies and informal arrangements; it includes the mechanisms and processes involved; and it is concerned with how citizens participate in decision-making, how government is accountable to its citizens, how society obliges its members to observe its rules and laws, and how differences are resolved.

**အုပ်ချုပ်မှု** နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးနှင့် အုပ်ချုပ်ရေး စနစ်များ၏ အစိတ်အပိုင်းဖြစ်သည့် အဖွဲ့အစည်းများနှင့် လုပ်ထုံးလုပ်နည်းများ နှင့် စည်းမျဉ်းများ။

လူမှုအဖွဲ့အစည်းကို စီမံခန့်ခွဲရန် နှင့် မတူညီသော အုပ်စုများအကြား အားပြိုင်နေသော ဦးစားပေးများနှင့် စိတ်ဝင်စားမှုများကို ညှိနှိုင်းပေးရန် ၎င်းတို့ကို အသုံးပြုသည်။

အုပ်ချုပ်မှုတွင် တရားဝင် အစိုးရ ကိုယ်စားလှယ်များနှင့် တရားမဝင် စီမံမှုများ ပါဝင်သည်။ ပါဝင်သော လည်ပတ်ပုံများနှင့် လုပ်ငန်းစဉ်များလည်း ပါဝင်သည်။ ထို့အပြင် ပြည်သူများမှ ဆုံးဖြတ်ချက် ချမှတ်ရေး လုပ်ငန်းစဉ်တွင် မည်သို့ ပါဝင်သည်၊ အစိုးရသည် ၎င်း၏ ပြည်သူများအတွက် မည်မျှ တာဝန်ခံသည်၊ လူမှုအသိုင်းအဝိုင်းမှ ၎င်း၏ အဖွဲ့အစည်းဝင်များကို ဥပဒေနှင့် စည်းမျဉ်းများကို မည်သို့ လိုက်နာစေသည်နှင့် မတူကွဲပြားမှုများကို မည်သို့ ဖြေရှင်းသည် ဆိုသည်တို့နှင့် သက်ဆိုင်သည်။

**Grievance redress**: the process for addressing and resolving a dispute or conflict over something, including decisions and actions of officials. Grievance redress mechanisms can take various forms, such as administrative review, court-based decision and other types of third party determinations, such as by an ombudsman. See "dispute resolution" and "ombudsman".

**နစ်နာကြေးကို တိုင်ကြားဖြေရှင်းခြင်း** အရာရှိများ၏ ဆုံးဖြတ်ချက်နှင့် လုပ်ရပ်များ အပါအဝင် ကိစ္စတစ်ရပ်ရပ်အတွက် အငြင်းပွားမှု သို့မဟုတ် ပြဿနာဖြစ်မှုကို ဖော်ထုတ်ဖြေရှင်းသည့် လုပ်ငန်းစဉ်။

နစ်နာကြေးကိုတိုင်ကြားဖြေရှင်းရေး ယန္တရား လုပ်ငန်းစဉ်သည် စီမံခန့်ခွဲမှုအရ ပြန်လည် သုံးသပ်ခြင်း၊ တရားရုံး အခြေပြု ဆုံးဖြတ်ချက်နှင့် စောင့်ကြည့်သူ ကဲ့သို့သော တတိယအဖွဲ့အစည်း စသည်ဖြင့် ပုံစံမျိုးစုံ ရှိနိုင်ပါသည်။ "အငြင်းပွားမှု ဖြေရှင်းခြင်း" နှင့် "စောင့်ကြည့်သူ" ကို ကြည့်ပါ။

**Guaranteed title**: a title for which the government registration authority is responsible for paying compensation if certain losses occur in relation to the ownership, such as losses due to errors in the title and, in some countries, due to fraud.

**အာမခံပေးထားသော အမည်ပေါက်** (အခ်ိဳ႕နိုင္ငံမ်ားတြင္) လိမ္လည္မႈေၾကာင့္ အမည္ေပါက္တြင္ မွားယြင္းမႈ ျဖစ္ေပၚျခင္းကဲ့သို႔ေသာ ပိုင္ဆိုင္မႈႏွင့္ ပတ္သက္ၿပီး ဆံုးရႈံးမႈတစ္ခုခုတစ္ရာ ျဖစ္ေပၚခဲ့ပါက အစိုးရ မွတ္တမ္းရံုး အာဏာပိုင္မ်ားဘက္မွ ေပးေလ်ာ္ရန္ တာဝန္ရွိသည့္ အမည္ေပါက္ ရပိုင္ခြင့္

**Holistic and sustainable approach**: as the VGGT notes in its ten principles of implementation, a holistic and sustainable approach recognizes that natural resources and their uses are interconnected, and adopts an integrated and sustainable approach to their administration.

**အလုံးစုံ ခြုံငုံမိပြီး ရေရှည်တည်တံ့နိုင်သော ချဉ်းကပ်မှု**
VGGT၏ အကောင်အထည်ဖော်ရေး မူဝါဒ ၁၀ချက်တွင် မှတ်သားထားသည့်အတိုင်း အလုံးစုံ ခြုံငုံမိပြီး ရေရှည်တည်တံ့နိုင်သော ချဉ်းကပ်မှုသည် သဘာဝအရင်းအမြစ်များနှင့် ၎င်းတို့၏ အသုံးပြုမှုတို့မှာ ဆက်စပ်နေသည်ကို အသိအမှတ်ပြုပြီး ၎င်းတို့ကို စီမံခန့်ခွဲရန် ပေါင်းစပ်ပါဝင်ပြီး ရေရှည်တည်တံ့သော ချဉ်းကပ်နည်းကို အသုံးပြုသည်။

**Hypothec**: in many civil law systems, the name for a loan agreement that uses the borrower's land as security for paying back the loan money. A hypothec document is often registered. See "mortgage".

**မြေပေါင်စာချုပ်** များစွာသော တရားမဥပဒေ စနစ်များတွင် ချေးငွေ ပြန်ဆပ်မည့်အကြောင်း အပေါင်အဖြစ် ငွေချေးသူ၏ မြေကို အသုံးပြုသည့် ချေးငွေစာချုပ်၏ အမည်။

မြေပေါင်စာချုပ်ကို တစ်ခါတစ်ရံ မှတ်တမ်းတင်ထားသည်။ "မြေပေါင်ခံခြင်း"ကို ကြည့်ပါ။

A B C D E F G H I J K L M N O P Q R S T U V W X Y Z

# I

**Immovable property**: land and the things that are permanently attached to the land, such as buildings, trees, stone fences. Known as "real estate" or simply "land" in English (common law) systems.

**မရွှေ့ပြောင်းနိုင်သော ပစ္စည်း** အဆောက်အဦးများ၊ သစ်ပင်များ၊ ကျောက်တုံးခြံစည်းရိုးများကဲ့သို့သော မြေတွင် အသေစိုက်ထားသည့် မြေနှင့် အရာဝတ္ထုများ။

"အိမ်ခြံမြေ" သို့မဟုတ် ရိုးရှင်းစွာ "မြေ" ဟု အင်္ဂလိပ် (Common law) စနစ်များတွင် ခေါ်ဆိုသည်။

**Indefeasible title**: a government record of title to land that cannot be challenged, even in court. Some indefeasible title systems have a small number of exceptions, and they also have a compensation system to cover losses due to errors or fraud.  See "guaranteed title".

**ပြန်လည်မသိမ်းယူနိုင်သော အမည်ပေါက်** တရားရုံးမှပင် မပြောင်းလဲနိုင်သည့် အစိုးရမှတ်တမ်းဝင် မြေ အမည်ပေါက်

အချို့သော ပြန်လည်မသိမ်းယူနိုင်သော အမည်ပေါက် စနစ်များတွင် အနည်းငယ်သော ခြွင်းချက်များ ရှိပြီး မှားယွင်းမှု သို့မဟုတ် လိမ်လည်မှုကြောင့် ဖြစ်ပေါ်လာသော ဆုံးရှုံးမှုများအတွက် လျော်ကြေးပေးရမည့် စနစ် ပါရှိသည်။ "အာမခံပေးထားသော အမည်ပေါက်" ကို ကြည့်ပါ။

**Indemnity**: an obligation to provide monetary (or other) compensation to the owner of land or other tenure rights in case it is taken, destroyed or damaged. See also "reparation".

**နစ်နာမှု အာမခံ** မြေယာပိုင်ရှင် သို့မဟုတ် အခြားသော မြေငှားရမ်းလုပ်ကိုင်ခွင့် ရှိသူများကို မြေသိမ်းခံရခြင်း၊ ဖျက်စီးခံရခြင်း သို့မဟုတ် ပျက်စီးခြင်းတို့အတွက် လျော်ကြေးငွေ သို့မဟုတ် လျော်ကြေး ပေးရန် တာဝန်ရှိမှု

**Index map**: see "cadastral index map".

**မြေပုံအချက်နံပါတ်များအညွှန်းပြမြေပုံ** အညွှန်းမြေပုံ"ကွင်းမြေပုံအညွှန်းမြေပုံ" ကိုကြည့်ပါ။

**Indigenous tenure system**: tenure system of local origin and belonging to the local area. See "customary tenure" and "tenure system".

**ဌာနေတိုင်းရင်းသား လုပ်ပိုင်ခွင့် စနစ်**

ဒေသတွင်း မြစ်ဖျားခံပြီး ဒေသခံဧရိယာနှင့် သက်ဆိုင်သော မြေငှားရမ်းသုံးစွဲမှု စနစ်။

"ဓလေ့ထုံးတမ်းအရ လုပ်ပိုင်ခွင့် " နှင့် " မြေယာလုပ်ပိုင်ခွင့် စနစ်" ကို ကြည့်ပါ။

**Indigenous**: belonging to the local area, including the people who belong to an area.

**ဌာနေတိုင်းရင်းသား** ဒေသတွင်း နေထိုင်သူများ အပါအဝင် ဒေသဧရိယာနှင့် သက်ဆိုင်သော

**Informal tenure**: ownership and other rights and duties relating to land or other natural resource based on custom, tradition or some other form of non-official tenure rules. Informal tenure can be just as legitimate as formal tenure, but its source or basis lies not in the country's laws, but in custom, tradition, etc.

**အရပ်သုံး မြေယာလုပ်ပိုင်ခွင့်** ဓလေ့ထုံးတမ်းအရ၊ ရိုးရာအရ သို့ပမဟုတ် အခြား တရားဝင်မဟုတ်သည့် မြေယာလုပ်ပိုင်ခွင့် စည်းမျဉ်းများပေါ် အခြေခံသည့် မြေနှင့် အခြား သဘာဝ အရင်းအမြစ်များနှင့် သက်ဆိုင်သော ပိုင်ဆိုင်မှု နှင့် အခြား လုပ်ပိုင်ခွင့်များ။

**Infringement**: interference, damage, loss or other negative impact on land or other natural resource and associated tenure rights. Where land or other natural resources are physically damaged, then the rights are also diminished in terms of usefulness and value. If land is polluted, or if someone is blocked from gaining access to it, then that person's rights are infringed. Or someone might be illegally occupying and using the land or forest, or taking the produce from the land or forest without the permission of the tenure right holder. There can also be infringements to the rights themselves without any impact on the natural resource itself, such as when someone is defrauded of their rights.

**လွန်ကျူးချက်များ** မြေနှင့် အခြား သဘာဝ အရင်းအမြစ်များ နှင့် ဆက်စပ်သော မြေယာရမ်းလုပ်ပိုင်ခွင့် များအပေါ် အဖျက် သဘော သက်ရောက်သည့် စွက်ဖက်ချက်၊ ပျက်စီးမှု၊ ဆုံးရှုံးမှု နှင့် အခြားအဖျက်သဘောများ။

မြေ သို့မဟုတ် အခြား သဘာဝ အရင်းအမြစ်များသည် ရုပ်ပိုင်း ဆိုင်ရာအရ ပျက်စီးသွားပါက ၎င်းတို့ အသုံးဝင်မှုနှင့် တန်ဖိုး အရ ၎င်းတို့နှင့် ဆက်စပ်သော လုပ်ပိုင်ခွင့်များလည်း ထိခိုက် မည် ဖြစ်သည်။ မြေကို ညစ်ညစ်စေသည့်အခါ သို့မဟုတ် တစ်စုံတစ်ဦးကို မြေသို့ ဝင်ရောက်ခွင့်မပြုသည့်အခါ ထိုလူ၏ လုပ်ပိုင်ခွင့်များကို လွန်ကျူးခြင်း မြောက်ပါသည်။ သို့မဟုတ် တစ်စုံတစ်ဦးသည် မြေကို တရားမဝင် ဝင်ရောက်နေထိုင်ပြီး မြေ သို့မဟုတ် သစ်တောကို အသုံးပြုခြင်း သို့မဟုတ် မြေ သို့မဟုတ် သစ်တောမှ ထွက်ကုန်များကို မြေယာရမ်းသုံးစွဲခွင့်ရှိသူ၏ အခွင့် မရဘဲ ယူငင်သုံးစွဲခြင်းလည်း ဖြစ်နိုင်ပါသည်။ တစ်စုံတစ်ဦးကို ၎င်း၏ လုပ်ပိုင်ခွင့်များအတွက် လိမ်လည်လှည့်ဖျားခြင်းကဲ့သို့ သော သဘာဝအရင်းအမြစ်များပေါ် သက်ရောက်ခြင်းမရှိဘဲ လုပ်ပိုင်ခွင့်ကိုသာ လွန်ကျူးခြင်းပြုသည့် ကိစ္စများလည်း ရှိနိုင် ပါသည်။

**Institutional framework**: see "organizational framework".

**အဖွဲ့အစည်း မူဝါဒဘောင်** "အဖွဲ့အစည်း မူဝါဒဘောင်" ကို ကြည့်ပါ။



A
B
C
D
E
F
G
H
I
J
K
L
M
N
O
P
Q
R
S
T
U
V
W
X
Y
Z

# J

**Joint ownership**: in English law, joint ownership is a sub-category of co-ownership with specific rules. Under joint ownership, when one owner dies, then the other owner(s) gets the land automatically, without the need for inheritance. Often, people use co-ownership and joint ownership interchangeably, particularly in countries with non-English legal (or common law) systems. See "co-ownership".

**ပူးတွဲချိတ်ဆက် ပိုင်ဆိုင်မှု** အင်္ဂလိပ် ဥပဒေတွင် ပူးတွဲချိတ်ဆက် ပိုင်ဆိုင်မှု ဆိုသည်မှာ သတ်မှတ်ထားသော စည်းမျဉ်းများပါဝင်သည့် ပူးတွဲပိုင်ဆိုင်မှု ပုံစံကွဲ တစ်မျိုးဖြစ်သည်။ ပူးတွဲချိတ်ဆက် ပိုင်ဆိုင်မှုတွင် ပိုင်ရှင်တစ်ဦး သေဆုံးသည့်အခါ အခြား ပိုင်ရှင်(များ) သည် မြေကို အမွေပေးရန် မလိုဘဲ အလိုအလျောက် ရရှိမည် ဖြစ်ပါသည်။ အထူးသဖြင့် အင်္ဂလိပ် ဥပဒေ (သို့မဟုတ် common law) မသုံးသည့် နိုင်ငံများတွင် ပူးတွဲပိုင်ဆိုင်ခြင်း နှင့် ပူးတွဲချိတ်ဆက်ပိုင်ဆိုင်ခြင်းကို အလဲအလှယ်သဘော သုံးစွဲလေ့ရှိပါသည်။ "ပူးတွဲပိုင်ဆိုင်မှု" ကို ကြည့်ပါ။

**Just compensation**: an amount of compensation that reflects the value of the asset taken away or damaged, and that places the former owner in a similar position (as far as possible). See "equivalence" and "indemnity".

**မျှတသော လျော်ကြေး** သိမ်းယူခံရသော သို့မဟုတ် ပျက်စီးသွားသော ပိုင်ဆိုင်မှုပစ္စည်း၏ တန်ဖိုးနှင့် ညီမျှပြီး ယခင်ပိုင်ရှင်ကို (တတ်နိုင်သမျှ) နဂိုအခြေအနေအတိုင်း ပြန်ဖြစ်စေသော လျော်ကြေးပမာဏ။ "ညီမျှခြင်း" နှင့် "အာမခံကြေး" ကို ကြည့်ပါ။

A B C D E F G H I J K L M N O P Q R S T U V W X Y Z

**Land administration**: the processes of determining, recording and disseminating information about land and the ownership, value and use of land. Land administration includes the set of systems and processes for making land tenure rules operational. It includes the administration of land rights, land use regulations, and land valuation and taxation. Land administration can be carried out by government agencies, or through customary leaders. Land administration, whether formal or informal, comprises an extensive range of systems and processes to administer:

- <u>Land rights:</u> the allocation of rights in land; the delimitation of boundaries of parcels for which the rights are allocated; the transfer from one party to another through sale, lease, loan, gift or inheritance; provision of land related information to the public; and the adjudication of doubts and disputes regarding rights and parcel boundaries.
- <u>Land-use regulation:</u> land-use planning and enforcement and the adjudication of land use conflicts.
- <u>Land valuation and taxation:</u> the valuing of land rights, collection of revenues through based on land values and rates of taxation, and the adjudication of land valuation and taxation disputes.
- Land administration information is important when developing land management policies, and making decisions about land management. According to the United Nations Economic Commission for Europe, land administration systems should ideally:
  1. Guarantee ownership and secure tenure
  2. Support the land and property tax system
  3. Constitute security for credit systems
  4. Develop and monitor land markets
  5. Protect State lands
  6. Reduce land disputes
  7. Facilitate land reform
  8. Improve urban planning and infrastructure development
  9. Support land management based on consideration for the environment.

See "land management", which is a broader concept.

**မြေယာ စီမံခန့်ခွဲမှု** မြေနှင့် ပိုင်ဆိုင်မှု၊ မြေယာ၏ တန်ဖိုးနှင့် အသုံးပြုပုံ ဆိုင်ရာ အချက်အလက်များကို သတ်မှတ်ခြင်း၊ မှတ်တမ်းတင်ခြင်းနှင့် ဖြန့်ချီခြင်း လုပ်ငန်းစဉ်များ။

မြေယာ စီမံခန့်ခွဲမှုတွင် မြေယာလုပ်ပိုင်ခွင့် ဆိုင်ရာ စည်းမျဉ်းများကို လက်တွေ့အသုံးချနိုင်ရန် လုပ်ဆောင်သည့် စနစ်များနှင့် လုပ်ငန်းစဉ်များ ပါဝင်သည်။ ၎င်းတွင် မြေယာ လုပ်ပိုင်ခွင့်များ၊ မြေအသုံးချမှု စည်းမျဉ်းများ နှင့် မြေတန်ဖိုးသတ်မှတ်ခြင်းနှင့် အခွန်ကောက်ခံခြင်း လုပ်ငန်းများကို စီမံခန့်ခွဲခြင်းများ ပါဝင်သည်။ မြေယာ စီမံခန့်ခွဲမှုကို အစိုးရ ကိုယ်စားလှယ်များ သို့မဟုတ် ဓလေ့ထုံးတမ်း ခေါင်းဆောင်များမှ လုပ်ဆောင်နိုင်သည်။ မြေယာ စီမံခန့်ခွဲမှုသည် တရားဝင် ဖြစ်သည် ဖြစ်စေ အရပ်ဘက်အသုံး ဖြစ်စေ အောက်ပါတို့ကို စီမံခန့်ခွဲသည့် ကျယ်ပြန့်သော စနစ်များနှင့် လုပ်ငန်းစဉ်များ ပါဝင်သည်။

<u>မြေယာဆိုင်ရာ လုပ်ပိုင်ခွင့်များ။ ။</u> မြေယာပေါ်တွင် ရှိသည့် လုပ်ပိုင်ခွင့်များကို ခွဲဝေခြင်း။ လုပ်ပိုင်ခွင့်များ ခွဲဝေထားသော မြေကွက်များ၏ နယ်နိမိတ်များကို သတ်မှတ်ခြင်း၊ တစ်ဦးမှ အခြားတစ်ဦးသို့ ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ချေးငှားခြင်း၊ လက်ဆောင်အဖြစ်ပေးခြင်း သို့မဟုတ် အမွေပေးခြင်းနည်းများဖြင့် လွှဲပြောင်းခြင်း၊ မြေယာနှင့် ပတ်သက်သော အချက်အလက်များကို အများပြည်သူထံသို့ တင်ပြခြင်း၊ နှင့် လုပ်ပိုင်ခွင့်နှင့် မြေကွက် နယ်နိမိတ်များနှင့် ပတ်သက်သော သံသယများနှင့် အငြင်းပွားမှုများကို ကြားဝင်ဖြေရှင်းခြင်း။

<u>မြေအသုံးချမှု စည်းမျဉ်းများ</u> မြေအသုံးချမှု စီမံချက်များ နှင့် မြေအသုံးချမှု ပြဿနာ ဖြေရှင်းချက်များ စိုးမိုးစေခြင်း။

<u>မြေတန်ဖိုးသတ်မှတ်ခြင်းနှင့် အခွန်ကောက်ခံခြင်း</u> မြေယာဆိုင်ရာ လုပ်ပိုင်ခွင့်များ ကို တန်ဖိုးသတ်မှတ်ခြင်း၊ မြေတန်ဖိုးများနှင့် အခွန်နှုန်းထားများပေါ် အခြေခံပြီး အခွန်ကောက်ခံခြင်း၊ နှင့် မြေတန်ဖိုးသတ်မှတ်ခြင်းနှင့် အခွန်ဆိုင်ရာ အငြင်းပွားမှုများကို ဖြေရှင်းခြင်း။

မြေယာစီမံခန့်ခွဲမှု အချက်အလက်များမှာ မြေယာစီမံခန့်ခွဲမှု မူဝါဒများ ရေးဆွဲနေချိန်နှင့် မြေယာ စီမံခန့်ခွဲမှုဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်နေသည့် အချိန်တွင် အရေးပါပါသည်။ United Nations Economic Commission for Europe အရ မြေယာ စီမံခန့်ခွဲမှု စနစ်များသည်

1. ပိုင်ဆိုင်မှုကို အာမခံပေးနိုင်ရမည်
2. မြေယာနှင့် ပိုင်ဆိုင်မှု ပစ္စည်းအခွန်စနစ်ကို ထောက်ပံ့နိုင်ရမည်
3. အကြွေးစနစ်များကိုအတွက်လဲ လုံခြုံမှု တည်ဆောက်နိုင်ရမည်
4. မြေယာဈေးကွက်ကို တည်ဆောက်ပြီး စောင့်ကြည့်နိုင်ရမည်
5. နိုင်ငံပိုင်မြေယာများကို ကာကွယ်နိုင်ရမည်
6. မြေယာဆိုင်ရာ အငြင်းပွားမှုများကို လျှော့ချနိုင်ရမည်
7. မြေယာဆိုင်ရာ ပြောင်းလဲမှုများကို ချောမွေ့စွာ လည်ပတ်နိုင်စေရမည်
8. မြို့ပြစီမံကိန်းနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးမှုကို မြှင့်တင်နိုင်ရမည်
9. ပတ်ဝန်းကျင်အတွက် ထည့်သွင်း အခြေခံ စဉ်းစားထားသော မြေယာစီမံခန့်ခွဲမှုကို ထောက်ပံ့ရမည်။

ပိုမိုကျယ်ပြန့်သော သဘောတရားအတွက် "မယာစီမံခန့်ခွဲမှု" ကို ကြည့်ပါ။



A B C D E F G H I J K L M N O P Q R S T U V W X Y Z

A B C D E F G H I J K L M N O P Q R S T U V W X Y Z

**Land bank**: land that is kept for use in the future, such as due to increased population, reform programmes, compensation for land that has been expropriated, etc.

**စုဆောင်းသိမ်းဆည်းထားသော မြေ** တိုးတက်လာသော လူဦးရေ၊ ပြောင်းလဲရေး စီမံကိန်းများ၊ သိမ်းယူလိုက်သော မြေများ အတွက် လျော်ကြေး စသည့်တို့အတွက် အနာဂတ်တွင် အသုံးပြုရန် စုဆောင်းသိမ်းဆည်းထားသော မြေ။

**Land ceiling**: an upper limit on the area of land or number of parcels that a person can have.

**အများဆုံး ပိုင်ဆိုင်နိုင်သော မြေ** လူတစ်ဦးမှ အများဆုံး ပိုင်ဆိုင်နိုင်သော မြေဧရိယာနှင့် မြေကွက်အရေအတွက်။

**Land certificate**: a document issued by the government to the owner, containing details of the land (such as its location and unique number), the owner's name and rights, and any obligations relating to the property. It is a copy of the record for the land that is kept in the recording system. The land certificate provides strong evidence of the owner's rights to the land. See also "land title".

**မြေယာဆိုင်ရာ စာရွက်စာတမ်း သို့မဟုတ် မြေယာ အထောက်အထားလက်မှတ်** မြေယာနှင့် ဆိုင်သော အသေးစိတ်အချက်များ (တည်နေရာ နှင့် မြေကွက်အမှတ်စသည်)၊ ပိုင်ရှင်၏ အမည် နှင့် လုပ်ပိုင်ခွင့်များ နှင့် အဆိုပါ ပိုင်ဆိုင်မှု ပစ္စည်းနှင့် ဆိုင်သော အခြား တာဝန်များ အကြောင်း အသေးစိတ် ဖော်ပြထားသော အစိုးရမှ ပိုင်ရှင်သို့ ထုတ်ပေးသည့် စာရွက်စာတမ်း။

အဆိုပါ စာရွက်စာတမ်းမှာ မှတ်တမ်းတင် စနစ်တွင် သိမ်းဆည်းထားသော စာရွက်စာတမ်း၏ မိတ္တူဖြစ်သည်။ မြေယာဆိုင်ရာ စာရွက်စာတမ်းသည် မြေပိုင်ရှင်၏ လုပ်ပိုင်ခွင့်များအတွက် ခိုင်မာသော သက်သေခံ လက်မှတ်ဖြစ်သည်။ "မြေယာအမည်ပေါက်" ကိုလည်း ကြည့်ပါ။

**Land consolidation**: the process through which small land parcels or shares in land are exchanged for one or more larger parcels that are approximately equivalent in value to the original holding. It creates parcels of more economic and rational size, shape and location. See also "land consolidation programme".

**မြေယာစုစည်းခြင်း** သေးငယ်သော မြေကွက်များ သို့မဟုတ် မြေယာဝေစုများကို ၎င်းတို့၏ တန်ဖိုးနှင့် နီးစပ်တူညီသော တန်ဖိုးရှိသည့် ပိုမိုကြီးမားသော မြေကွက် တစ်ကွက်သို့မဟုတ် မြေကွက်များဖြင့် လဲလှယ်သည့် လုပ်ငန်းစဉ်။

ထိုသို့ပြုလုပ်ခြင်းဖြင့် စီးပွားရေးအရ ပိုမိုအကျိုးဖြစ်ထွန်းပြီး ပိုမိုသင့်လျော်သော ပမာဏ၊ ပုံစံနှင့် တည်နေရာတို့ ရရှိစေမည်ဖြစ်သည်။ "မြေယာစုစည်းခြင်း အစီအမံကို" ကိုလည်း ကြည့်ပါ။

**Land consolidation programme**: a set of activities, usually implemented by government, to consolidate land. A programme will often require a law authorizing the activities (particularly if participation by land owners is mandatory); a budget that includes additional funds to introduce benefits such as improved road access, irrigation or other forms of infrastructure; and a recording system to record the new boundaries and ownership.

**မြေယာစုစည်းခြင်း အစီအမံ** များသောအားဖြင့် အစိုးရမှ ပြုလုပ်သည့် မြေယာများ စုစည်းရန် လုပ်ဆောင်ချက်များ။

ထိုအစီအမံမျိုးတွင် (အထူးသဖြင့် မြေပိုင်ရှင်များမှ မဖြစ်မနေပါဝင်ရမည် ဆိုပါက) လုပ်ဆောင်ချက်များကို ခွင့်ပြုသည့် ဥပဒေရှိရန်၊ လမ်းများကို ပြုပြင်ခြင်း၊ ဆည်မြောင်း သို့မဟုတ် အခြား အခြေခံအဆောက်အအုံ ပြုပြင်ရေး စသည့် အကျိုးရှိစေမည့် လုပ်ငန်းများအတွက် ထပ်တိုး ရန်ပုံငွေများ နှင့် နယ်နိမိတ်အသစ်နှင့် ပိုင်ဆိုင်မှု အသစ်များကို မှတ်တမ်းတင်မည့် မှတ်ပုံတင်စနစ်တို့ လိုအပ်ပါသည်။

**Land development**: the application of resources to improve land so that it can be used more efficiently. These resources can include capital (constructing buildings), labour (clearing or draining land) or enterprise (obtaining planning permission). Land development is part of land management, it applies to both rural and urban land, and it should result in an increased value of the land.

**မြေယာဖွံ့ဖြိုးမှု** မြေယာကို ပိုမိုထိရောက်စွာ အသုံးပြုနိုင်စေရန် အရင်းအမြစ်များ ထည့်သွင်း မြှင့်တင်ခြင်း။

အဆိုပါ အရင်းအမြစ်များတွင် မတည်ရင်းနှီးငွေ ( အဆောက်အအုံများ ဆောက်လုပ်ခြင်း ၊ လူအင်အား (မြေရှင်းခြင်း သို့မဟုတ် ရေထုတ်ခြင်း) ၊ သို့မဟုတ် စီးပွားရေး အဖွဲ့အစည်း (စီမံကိန်း ခွင့်ပြုချက် ရယူခြင်း) တို့ ပါဝင်နိုင်သည်။ မြေယာဖွံ့ဖြိုးမှုမှာ မြေယာ စီမံခန့်ခွဲမှု၏ အစိတ်အပိုင်းဖြစ်ပြီး ကျေးလက်နှင့် မြို့ပြ မြေယာ နှစ်မျိုးစလုံးအတွက် အကျုံးဝင်ကာ ထိုသို့ လုပ်ဆောင်ခြင်းကြောင့် မြေတန်ဖိုး မြင့်တက်သွားစေသင့်ပါသည်။

**Land dispute**: a disagreement over ownership, rights (particularly access rights), obligations, boundaries or uses of land. See “conflicts”, “dispute resolution” and “grievance redress”.

**မြေယာဆိုင်ရာ အငြင်းပွားမှု** ပိုင်ဆိုင်မှု၊ လုပ်ပိုင်ခွင့်များ ( အထူးသဖြင့် ဝင်ရောက်နိုင်မှု လုပ်ပိုင်ခွင့်များ) ၊ တာဝန်များ ၊ နယ်နိမိတ်များနှင့် မြေအသုံးပြုမှုတို့နှင့် သက်ဆိုင်သော သဘောထား ကွဲလွဲမှု။ “ပြဿနာများ” “အငြင်းပွားမှု ဖြေရှင်းခြင်း” နှင့် “ နစ်နာကြေးကို တိုင်ကြားဖြေရှင်းခြင်း “ တို့ကို ကြည့်ပါ။

**Land governance**: the rules, processes and structures through which decisions are made about access to land and its use; the manner in which the decisions are implemented and enforced; and the way that competing interests in land are managed and reconciled. It includes government bodies such as land agencies, courts and ministries responsible for land, as well as non-government actors, such as traditional bodies and informal agents. It covers both the legal and policy frameworks for land as well as traditional and informal practices that enjoy social legitimacy. See “governance” and “legitimate tenure rights”.

**မြေယာ အုပ်ချုပ်မှု** မြေယာကို ဝင်ရောက်ပိုင်ခွင့်နှင့် အသုံးပြုမှုတို့နှင့် သက်ဆိုင်သော ဆုံးဖြတ်ချက်များ ချမှတ်သည့် စည်းမျဉ်းများ၊ လုပ်ငန်းစဉ်များနှင့် ဖွဲ့စည်းပုံ၊ ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ပုံနှင့် အာဏာတည်ရေး ဆောင်ရွက်ပုံ၊ စင်ပြိုင် သဘောထားများကို စီမံခန့်ခွဲပုံနှင့် ညှိနှိုင်းဆောင်ရွက်ပုံ။

မြေယာ ကိုယ်စားလှယ်များ၊ တရားရုံးများနှင့် မြေယာဆိုင်ရာ တာဝန်ရှိ ဝန်ကြီးဌာနများကဲ့သို့သော အစိုးရ ဌာနများနှင့် ရိုးရာ အဖွဲ့အစည်းများ နှင့် အရပ်ဘက် ကိုယ်စားလှယ်များကဲ့သို့သော အစိုးရမဟုတ်သည့် အဖွဲ့အစည်းများလည်း ပါဝင်သည်။ ၎င်းတွင် မြေယာနှင့် ပတ်သက်သော ဥပဒေ နှင့် မူဝါဒ မူဘောင်များ သာမက လူမှုရေးအရ တရားဝင်သည့် ရိုးရာနှင့် အရပ်ဘက် လုပ်ထုံးများလည်း ပါဝင်သည်။ “အုပ်ချုပ်မှု” နှင့် “တရားဝင်သော မြေယာလုပ်ပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများ” ကို ကြည့်ပါ။

**Land grab**: the taking of land without authority, which can involve displacing others from the land. See also “arbitrary loss” and “eviction”.

**အတင်းအကြပ် မြေ ရယူမှု** မြေပေါ်မှ အခြားသူများကို ဖယ်ရှားခြင်း ပါဝင်နိုင်သော အခွင့်အာဏာမရှိဘဲ မြေရယူမှု။ “အတ္တနောမတိ ဆုံးဖြတ်ချက်ကြောင့် ဆုံးရှုံးမှု” နှင့် “နှင်ထုတ်ခြင်း” တို့ကိုလည်း ကြည့်ပါ။

A B C D E F G H I J K **L** M N O P Q R S T U V W X Y Z

**Land information system (LIS)**: a system for acquiring, processing, storing and distributing information about land. The International Federation of Surveyors (FIG) has proposed the following definition:

- … a tool for legal, administrative and economic decision-making and an aid for planning and development. A land information system consists, on the one hand, of a database containing spatially referenced land related data for a defined area and, on the other, of procedures and techniques for the systematic collection, updating, processing and distribution of the data. The base of a land information system is a uniform spatial referencing system, which also simplifies the linking of data within the system with other land-related data.

**မြေယာဆိုင်ရာ အချက်အလက် စနစ် (LTS)** မြေယာနှင့်ဆိုင်သော အချက်အလက်များကို စုဆောင်းခြင်း၊ စီစစ်ခြင်း၊ သိမ်းဆည်းခြင်းနှင့် ဖြန့်ဝေခြင်း စနစ်။

နိုင်ငံတကာ တိုင်းတာရေးပညာရှင်များ အစည်းအရုံး (FIG) မှ အောက်ပါ အဓိပ္ပါယ် သတ်မှတ်ချက်ကို အဆိုပြုထားပါသည်။

ဥပဒေကြောင်းအရ၊ စီမံခန့်ခွဲမှုအရ နှင့် စီးပွားရေးအရ ဆုံးဖြတ်ချက် ချမှတ်ခြင်းအတွက်နှင့် စီမံကိန်း ရေးဆွဲခြင်းနှင့် ဖွံ့ဖြိုးမှု လုပ်ငန်းများအတွက် အသုံးပြုရန် နည်းလမ်း။ အခြားတစ်ဘက်တွင် မြေယာဆိုင်ရာ အချက်အလက်စနစ်တွင် သတ်မှတ်ထားသော ဧရိယာအတွက် အကွာအဝေးအားဖြင့် ရည်ညွှန်းထားသော မြေယာနှင့် သက်ဆိုင်သည့် အချက်အလက်များအတွက် အချက်အလက်စုဆောင်းမှု နှင့် အခြားတစ်ဘက်တွင် အချက်အလက်များကို စုဆောင်းခြင်း၊ နောက်ဆုံးအခြေအနေနှင့် ကိုက်ညီရန် ပြင်ဆင်ခြင်ခဲ်း၊ စီစစ်ခြင်းနှင့် ဖြန့်ချီခြင်းတို့ ပါဝင်သည်။ မြေယာဆိုင်ရာ အချက်အလက် စနစ်၏ အခြေခံမှာ စနစ်တွင်းရှိ အချက်အလက်ကို အခြား မြေယာနှင့် သက်ဆိုင်သော အချက်အလက်များနှင့် ချိတ်ဆက်ရာတွင် ပိုမိုလွယ်ကူစေမည့် တစ်သတ်မှတ်တည်း ဖြစ်သော အကွာအဝေးအားဖြင့် ရည်ညွှန်းထားသည့် စနစ် ရှိရန် ဖြစ်သည်။

**Land management**: the activities associated with making informed decisions about the allocation, use and development of land resources. It includes resource management, land administration, land policy and land information management. The objective is to put the country's land resources to best use and achieve social, environmental and economic sustainable development. The International Federation of Surveyors (FIG) has proposed the following definition:

- the process of managing the use and development of land resources. Some of the critical, and sometimes conflicting, objectives that must be addressed by land management policies today include:
- improving the efficiency of land resource use to support the rapidly growing population of many countries;
- providing incentives for development, including the provision of residential housing and basic infrastructure such as sewer and water facilities;
- protecting the natural environment from degradation;
- providing equitable and efficient access to the economic benefits of land and real estate markets;
- supporting government services through taxation and fees related to land and improvements.

See "land administration", which is a narrower concept.

**မြေယာ စီမံခန့်ခွဲမှု** မြေယာ အရင်းအမြစ်များကို ခွဲဝေခြင်း၊ အသုံးပြုခြင်းနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် အချက်အလက်အားလုံး ထည့်သွင်းစဉ်းစားထားသော ဆုံးဖြတ်ချက်များ ချမှတ်ခြင်းနှင့် သက်ဆိုင်သည့် လုပ်ငန်းများ။

၎င်းတွင် အရင်းအမြစ် စီမံခန့်ခွဲခြင်း၊ မြေယာ စီမံခန့်ခွဲခြင်း၊ မြေယာ မူဝါဒနှင့် မြေယာဆိုင်ရာ အချက်အလက် စီမံခန့်ခွဲခြင်းတို့ ပါဝင်သည်။ ရည်ရွယ်ချက်မှာ နိုင်ငံ၏ မြေယာ အရင်းအမြစ်များကို အကောင်းဆုံး အသုံးချကာ လူမှုရေး၊ ပတ်ဝန်းကျင်နှင့် စီးပွားရေးအရ ရေရှည်ခံသော ဖွံ့ဖြိုးမှု ရရှိနိုင်စေရန် ဖြစ်သည်။ နိုင်ငံတကာ တိုင်းတာရေးပညာရှင်များ အစည်းအရုံးမှ အောက်ပါ အဓိပ္ပါယ် သတ်မှတ်ချက်ကို အဆိုပြုထားပါသည်။

မြေယာအရင်းအမြစ်မျးကို အသုံးပြုခြင်းနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းများကို စီမံခန့်ခွဲသည့် လုပ်ငန်း။ ယနေ့ခေတ် မြေယာစီမံခန့်ခွဲမှု မူဝါဒမှ ဖော်ထုတ်ရမည့် အလွန်အရေးကြီးပြီး တစ်ခါတစ်ရံ ပြဿနာဖြစ်စေနိုင်သည့် ရည်ရွယ်ချက်အချို့တွင် ပါဝင်သည်မှာ

1. များစွာသော နိုင်ငံများ၏ လျှင်မြန်တွာ ကြီးထွားလာသော လူဦးရေကို အထောက်အကူပြုနိုင်ရန် မြေယာအရင်းအမြစ်များကို ထိရောက်စွာ သုံးစွဲမှုကို မြှင့်တင်ရန်၊
2. ရေဆိုးမြောင်းများ နှင့် ရေပေးဝေရေး အဆောက်အအုံများကဲ့သို့သော အခြေခံ အဆောက်အအုံများနှင့် လူနေအိမ်များ တည်ဆောက်ပေးခြင်း အပါအဝင် ဖွံ့ဖြိုးမှု လုပ်ငန်းများအတွက် မက်လုံးပေးရန်၊
3. သဘာဝပတ်ဝန်းကျင် ပျက်စီးခြင်းမှ ကာကွယ်ရန်၊
4. မြေယာများနှင့် အိမ်ခြံမြေများ၏ စီးပွားရေး အကျိုးဖြစ်ထွန်းမှုကို သာတူညီမျှဖြစ်စွာနှင့်
5. ထိရောက်သော ချဉ်းကပ်မှု ရရှိစေရန်၊ မြေယာနှင့် ဖွံ့ဖြိုးမှုနှင့် ဆက်စပ်သော အခွန်ကောက်ခံမှုနှင့် အခကြေးငွေများမှ တဆင့် အစိုးရ လုပ်ငန်းများကို ထောက်ပံ့ရန်။

ပိုမိုကျဉ်းမြောင်းသော သဘောတရားအတွက် "မြေယာ စီမံခန့်ခွဲမှု" ကို ကြည့်ပါ။

**Land parcel**: a specific area of land with defined boundaries. The boundaries are represented by a closed polygon. Also known as "lot" in some legal systems.

**မြေကွက်** သတ်မှတ်ထားသော နယ်နိမိတ်များ ရှိသည့် သတ်မှတ်ထားသည့် မြေဧရိယာ။

နယ်နိမိတ်များကို ဗဟုဂံအပိတ်ဖြင့် ဖော်ပြလေ့ရှိသည်။ အချို့သော ဥပဒေ စနစ်များတွင် "အကွက်" ဟုလည်း ခေါ်ဆိုသည်။

**Land policy**: the set of intentions embodied in various policy documents that are adopted by the government to organise land tenure and land use. Land policy will usually be guided by a set of basic principles, some of which are based on international agreements, while others are specific to national circumstances. These principles can include:

- encouragement of efficiency and promotion of economic development;
- promotion of equality and social justice;
- preservation of the environment and sustainable patterns of land use.

Not all countries have a coherent, consciously integrated and formally stated land policy. See "policy framework".

**မြေယာ မူဝါဒ** မြေဌားရမ်း သုံးစွဲမှုနှင့် မြေသုံးစွဲမှုကို စုစည်းရန် အစိုးရမှ အသုံးပြုသည့် များစွာသော မူဝါဒ စာရွက်စာတမ်းများ တွင် ထည့်သွင်းရေးသားထားသော ရည်ရွယ်ချက်များ။

မြေယာ မူဝါဒကို အခြေခံသဘောတရားများဖြင့် ထိန်းချုပ်ထားလေ့ ရှိပြီး အချို့သော အခြေခံ မူဝါဒများမှာ နိုင်ငံတကာ သဘောတူညီချက်များကို အခြေခံပြီး အချို့မှာ နိုင်ငံ၏ အခြေအနေတစ်ရပ်ရပ်ပေါ် အခြေခံသည်။ အဆိုပါ အခြေခံ သဘောတရားများတွင် ပါဝင်နိုင်သည်မှာ

စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်နိုင်မှုနှင့် ထိရောက်မှုကို အားပေးခြင်း

သာတူညီမျှ ရှိမှုနှင့် လူမှုရေးဆိုင်ရာ တရားမျှတမှုကို မြှင့်တင်ရန်

မြေယာအသုံးပြုမှုတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရန်နှင့် ရေရှည် တည်တံ့စေသော ပုံစံများ အသုံးပြုရန်

နိုင်ငံတိုင်းတွင်တော့ ရှေ့နောက် ဆီလျော်မှုရှိသော၊ အသိအားဖြင့် ပေါင်းစပ်ပါဝင်ပြီး တရားဝင် ဖော်ပြထားသည့် မြေယာ မူဝါဒ မရှိပါ။ "မူဝါဒ မူဘောင်" ကို ကြည့်ပါ။

**Land reallocation**: the process by which land rights are acquired by the government on a compulsory basis, and then reallocated to new owners. Its purpose is to improve the situation of those without land rights, with inadequate land rights or with insecure land rights. Land reallocation can often occur as part of a large programme sponsored by government and can take many years. Compensation for those people whose land is taken can be part of the programme.

**မြေယာ ပြန်လည် နေရာချထားခြင်း** မြေယာဆိုင်ရာ လုပ်ပိုင်ခွင့်များကို အစိုးရမှ အတင်းအကြပ် သိမ်းယူပြီး ပိုင်ရှင်အသစ်များထံ ပြန်လည် ခွဲဝေပေးသည့် လုပ်ငန်းစဉ်။

ရည်ရွယ်ချက်မှာ မြေယာဆိုင်ရာ လုပ်ပိုင်ခွင့်မရှိသူများ၊ မြေယာဆိုင်ရာ လုပ်ပိုင်ခွင့် အလုံအလောက် မရှိသူများနှင့် လုံခြုံစိတ်ချရသော မြေယာဆိုင်ရာ လုပ်ပိုင်ခွင့် မရှိသူများ၏ အခြေအနေကို မြှင့်တင်ပေးရန် ဖြစ်ပါသည်။ မြေယာ ပြန်လည်ခွဲဝေပေးခြင်း လုပ်ငန်းသည် အစိုးရမှ စိုက်ထုတ်လုပ်ဆောင်သော စီမံကိန်းကြီး တစ်ခု၏ အစိတ်အပိုင်းအဖြစ် လုပ်ဆောင်လေ့ရှိပြီး နှစ်ပေါင်းများစွာ ကြာမြင့်လေ့ ရှိပါသည်။ မြေသိမ်းယူခံရသူများအတွက် လျော်ကြေးပေးခြင်းသည်လည်း အစီအစဉ်၏ တစ်စိတ်တစ်ပိုင်း အဖြစ် ပါဝင်နိုင်ပါသည်။

**Land redistribution**: see "land reallocation".

**မြေယာ ပြန်လည် ဖြန့်ဝေခြင်း သို့မဟုတ် ထပ်မံခွဲဝေခြင်း**
" မြေယာ ပြန်လည် နေရာချထားခြင်း " ကို ကြည့်ပါ။

**Land reform**: a generic term for modifications in the legal and institutional framework governing land policy. Land reform is intended to implement changes in land policy that are designed to deliver the desired changes in areas of politics, economics and society. The most common types of land reform are probably those dealing with reallocations of land and those redistributing tenure rights. Land reform is a part of agrarian reform. See "agrarian reform" and "land reallocation".

**မြေယာ ပြင်ဆင်ပြောင်းလဲရေး** မြေယာ မူဝါဒကို ထိန်းကွပ်သည့် ဥပဒေနှင့် အဖွဲ့အစည်းဆိုင်ရာ မူဘောင်များကို ပြင်ဆင်ခြင်းများ အတွက် ယေဘုယျ စကားလုံး။

မြေယာ ပြင်ဆင်ပြောင်းလဲရေးကို နိုင်ငံရေး၊ စီးပွားရေး နှင့် လူမှုရေး နယ်ပယ်များတွင် လိုလားသော ပြောင်းလဲမှုများ ပြုလုပ်နိုင်မည့် မြေယာ မူဝါဒများ အပြောင်းအလဲများကို အကောင်အထည်ဖော်ရန် ရည်ရွယ်ပါသည်။ တွေ့ရများသော မြေယာ ပြင်ဆင်ပြောင်းလဲရေးများမှာ မြေယာ ပြန်လည် ခွဲဝေခြင်းနှင့် မြေငှားရမ်းလုပ်ပိုင်ခွင့်များကို ပြန်လည် ဖြန့်ဝေခြင်းတို့နှင့် သက်ဆိုင်ပါသည်။ "စိုက်ပျိုးမြေ ပြင်ဆင်ပြောင်းလဲခြင်း" နှင့် " မြေယာ ပြန်လည် နေရာချထားခြင်း " ကို ကြည့်ပါ။

**Land register**: an official record or list of each land parcel, which shows the ownership details and rights associated with each land parcel. The land register is used to record the transactions with the rights. Changes to land parcel boundaries should also be recorded in the land register. The land register is usually open to the public to find out details of the land parcels, ownership and rights. Two main objectives of the land register are to protect rights in land and to make it easier and cheaper to sell, give, lease or mortgage those rights. See also "deeds registry" and "land registry".

**မြေယာ မှတ်ပုံတင်** မြေကွက်တစ်ကွက်ချင်းအတွက် ပိုင်ဆိုင်မှု အသေးစိတ်နှင့် သက်ဆိုင်သော လုပ်ပိုင်ခွင့်များကို ဖော်ပြထားသည့် မြေကွက်တစ်ကွက်ချင်းအလိုက် တရားဝင် မှတ်တမ်း။

မြေယာ မှတ်ပုံတင်ကို လုပ်ပိုင်ခွင့်နှင့် ဆိုင်သော လုပ်ဆောင်ချက်များကိုလည်း မှတ်တမ်းတင်ရန် အသုံးပြုသည်။ မြေကွက် နယ်နိမိတ်များ ပြောင်းလဲခြင်းကိုလည်း မြေယာ မှတ်ပုံတင်တွင် ထည့်သွင်း မှတ်တမ်းတင်သင့်သည်။ မြေယာ မှတ်ပုံတင်သည် မြေကွက်များ၊ ပိုင်ဆိုင်မှုနှင့် လုပ်ပိုင်ခွင့်များ အသေးစိတ်အချက်များကို အများပြည်သူ ကြည့်ရှုနိုင်ရန် ဖွင့်ထားပေးလေ့ ရှိသည် ။ မြေယာ မှတ်ပုံတင်၏ အဓိက ရည်ရွယ်ချက် နှစ်ချက်မှာ မြေဆိုင်ရာ လုပ်ပိုင်ခွင့်များကို ကာကွယ်ရန် နှင့် အဆိုပါ လုပ်ပိုင်ခွင့်များကို ရောင်းချရန်၊ ပေးအပ်ရန်၊ ငှားရမ်းရန် သို့မဟုတ် အပေါင်ထားရန် ပိုမိုလွယ်ကူစေရန် ဖြစ်သည်။ "စာချုပ်မှတ်ပုံတင်" နှင့် "မြေယာမှတ်ပုံတင်" တို့ကိုလည်း ကြည့်ပါ။

**Land registrar**: the official who is responsible for keeping the land register at the land registry office.

**မြေယာ မှတ်ပုံတင်အရာရှိ** မြေယာ မှတ်ပုံတင်ရုံးတွင် မြေယာ မှတ်ပုံတင်များကို ထိန်းသိမ်းရန် တာဝန်ရှိသည့် အရာရှိ။

**Land registration**: the process of recording details of a land parcel, the rights in relation to it and the ownership of those rights, usually in a government run registration system (often known as the "land register" or "land registry"). Land registration provides an official, reliable source of information so that any person acquiring a property in good faith can trust in the information published by the registry.

**မြေယာ မှတ်ပုံတင်ခြင်း** မြေကွက်၏ အသေးစိတ်အချက်များ၊ သက်ဆိုင်သော လုပ်ပိုင်ခွင့်များ နှင့် အဆိုပါ လုပ်ပိုင်ခွင့်များကို ပိုင်ဆိုင်မှုများ ကို များသောအားဖြင့် အစိုးရ မှတ်ပုံတင် စနစ် ( "မြေယာ မှတ်ပုံတင်" သို့မဟုတ် "မြေယာမှတ်တမ်း" ဟုလည်း ခေါ်ဆိုလေ့ရှိသည်) တွင် မှတ်တမ်းတင်ခြင်း လုပ်ငန်းစဉ်။

မြေယာ မှတ်ပုံတင်ခြင်းကြောင့် တရားဝင် ယုံကြည်စိတ်ချရသော အချက်အလက် အရင်းအမြစ်ကို ပေးနိုင်ပြီး ပိုင်ဆိုင်မှုပစ္စည်းကို ရယူသူသည် မှတ်ပုံတင်ရုံးမှ ထုတ်ပြန်သော အချက်အလက်ကို ယုံကြည်စိတ်ချနိုင်ပါသည်။

A
B
C
D
E
F
G
H
I
J
K
L
M
N
O
P
Q
R
S
T
U
V
W
X
Y
Z

A B C D E F G H I J K L M N O P Q R S T U V W X Y Z

**Land registry/registration office**: the government agency responsible for the land register and land registration. The name of the office and the responsibilities vary considerably between countries, as does the staffing and equipment of the office. Land registry offices can be decentralised, with two or more around the country, or centralised, with a single office servicing the entire country.

**မြေယာ မှတ်ပုံတင်ရုံး/ မှတ်ပုံတင်ရုံး** မြေယာမှတ်ပုံတင် နှင့် မြေယာ မှတ်ပုံတင်ခြင်းအတွက် တာဝန်ရှိသော အစိုးရ ကိုယ်စားလှယ်။

ရုံးအမည်နှင့် တာဝန်များသည် နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံ သိသိသာသာ ကွာခြားနိုင်ပြီး ဝန်ထမ်းခန့်အပ်ခြင်းနှင့် ပစ္စည်းကိရိယာများသည်လည်း ကွာခြားနိုင်ပါသည်။ မြေယာ မှတ်ပုံတင် ရုံးများကို နိုင်ငံတွင်း နှစ်နေရာနှင့် အထက် ရှိစေခြင်းဖြင့် ဗဟိုချုပ်ကိုင်မှု လျှော့ချနိုင်သလို တစ်နိုင်ငံလုံးအတွက် တစ်ရုံးတည်းသာ ထားရှိခြင်းဖြင့် ဗဟိုမှ တိုက်ရိုက်ချုပ်ကိုင်နိုင်သည်။

**Land reform**: see "land reallocation".

**မြေယာ ပြင်ဆင်ပြောင်းလဲခြင်း** " မြေယာ ပြန်လည် နေရာချထားခြင်း " ကို ကြည့်ပါ။

**Land rights**: entitlements that affect land, such as the right to use, to occupy, to sell and to leave by inheritance. More than one person may hold rights to a parcel of land, which gives rise to the concept of a "bundle of rights" in English law.

**မြေယာဆိုင်ရာ အခွင့်အရေးများ** အသုံးပြုခွင့်၊ ဝင်ရောက်နေထိုင်ခွင့်၊ ရောင်းချခွင့် နှင့် အမွေပေးပိုင်ခွင့် ကဲ့သို့သော မြေအပေါ် သက်ရောက်မှုရှိသည့် လုပ်ပိုင်ခွင့်များ။

မြေကွက်တစ်ကွက်၏ လုပ်ပိုင်ခွင့်ကို လူတစ်ဦးထက် ပိုပြီး ပိုင်ဆိုင်နိုင်သည့်အတွက် အင်္ဂလိပ် ဥပဒေတွင် "လုပ်ပိုင်ခွင့် အစုအစည်း" ဟူသည့် သဘောတရား ဖြစ်ပေါ်လာသည်။

**Land system**: the system relating to land tenure. It provides the basis for access to land and natural resources. It defines the types of rights to land and natural resources that people can have, the security of those rights and the obligations that apply. The system comprises the policy, legislative and administrative frameworks relating to land and natural resources. See "land tenure" and "tenure system".

**မြေယာစနစ်** မြေဌားရမ်းမှုနှင့် သက်ဆိုင်သော စနစ်

မြေယာနှင့် သဘာဝ အရင်းအမြစ်များကို ရရှိနိုင်မှု အတွက် အခြေခံ ဖြစ်သည်။ ဤစနစ်မှ လူများအတွက် ရရှိနိုင်မည့် မြေယာနှင့် သဘာဝအရင်းအမြစ်ဆိုင်ရာ လုပ်ပိုင်ခွင့် အမျိုးအစားများနှင့် အဆိုပါ လုပ်ပိုင်ခွင့်များအတွက် စိတ်ချလုံခြုံမှုနှင့် ဖြစ်ပေါ်လာသော တာဝန်များကို သတ်မှတ်သည်။ စနစ်တွင် မြေယာနှင့် သဘာဝ အရင်းအမြစ်နှင့် သက်ဆိုင်သော မူဝါဒ၊ ဥပဒေနှင့် စီမံခန့်ခွဲမှု မူဘောင်တို့ ပါဝင်သည်။ "မြေယာလုပ်ပိုင်ခွင့်" နှင့် "မြေယာလုပ်ပိုင်ခွင့် စနစ်" ကို ကြည့်ပါ။

**Land tenure**: the relationship, whether legally or customarily defined, among people, as individuals or groups, with respect to land and sometimes the associated natural resources (water, trees, minerals, etc.). Rules of tenure define how property rights in land are to be allocated within societies. Land tenure determines who can use what resources, for how long, and under what conditions. See "tenure system".

**မြေယာလုပ်ပိုင်ခွင့်** မြေနှင့် တစ်ခါတစ်ရံတွင် သဘာဝ အရင်းအမြစ်များ □ရေ၊ သစ်ပင်၊ သတ္တု၊ စသည်□ တို့နှင့် ပတ်သက်ပြီး လူတစ်ဦး သို့မဟုတ် အုပ်စုများအကြား ဥပဒေအရ ဖြစ်စေ ဓလေ့ထုံးတမ်းအရဖြစ်စေ တည်ရှိနေသော ဆက်နွယ်ချက်။

မြေယာလုပ်ပိုင်ခွင့်သည် စည်းမျဉ်းများမှ ပိုင်ဆိုင်မှု ပစ္စည်းဆိုင်ရာ လုပ်ပိုင်ခွင့်များကို လူမှုဝန်းကျင်အတွင်း မည်သို့ ခွဲဝေရမည်ကို သတ်မှတ်သည်။ မြေယာလုပ်ပိုင်ခွင့်သည် မည်သူမှ မည်သည့် အရင်းအမြစ်ကို မည်သည့် ကာလအတွင်း မည်သည့် စည်းကမ်းချက်များအရ အသုံးပြုနိုင်သည်ကို သတ်မှတ်သည်။ " မြေယာလုပ်ပိုင်ခွင့်စနစ်" ကို ကြည့်ပါ။

**Land tenure reform**: changes to the rules of tenure. It can include the legal recognition of customary tenure rights, strengthening the rights of tenants, etc. Its aim is to improve access to land, particularly for those with little or no land, or those with only weak land rights. See "agrarian reform".

**မြေယာလုပ်ပိုင်ခွင့် ပြောင်းလဲမှု** မြေယာလုပ်ပိုင်ခွင့် စည်းမျဉ်းများကို ပြောင်းလဲခြင်းများ။

၎င်းတွင် ဓလေ့ထုံးတမ်းအရ မြေယာလုပ်ပိုင်ခွင့်များကို ဥပဒေအရ အသိအမှတ်ပြုခြင်း၊ ငှားရမ်းသူများ၏ လုပ်ပိုင်ခွင့်များကို ပိုမို ခိုင်မာစေခြင်း စသည်တို့ ပါဝင်သည်။ ရည်ရွယ်ချက်မှာ မြေပိုင်မရှိသူများ သို့မဟုတ် မခိုင်မာသော မြေယာလုပ်ပိုင်ခွင့် ရှိသူများအတွက် မြေရရှိနိုင်မှုကို မြှင့်တင်ရန် ဖြစ်သည်။ "စိုက်ပျိုးမြေ ပြင်ဆင်ပြောင်းလဲခြင်း" ကို ကြည့်ပါ။

**Land tenure system**: see "tenure system".

**မြေယာလုပ်ပိုင်ခွင့် စနစ်** "မြေယာလုပ်ပိုင်ခွင့် စနစ်" ကို ကြည့်ပါ။

**Land title**: an official document, which is usually issued to the owner by the land registry, showing the details of the land parcel, the name of the owner, the rights in relation to the land parcel, and the name and rights of any other persons, such as a tenant or lender. The land title provides evidence of a person's rights to the land. A land title can also be called a "certificate of title" or "title deed". See also "land certificate".

**မြေယာပိုင်ဆိုင်မှု** မြေကွက်၏ အသေးစိတ်အချက်များ၊ ပိုင်ရှင်အမည်၊ မြေကွက်နှင့် ဆိုင်သော လုပ်ပိုင်ခွင့်များနှင့် မြေငှားသို့မဟုတ် မြေငှားရမ်းသူ စသည့် အခြားသူတို့၏ အမည်နှင့် လုပ်ပိုင်ခွင့်များကို ဖော်ပြထားသော မြေယာ မှတ်ပုံတင်ရုံးမှ ပိုင်ရှင်ထံသို့ ထုတ်ပေးလေ့ရှိသည့် တရားဝင် စာရွက်စာတမ်း။

မြေအမည်ပေါက်သည် လူတစ်ဦး၏ မြေနှင့်ဆိုင်သော လုပ်ပိုင်ခွင့်များအတွက် သက်သေ ဖြစ်သည်။ မြေအမည်ပေါက်ကို "အမည်ပေါက် စာရွက်စာတမ်း" သို့မဟုတ် "အမည်ပေါက် စာချုပ်" ဟုလည်း ခေါ်ဆိုသည်။ "မြေယာ လက်မှတ်" ကို ကြည့်ပါ။

A B C D E F G H I J K L M N O P Q R S T U V W X Y Z

A B C D E F G H I J K **L** M N O P Q R S T U V W X Y Z

**Land use**: the arrangements, activities and inputs people undertake on land to produce, change or maintain it. A more inclusive definition of land use is often used in practice. Any given area of land is usually used to satisfy multiple objectives or purposes. Land use information provides answers to one or more of the following questions concerning the current use of the land:

- What: the purpose of activities undertaken - e.g. the specific products and services, that are sought
- Where: the geographic location and extent of the spatial unit under consideration
- When: the temporal aspects of various activities undertaken - e.g. the sequence of carried out operations like planting, weeding, etc.
- How: the technologies employed - e.g. technological inputs/ materials such as fertilizer, irrigation, labor, etc.
- How much: quantitative measures - e.g. areas, products
- Why: the reasons underlying the current land use – e.g. land tenure, labour costs, market conditions, etc."

**မြေ အသုံးချမှု** မြေပေါ်တွင် ထုတ်လုပ်ရန် ပြောင်းလဲရန် သို့မဟုတ် ထိန်းသိမ်းရန် လူများမှ လုပ်ဆောင်သော ထည့်ဝင်မှုများ၊ လုပ်ဆောင်မှုများနှင့် အစီအစဉ်များ။

ပိုမိုခြုံငုံမိသော မြေအသုံးချမှု အဓိပ္ပါယ် သတ်မှတ်ချက်ကို လက်တွေ့တွင် အသုံးပြုလေ့ ရှိသ်။ မည်သည့် မြေနေရာကို မဆို များစွာသော ရည်ရွယ်ချက်များ သို့မဟုတ် ဦးတည်ချက်များ အတွက် အသုံးပြုလေ့လ ရှိသည်။ လက်ရှိ မြေကို အသုံးပြုမှုနှင့် စပ်လျဥ်းသော အောက်ပါ မေးခွန်းများထဲမှ မေးခွန်းတစ်ခုမကကို မြေအသုံးချမှု အချက်အလက်များမှ အဖြေ ပေးနိုင်သည်။

ဘာလုပ်သလဲ။ ။ လုပ်ဆောင်ထားသော လုပ်ဆောင်ချက်များ၏ ရည်ရွယ်ချက်။ ဥပမာ အလိုရှိသော ထွက်ကုန် နှင့် ဝန်ဆောင်မှု

ဘယ်မှာလဲ။ ။ ပထဝီဝင်အနေအထား နှင့် ထည့်သွင်းစဉ်းစားနေသော အကျွာအဝေး ယူနစ်၏ အတိုင်းအတာ

ဘယ်အချိန်လဲ။ ။ လုပ်ဆောင်ထားသော လုပ်ဆောင်ချက်များ၏ အချိန်အစဉ်လိုက် ရှုထောင့်။ ဥပမာ သစ်ပင်စိုက်ခြင်း၊ ပေါင်းနှုတ်ခြင်း စသည့် လုပ်ငန်းများ ဆောင်ရွက်ပုံ အဆင့်ဆင့်။

ဘယ်လိုလုပ်လဲ။ ။ အသုံးပြုသော နည်းပညာများ။ ဥပမာ မြေဩဇာ၊ ရေသွင်းရေထုတ် စသည့် နည်းပညာဆိုင်ရာ ထည့်ဝင်မှုများ / ပစ္စည်းများ

ဘယ်လောက်ပမာဏလဲ။ ။ အရေအတွက် တိုင်းတာမှု။ ဥပမာ ဧရိယာ၊ ထွက်ကုန်

ဘာကြောင့်လဲ။ ။ လက်ရှိ မြေအသုံးပြုမှု၏ အကြောင်းရင်းများ။ ဥပမာ မြေငှားရမ်းမှု၊ အလုပ်သမားစရိတ်၊ ဈေးကွက် အနေအထား စသည်။

**Land-use planning**: the systematic assessment of land and water potential, alternative patterns of land use and other physical, social and economic conditions, for the purpose of selecting and adopting land use options which are most beneficial to society and land users without degrading the resources or the environment, together with the selection of measures most likely to encourage such land uses. See also "land management".

**မြေအသုံးချမှု စီမံကိန်း ရေးဆွဲခြင်း** ပတ်ဝန်းကျင်နှင့် အရင်းအမြစ်များကို ထိခိုက်စေခြင်း မရှိဘဲ လူမှုဝန်းကျင်နှင့် မြေအသုံးပြုသူများအတွက် အကောင်းဆုံး အကျိုးဖြစ်ထွန်းစေမည့် မြေအသုံးချ ရွေးချယ်စရာများကို ရွေးချယ် သုံးစွဲရန် ရည်ရွယ်ချက်ဖြင့် မြေနှင့်ရေ အလားအလာ၊ အခြား မြေအသုံးချမှု ပုံစံများ နှင့် အခြား ရုပ်ပိုင်းဆိုင်ရာ၊ လူမှုဝန်းကျင်နှင့် စီးပွားရေး အခြေအနေများကို စနစ်တကျ အကဲဖြတ်ပြီး အဆိုပါ မြေအသုံးပြုမှုများကို အားပေးအားမြှောက် ဖြစ်စေနိုင်ဆုံးသော နည်းလမ်းများကို ရွေးချယ်ခြင်း။ "မြေယာ စီမံခန့်ခွဲမှု" ကိုလည်း ကြည့်ပါ။

**Landlord**: the owner of property (or someone with a lease from the owner – see sublease) who gives the right of exclusive occupation of the property to another person (known as the tenant or lessee) for a period of time in exchange for payment of rent. The landlord is also known as the "lessor". See "lease".

**မြေရှင်** အိမ်ငှားခ အခကြေးငွေနှင့် လဲလှယ်ကာ အချိန်ကာလတစ်ခုအတွက် အခြားလူတစ်ဦးထံသို့ (မြေငှား သို့မဟုတ် အိမ်ငှား ဟု ခေါ်ဆိုသည်) မြေပေါ်တွင် ဝင်ရောက်နေထိုင်ခွင့် အထူးလုပ်ပိုင်ခွင့်ကို ပေးအပ်ထားသော မြေပိုင်ရှင် (သို့မဟုတ် ပိုင်ရှင်ထံမှ ငှားရမ်းထားသူ - နှစ်ဆင့် ငှားရမ်းခြင်း ကို ကြည့်ပါ)။ မြေရှင်ကို "အိမ်ရှင်" ဟုလည်း ခေါ်သည်။ "ငှားရမ်းမှု" ကို ကြည့်ပါ။

**Lease**: an agreement between an owner (known as the "landlord" or "lessor") and another person (known as the "tenant" or "lessee") that gives the tenant certain rights over the property for a limited time. The rights usually include the right to occupy the property and occasionally the right to transfer the lease to another person, sub-lease, build on the property and mortgage the lease rights. A lease can be in writing or by oral agreement. It is usually for a fixed period and involves the payment of rent to the landlord.

**မြေငှားစာချုပ်** ပိုင်ရှင် ("မြေရှင်" သို့မဟုတ် "အိမ်ရှင်" ဟု ခေါ်သည်) နှင့် အခြားသူ တစ်ဦး ("မြေငှား" သို့မဟုတ် "အိမ်ငှား" ဟု ခေါ်သည်) ကြား ပိုင်ဆိုင်မှု ပစ္စည်းအတွက် လုပ်ပိုင်ခွင့်အချို့ကို အချိန်အတိုင်းအတာတစ်ခုအတွက် မြေငှားသို့ ပေးအပ်သည့် စာချုပ်။

လုပ်ပိုင်ခွင့်များထဲတွင် ပါဝင်တတ်သည်များမှာ ပိုင်ဆိုင်မှုအတွင်း ဝင်ရောက်နေထိုင်ခွင့် နှင့် အခါအားလျော်စွာ အခြားသူတစ်ဦးသို့ ငှားရမ်းမှုကို လွှဲပြောင်းခွင့်၊ နှစ်ဆင့် ငှားရမ်းခွင့်၊ ပိုင်ဆိုင်မှုပေါ်တွင် ဆောက်လုပ်ခွင့်နှင့် ငှားရမ်းခွင့်များကို အပေါင်ထားခွင့်တို့ ပါဝင်သည်။ မြေငှားစာချုပ်ကို စာဖြင့်ရေးသားပြီး ဖြစ်စေ နှုတ်ဖြင့် ဖြစ်စေ ချုပ်ဆိုနိုင်သည်။ များသောအားဖြင့် သတ်မှတ်ထားသော အချိန်ကာလအတွက်သာဖြစ်ပြီး မြေရှင်ထံသို့ ငှားရမ်းခ ပေးသွင်းရန် ပါဝင်လေ့ ရှိသည်။

**Legal framework**: the body of laws, decrees, regulations, orders and other documents issued by the parliament and government to regulate how people behave. The legal framework can also include international treaties and agreements.

**ဥပဒေ မူဘောင်** လူအများ မည်သို့ ပြုမူရမည်နှင့် ပတ်သက်ပြီး စည်းကမ်းသတ်မှတ်ရန် လွှတ်တော်နှင့် အစိုးရမှ ထုတ်ပြန်သော ဥပဒေပြု အဖွဲ့များ၊ တရားရုံး အမိန့်များ၊ စည်းမျဉ်းများ၊ အမိန့်များ နှင့် အခြား စာရွက်စာတမ်းများ။

**Legislation**: the laws adopted by a country's parliament and any subordinate legislation, such as decrees, regulations and instructions that are issued by the government.

**ဥပဒေ** အစိုးရမှ ထုတ်ပြန်သည့် တရားရုံး အမိန့်များ၊ စည်းမျဉ်းများ နှင့် ညွှန်ကြားချက်များ ကဲ့သို့သော နိုင်ငံ၏ လွှတ်တော်နှင့် အခြား ဥပဒေပြုရေး လက်အောက်ခံ အဖွဲ့များမှ အသုံးပြုသည့် ဥပဒေများ။

**Legalization**: see "regularization".

**ဥပဒေနှင့် အညီ ဖြစ်စေခြင်း** "တရားဝင် ဖြစ်စေခြင်း" ကို ကြည့်ပါ။

**Legal recognition of rights**: a State sponsored process that adds something to the right being recognized. It involves acknowledgement, endorsement and a declaration to third parties that the state accepts and recognizes the right and its owner. This can require legislative action. Often legal recognition leads to a recording in a government sponsored record keeping system, such as a land registry. Legal recognition is to be contrasted with the informal situation, where the State is not involved and there is no formal record of the right.

**လုပ်ပိုင်ခွင့်များကို ဥပဒေအရ အသိအမှတ်ပြုခြင်း**

အသိအမှတ်ပြုထားသော လုပ်ပိုင်ခွင့်တွင် တစ်စုံတစ်ခု ထည့်သွင်းသည့် နိုင်ငံတော်မှ စိုက်ထုတ်လုပ်ကိုင်သော လုပ်ငန်းစဉ်။ ၎င်းတွင် အသိအမှတ်ပြုခြင်း၊ ထောက်ခံခြင်းနှင့် လုပ်ပိုင်ခွင့်များနှင့် ၎င်းတို့၏ ပိုင်ရှင်ကို နိုင်ငံတော်မှ အသိအမှတ်ပြုကြောင်း တတိယအဖွဲ့အစည်းများသို့ ကြေငြာခြင်းတို့ ပါဝင်သည်။ ဤသို့ ပြုလုပ်ရန် ဥပဒေအရ လုပ်ဆောင်ချက် လိုအပ်နိုင်သည်။ ဥပဒေအရ အသိအမှတ်ပြုခြင်းသည် မြေယာ မှတ်ပုံတင် ကဲ့သို့သော အစိုးရမှ လုပ်ကိုင်သည့် မှတ်တမ်းထဲသို့ ထည့်သွင်းခြင်း လုပ်ဆောင်ရလေ့ ရှိတတ်သည်။ အစိုးရမှ ပါဝင်ပတ်သက်ခြင်းမရှိဘဲ လုပ်ပိုင်ခွင့်ကို တရားဝင် မှတ်တမ်းတင်ခြင်းမရှိသည့် အရပ်ဘက်အနေအထား မျိုးနှင့် ဥပဒေအရ အသိအမှတ်ပြုခြင်းသည် ဆန့်ကျင်သည်။

**Legitimate tenure rights**: rights to land that are formally recognized by law, and also those rights that, while not currently protected by law, are considered to be socially legitimate in local societies. Two types of legitimate tenure rights can be identified as follows:

<u>Legal legitimacy</u> (legitimate through the law; legally recognized)

- Ownership rights recognized by law including rights of individuals, families and groups, and customary rights recognized by the law;
- Use rights recognized by law including leases, sharecropping and license agreements, easements.

<u>Social legitimacy</u> (legitimate through broad social acceptance even without legal recognition)

- Customary and indigenous rights to resources vested in the state in trust for the citizens;
- Customary rights on state land, e.g. forest communities;
- Informal settlements on private and public land where the state has accepted that it is not possible to relocate the people;
- Squatters on private and public land who have almost fulfilled the requirements for acquiring the land through prescription or adverse possession.

**တရားဝင်သော မြေယာလုပ်ပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများ**

ဥပဒေအရ တရားဝင် အသိအမှတ်ပြုထားသော မြေယာဆိုင်ရာ လုပ်ပိုင်ခွင့်များ နှင့် လက်ရှိတွင် ဥပဒေအရ ကာကွယ်ထားခြင်း မရှိသော်လည်း ဒေသခံ လူမှုဝန်းကျင်များတွင် လူမှုဝန်းကျင်အရ တရားဝင်ဖြစ်သည်ဟု မှတ်ယူထားသည့် လုပ်ပိုင်ခွင့်များ ။ တရားဝင် ငှားရမ်း လုပ်ပိုင်ခွင့် နှစ်မျိုးကို အောက်ပါအတိုင်း သတ်မှတ်နိုင်သည်။

ဥပဒေအရ တရားဝင်ဖြစ်ခြင်း

(ဥပဒေအရ တရားဝင် ဖြစ်သည်။ ဥပဒေအရ အသိအမှတ်ပြုသည်။)

တစ်ဦးချင်း၊ မိသားစုများနှင့် အုပ်စုများ၏ လုပ်ပိုင်ခွင့်များနှင့် ဥပဒေမှ အသိအမှတ်ပြုသည့် ပိုင်ဆိုင်မှု လုပ်ပိုင်ခွင့်များ။

ငှားရမ်းခြင်း၊ မျှဝေ စိုက်ပျိုးခြင်း နှင့် လိုင်စင် သဘောတူညီချက်များ၊ အခြားသူပိုင်မြေပေါ် အထူးအကျိုးခံစားခွင့်များ ပါဝင်သည့် ဥပဒေမှ အသိအမှတ်ပြုထားသော အသုံးချမှု လုပ်ပိုင်ခွင့်များ။

လူမှုဝန်းကျင်အရ ဥပဒေနှင့် အညီဖြစ်ခြင်း

(ဥပဒေမှ အသိအမှတ်ပြုခြင်း မရှိသော်လည်း ကျယ်ပြန့်သော လူမှုဝန်းကျင် လက်ခံချက်အရ ဥပဒေနှင့် အညီဖြစ်ခြင်း။)

နိုင်ငံသားများအတွက် နိုင်ငံတော်ထံသို့ ယုံကြည်အပ်နှင်းထားသည့် အရင်းအမြစ်များ၏ ဓလေ့ထုံးတမ်း နှင့် ဒေသခံ လုပ်ပိုင်ခွင့်များ။

အစိုးရပိုင် မြေပေါ်မှ ဓလေ့ထုံးတမ်းအရ လုပ်ပိုင်ခွင့်များ၊ ဥပမာ သစ်တော လူမှုအဖွဲ့အစည်းများ။

လူများကို ပြန်လည်နေရာချထားရန် မဖြစ်နိုင်ဟု နိုင်ငံတော်မှ လက်ခံသည့် ပုဂ္ဂလိကပိုင်နှင့် အများပိုင် မြေများအတွက် အရပ်တွင်း ဖြေရှင်းချက်များ။

ကုစားခြင်းနှင့် ပိုင်ရှင်၏ သဘောဆန္ဒမပါဘဲ ပိုင်ဆိုင်ခြင်းတို့မှ တဆင့် မြေကို ရယူနိုင်ရန် လိုအပ်ချက်များအားလုံးကို ဖြည့်ဆည်းပြီးသော ပုဂ္ဂလိက နှင့် အများပိုင်မြေပေါ်တွင် ကျူးကျော်နေထိုင်သူများ။

**Lessee:** see "tenant".

**အိမ်ငှား** "မြေငှား" ကို ကြည့်ပါ။

**Lessor**: see "landlord".

**အိမ်ရှင်** "မြေရှင်" ကို ကြည့်ပါ။

**Licence**: a right to do something on another person's land based on a contractual right, rather than a land right. It is less secure than a lease or an easement, and can be terminated by the owner of the land. A licence covers a wide range of agreements, such as a timber licence, which allows a person to go onto land and cut timber.

**လိုင်စင်** အခြားသူတစ်ဦး၏ မြေပေါ်တွင် မြေယာ လုပ်ပိုင်ခွင့်ကြောင့် မဟုတ်ဘဲ စာချုပ်ပါ လုပ်ပိုင်ခွင့်အပေါ် အခြေခံသည့် တစ်စုံတစ်ရာ လုပ်ပိုင်ခွင့်။

၎င်းသည်မှာ ငှားရမ်းခြင်း သို့မဟုတ် အခြားသူပိုင်မြေပေါ် အထူးအကျိုးခံစားခွင့် ရှိခြင်းတို့လောက် စိတ်မချရဘဲ မြေပိုင်ရှင်မှ ဖျက်သိမ်းနိုင်သည်။ လိုင်စင်တွင် မြေယာအတွင်း ဝင်ရောက်ပြီး သစ်ခုတ်နိုင်သော သစ်လိုင်စင်ကဲ့သို့ ကျယ်ပြန့်သော သဘောတူညီချက်များ ပါဝင်နိုင်သည်။

**Limitation period**: a time period specified in a law (usually in the civil code or civil procedure code) that sets an outer limit on when court proceedings can be started. The period varies from country to country, and it can be five, ten, 12 years or even longer. The limitation period works by stopping the owner from brining court proceedings to remove the person occupying or squatting on the land if the owner waits too long. In this way, the person occupying or squatting in is able to claim the right or ownership. The period is sometimes different if the person who is occupying or squatting knows that he or she is on another person's land ("innocent" versus "guilty" occupation). Also known as "statute of limitations".

**စည်းသတ်ကာလ** တရားရုံးတွင် အမှုဖွင့်နိုင်သည့် နောက်ဆုံးကာလအဖြစ် ဥပဒေတွင် (များသောအားဖြင့် civil code သို့မဟုတ် civil procedure codeတို့တွင်) သတ်မှတ်ထားသော အချိန်ကာလ။

ထိုကာလမှာ တစ်နိုင်ငံနှင့် တစ်နိုင်ငံ မတူညီနိုင်ဘဲ ငါးနှစ်၊ ဆယ်နှစ်၊ ဆယ့်နှစ်နှစ် နှင့် ထို့ထက်ပိုပြီး ကြာနိုင်ပါသည်။ ပိုင်ရှင်မှ အချိန်ကြာမြင့်စွာ စောင့်ဆိုင်းပါက မြေပေါ်သို့ ဝင်ရောက်နေထိုင်သူ သို့မဟုတ် ကျူးကျော်နေထိုင်သူကို ဖယ်ရှားရန် တရားရုံးသို့ လျှောက်ထားနိုင်ခြင်းကို စည်းသတ်ကာလမှ ဟန့်တားသည်။ ထို့ကြောင့် ဝင်ရောက်နေထိုင်သူ သို့မဟုတ် ကျူူးကျော်သူသည် ရပိုင်ခွင့် သို့မဟုတ် ပိုင်ဆိုင်လိုမှုအတွက် လျှောက်ထားနိုင်သွားသည်။ ဝင်ရောက်နေထိုင်သူ သို့မဟုတ် ကျူးကျော်နေထိုင်သူသည် အခြားသူတစ်ဦး၏ မြေပေါ်တွင် ဝင်ရောက်နေထိုင်နေကြောင်း သိပါက ("အပြစ်မရှိ" နှင့် "အပြစ်ရှိ" ဝင်ရောက်နေထိုင်ခြင်း) စည်းသတ်ကာလသည် အပြောင်းအလဲ ရှိနိုင်သည်။ "ကာလစည်းသတ် သတ်မှတ်ချက်" ဟုလည်း ခေါ်သည်။

**Lot**: see "land parcel".

**အကွက်** "မြေကွက်" ကို ကြည့်ပါ။

**Land use**: the manner in which land is used, including the nature of the vegetation on its surface. See "regulated use".

**မြေအသုံးချမှု** မြေပေါ်မှ သစ်ပင် ပေါက်ပင်များ၏ သဘာဝ အပါအဝင် အဆိုပါ မြေကို မည်သို့အသုံးချသည့်ပုံ။ "စည်းကမ်းအတိုင်း အသုံးချမှု" ကို ကြည့်ပါ။

A
B
C
D
E
F
G
H
I
J
K
L
M
N
O
P
Q
R
S
T
U
V
W
X
Y
Z

A B C D E F G H I J K L M N O P Q R S T U V W X Y Z

**Management right**: a form of concession.

**စီမံခန့်ခွဲပိုင်ခွင့်** မြေငှားရမ်းအသုံးချမှု ပုံစံတစ်မျိုး။

**Matrimonial property**: property, including rights to land, that belongs to a husband and wife. The rules on what is matrimonial property and how it is distributed in case of divorce or death are usually specified in a law, such as a civil code, family code or family law. Land can be regarded as matrimonial property even if only the husband or only the wife is shown in documents or the land register as the owner.

**လက်ထပ်ပွား ပိုင်ဆိုင်ပစ္စည်း** ခင်ပွန်းနှင့် ဇနီးတို့ ပိုင်ဆိုင်သည့် မြေယာဆိုင်ရာ လုပ်ပိုင်ခွင့်များ အပါအဝင် ပိုင်ဆိုင်မှု ပစ္စည်း။

လက်ထပ်ပွား ပိုင်ဆိုင်ပစ္စည်း သတ်မှတ်ချက်အတွက် စည်းမျဉ်းများနှင့် ကွာရှင်းခြင်း သို့မဟုတ် သေဆုံးခြင်း ဖြစ်ပေါ်သည့်အခါ မည်သို့ ခွဲခြမ်းရမည်ကို Civil code, family code သို့မဟုတ် family law အစရှိသည်တို့တွင် ပြဌာန်းထားသည်။ မြေမှတ်ပုံတင်ပေါ်တွင် ခင်ပွန်း သို့မဟုတ် ဇနီး တစ်ဦးကိုသာ ပိုင်ရှင်အဖြစ် ဖော်ပြထားလျှင်ပင် အဆိုပါမြေကို လက်ထပ်ပွားအဖြစ် သတ်မှတ်နိုင်သည်။

**Monitor**: to gather information on something from time to time, often using a pre-agreed set of indicators. The information can then be compared over time. See "evaluate".

**စောင့်ကြည့်သည်** တစ်စုံတစ်ခုအတွက် ကြိုတင် သဘောတူညီထားသော အညွှန်းများကို အသုံးပြုပြီး ရံဖန်ရံခါ သတင်းအချက်အလက် ကောက်ယူခြင်း။

အချက်အလက်များကို အချိန်ကာလအလိုက် နှိုင်းယှဉ်နိုင်သည်။ "အကဲဖြတ်သည်" ကို ကြည့်ပါ။

**Mortgage**: a loan of money for which re-payment is secured by giving the mortgagee (or "lender") the right to sell a property and keep the sale price (up to the value of the unpaid mortgage and interest) if the money is not repaid on time. Also known as "hypothec" in civil law systems.

**မြေပေါင်ခံခြင်း** မြေပေါင်ခံသူသို့ (သို့မဟုတ် " ကြွေးရှင်") ထံသို့ ငွေပြန်မဆပ်နိုင်ပါက ပိုင်ဆိုင်ပစ္စည်းကို ရောင်းချပြီး ရောင်းရငွေကို ယူနိုင်သည့် အခွင့်ကို ပေးပြီး ပြန်ဆပ်ရန် သေချာစေသော နည်းဖြင့် ချေးသည့် ချေးငွေ။

"အပေါင်ခံခြင်း" ဟု တရားမဥပဒေစနစ်များတွင် ခေါ်ဆိုသည်။

**Mortgagee**: the person who lends money to someone, and who has the right to sell the person's property if the loan is not repaid in time. Also known as the "lender".

**မြေပေါင်ခံသူ** တစ်စုံတစ်ယောက်သို့ ငွေထုတ်ချေးပြီး အချိန်မီ ချေးငွေ ပြန်မဆပ်ပါက ပိုင်ဆိုင်ပစ္စည်းကို ရောင်းချခွင့် ရှိသူ။

"ကြွေးရှင်" ဟုလည်း ခေါ်ဆိုသည်။

**Mortgagor**: the owner of a property who borrows money and gives his or her property as security for repaying the loan and interest. Also known as the "borrower".

**မြေပေါင်သူ** ချေးငွေယူပြီး ချေးငွေနှင့် အတိုးပြန်ဆပ်မည့် အကြောင်း သေချာစေရန် မိမိပိုင် ပစ္စည်း၏ လုပ်ပိုင်ခွင့်ကို ပေးထားသောသူ။

"ငွေချေးသူ" ဟုလည်း ခေါ်ဆိုသည်။

# N

**Nationalization**: a form of expropriation in which a State will take over ownership of private assets, particularly businesses and infrastructure, as well as the land on which the businesses operate.

**နိုင်ငံပိုင် သိမ်းခြင်း** အထူးသဖြင့် စီးပွားရေး လုပ်ငန်းများနှင့် အခြေခံ အဆောက်အအုံများ ဖြစ်သော ပုဂ္ဂလိက ပိုင်ဆိုင်မှု နှင့် စီးပွားရေး လုပ်ကိုင်နေသည့် မြေနေရာကိုပါ နိုင်ငံတော်မှ သိမ်းယူခြင်း ပုံစံတစ်မျိုး။

**Nomadic**: not fixed to one place; moving from place to place over time.

**လှည့်လည်သွားလာမှု** နေရာ အတည်တကျ မရှိ၊ တစ်နေရာမှ တစ်နေရာသို့ အချိန်တိုင်း ရွှေ့ပြောင်းနေမှု။

**Non-judicial**: in the context of resolving conflicts, non-judicial mechanisms are ways of settling conflicts and disputes by means other than the courts, such as assisted negotiations, mediation and arbitration.

**တရားရုံးဖြင့် ဖြေရှင်းခြင်း မဟုတ်သော**

**ပြဿနာများ ဖြေရှင်းရာတွင် တရားရုံးဖြင့် ဖြေရှင်းခြင်း** မဟုတ်သည့် ယန္တရားများသည် ပြဿနာများနှင့် အငြင်းပွားမှုများကို တရားရုံးအစား ကူညီ ညှိနှိုင်းခြင်းများ၊ ကြားဝင် ဖျန်ဖြေခြင်းနှင့် ခုံသမာဓိဖြင့် ဖြေရှင်းခြင်းနည်းများဖြင့် ဖြေရှင်းသည်။

**Notary**: a legally qualified person who formalizes transactions with property. There are two main types of notaries: those in the German/Swiss tradition and those in the French/Spanish tradition. Their roles vary depending on the tradition, but in general, they make a transaction official by affixing their stamp and signature. In many places, they keep an archive of all transactions. They generally report to the Ministry of Justice.

**နိုတြီရှေ့နေ** ပိုင်ဆိုင်ပစ္စည်းနှင့်ဆိုင်သော လုပ်ဆောင်ချက်များကို တရားဝင်ဖြစ်စေရန် ပြုလုပ်ပေးသည့် ဥပဒေအရ အရည်အချင်းပြည့်မီသည့် ပုဂ္ဂိုလ်။

အဓိက နိုတြီရှေ့နေ နှစ်မျိုး ရှိသည်မှာ ဂျာမန်/ဆွဒ်ဇ် ရိုးရာ ရှေ့နေများနှင့် ပြင်သစ်/ စပိန် ရိုးရာ ရှေ့နေများ ဖြစ်ကြသည်။ ရိုးရာကိုလိုက်ပြီး ၎င်းတို့၏ အခန်းကဏ္ဍများ ကွာခြားကြသော်လည်း ယေဘုယျအားဖြင့် ၎င်းတို့၏ တံဆိပ်တုံး ထုနှိပ်ကာ လက်မှတ်ထိုးခြင်းဖြင့် လုပ်ဆောင်ချက်ကို တရားဝင်အောင် ပြုလုပ်ကြသည်။ များစွာသော နေရာများတွင် ၎င်းတို့သည် လုပ်ဆောင်ချက်များ အားလုံးကို မှတ်တမ်းတင်ထားသည်။ အဆိုပါ ရှေ့နေများသည် ယေဘုယျအားဖြင့် တရားရေးဝန်ကြီးဌာနကို အစီရင်ခံသည်။

A B C D E F G H I J K L M N O P Q R S T U V W X Y Z

**Occupation**: the physical possession of land. See "possession".

**ဝင်ရောက်နေထိုင်မှု** မြေယာအတွင်း ရုပ်ပိုင်းအရ ဝင်ရောက်ပိုင်ဆိုင်မှု။ "ဝင်ရောက်နေမှု" ကို ကြည့်ပါ။

**Occupations**: buildings and other structures on land.

**မြေပေါ်ရှိ အဆောက်အအုံများ** မြေပေါ်တွင် တည်ဆောက်ထားသော အဆောက်အအုံနှင့် အခြား တည်ဆောက်မှုများ။

**Occupier**: the person who occupies the land.

**ဝင်ရောက်နေထိုင်သူ** မြေပေါ်တွင် ဝင်ရောက်နေထိုင်နေသူ

**Ombudsman**: an independent third party who investigates complaints, particularly against government offices, and who can make recommendations to resolve grievances or disputes. Originally a Swedish word.

**ပြည်သူ့ဟစ်တိုင်အရာရှိ** အထူးသဖြင့် အစိုးရရုံးများကို တိုင်ကြားချက်များကို စစ်ဆေးပြီး နစ်နာမှုများ သို့မဟုတ် အငြင်းပွားမှုများအတွက် ထောက်ခံချက်များ ပေးနိုင်သော ကင်းလွတ်သည့် တတိယအဖွဲ့အစည်း။

မူရင်းမှာ ဆွီဒင်စကားလုံး ဖြစ်ပါသည်။

**Option to renew**: in a lease, it is the right of the tenant to extend the lease for a specified period and at a pre-agreed rent (or rent formula). The tenant has the right but not the obligation to extend the lease. See "pre-emption" in regard to an "option to purchase".

**သက်တမ်းတိုးခွင့်** မြေငှားရမ်းမှုတွင် သတ်မှတ်ထားသော ကာလအတွက် ကြိုတင် သဘောတူထားသော မြေငှားခနှင့် (သို့မဟုတ် မြေငှားခ တွက်ချက်မှု ဖော်မြူလာ) ဖြင့် ငှားရမ်းသည့် မြေငှားရမ်းခြင်းကို သက်တမ်းတိုးရန်မှာ မြေငှား၏ လုပ်ပိုင်ခွင့် ဖြစ်ပါသည်။

မြေငှားသည် လုပ်ပိုင်ခွင့်ရှိသည်သာ ဖြစ်ပြီး မြေငှားရမ်းမှုကို သက်တမ်းတိုးရန် တာဝန်မရှိပါ။ "ဝယ်ယူခွင့်" နှင့် ပတ်သတ်ပြီး "ဦးဆုံး ဝယ်ယူပိုင်ခွင့်" ကို ကြည့်ပါ။

**Orthophoto, orthophotograph** or **orthoimage**: an aerial photograph or image geometrically corrected ("orthorectified") such that the scale is uniform: the photo has the same lack of distortion as a map.

**ကိုဩြ်ဒိနိတ်စနစ်ကိုကိုက်ညီအောင်ညှိပြီးဖြစ်သောကောင်းကင်ဓာတ်ပုံ** စကေးကိုက်ထားခြင်း ကဲ့သို့သော ဓါတ်ပုံကို မြေမျက်နှာသွင်ပြင်အတိုင်း ပြန်လည် ပြင်ဆင်ထားသော ("ဓါတ်ပုံကို မြေပုံနှင့် စကေးကိုက် ပြင်ဆင်ထားသော") ကောင်းကင်ဓါတ်ပုံ။ ဓါတ်ပုံသည် မြေပုံကဲ့သို့ပင် ရွဲ့စောင်းခြင်း မရှိပါ။

**Orthophotomap**: a photomap made from orthophotographs or orthoimages.

**ကိုဩြ်ဒိနိတ်စနစ်ကိုကိုက်ညီအောင်ညှိပြီးဖြစ်သောကောင်းကင်ဓာတ်ပုံ** မြေပုံနှင့် စကေးကိုက် ပြင်ဆင်ထားသော ကောင်းကင်ဓါတ်ပုံများဖြင့် ပြုလုပ်ထားသည့် ပုံပြမြေပုံ။

**Organizational framework**: the government agencies and bodies that implement and administer the policies and laws, provide services, and supervise and enforce compliance with laws. The framework also indicates the arrangements within government to organize and coordinate the various agencies, plus a hierarchical system of management and reporting. Also known as "administrative framework" and "institutional framework".

**အဖွဲ့အစည်းဆိုင်ရာ မူဘောင်** မူဝါဒများနှင့် ဥပဒေများကို အကောင်အထည်ဖော် စီမံခန့်ခွဲသော၊ ဝန်ဆောင်မှုများ ပေးပြီး ဥပဒေနှင့် ကိုက်ညီမှု ရှိစေရန် ကြီးကြပ် အာဏာတည်စေသော အစိုးရကိုယ်စားလှယ်များနှင့် အဖွဲ့အစည်းများ။

မူဘောင်တွင် အစိုးရအတွင်း အမျိုးမျိုးသော ကိုယ်စားလှယ်များကို စုစည်း ပူးပေါင်းရန် စီမံဆောင်ရွက်မှုများနှင့် စီမံခန့်ခွဲမှုနှင့် အစီရင်ခံမှု အဆင့်ဆင့်တို့လည်း ဖော်ပြထားသည်။ "စီမံခန့်ခွဲမှု မူဘောင်" နှင့် "အဖွဲ့အစည်း မူဘောင်" ဟုလည်း ခေါ်ဆိုသည်။

**Orthophotoplan**: see “orthophotomaps”.

**မြေပုံနှင့် စကေးကိုက် ပြင်ဆင်ထားသော ဓါတ်ပုံအစီအစဉ်**
“ ကိုဩြော်ဒိနိတ်စနစ်ကိုကိုက်ညီအောင်ညှိပြီးဖြစ်သော ကောင်းကင်ဓာတ်ပုံ
“ ကို ကြည့်ပါ။

**Overlapping rights**: situation where two or more rights affect the same piece of land or other natural resource. The rights might not be incompatible, such as the right of ownership and the right to walk across the land. Where the rights are not compatible, they are “conflicting”.

**ထပ်နေသော လုပ်ပိုင်ခွင့်များ** မြေနေရာတစ်ခုတည်း သို့မဟုတ် သဘာဝအရင်းအမြစ် တစ်ခုတည်းအပေါ် သက်ရောက်မှု ရှိနေသော နှစ်ခုနှင့် အထက် လုပ်ပိုင်ခွင့်များ ရှိနေသည့် အနေအထား။

လုပ်ပိုင်ခွင့်များသည် ပိုင်ဆိုင်ခွင့် နှင့် မြေပေါ် ဖြတ်သန်းနိုင်ခွင့် တို့ကဲ့သို့သော ကိုက်ညီမှုမရှိသည့် လုပ်ပိုင်ခွင့်များ ဖြစ်နိုင်ပါသည်။ လုပ်ပိုင်ခွင့်များ ကိုက်ညီမှု မရှိပါက ၎င်းတို့သည် “ပြဿနာဖြစ်နေခြင်း” ဖြစ်ပါသည်။

**Owner**: the person (or juridical person) who has the full set of rights in relation to a land parcel. See “ownership”.

**ပိုင်ရှင်** မြေကွက်တစ်ကွက်အတွက် လုပ်ပိုင်ခွင့် အားလုံးရှိနေသော လူ (သို့မဟုတ် ဥပဒေအရ တရားဝင်ပုဂ္ဂိုလ်ဟု သတ်မှတ်ထားသူ)။
“ပိုင်ဆိုင်မှု” ကို ကြည့်ပါ။

**Ownership**: the collection of rights to land that are, in everyday language, associated with the full set of rights, such as the ability to use, control, transfer, leave by inheritance and otherwise enjoy a land parcel, as long as those activities are allowed by law. Ownership can also involve duties, such as the duty to pay taxes. All ownership rights are subject to the power of the state to limit them or take them, often with compensation being paid where the State takes the rights.

**ပိုင်ဆိုင်မှု** မြေယာကို ဥပဒေနှင့် အညီ ဖြစ်သမျှ အသုံးပြုခြင်း၊ ထိန်းချုပ်ခြင်း၊ လွှဲပြောင်းခြင်း၊ အမွေပေးခြင်းဖြင့် ချန်ရစ်ခြင်း သို့မဟုတ်ပါက မြေကွက်ကို စိတ်ကြိုက်သုံးနိုင်သည့် လုပ်ပိုင်ခွင့်အားလုံးကို ရရှိထားသည့် မည်သည့်ဘာသာစကားတွင်မဆို လုပ်ပိုင်ခွင့်များကို ပိုင်ဆိုင်ထားခြင်း။

ပိုင်ဆိုင်မှုတွင် အခွန်ဆောင်ရန် တာဝန်ကဲ့သို့သော တာဝန်များလည်း ပါဝင်နိုင်သည်။ ပိုင်ဆိုင်မှု လုပ်ပိုင်ခွင့်များ အားလုံးသည် နိုင်ငံတော်၏ ၎င်းတို့ကို ကန့်သတ်ပိုင်ခွင့် သို့မဟုတ် နိုင်ငံတော်မှ သိမ်းယူသည့်အခါ လျော်ကြေးပေးပြီး သိမ်းယူပိုင်ခွင့်များပေါ် မူတည်သည်။

**Ownership concentration**: ratio of owners to the number of parcels, with a high concentration having only few people who own most of the land, and a low concentration having many people owning the land.

**ပိုင်ဆိုင်မှု အချိုး** မြေကွက်အရေအတွက်နှင့် ၎င်းတို့ကို ပိုင်ဆိုင်သူများ အချိုး။ လူအနည်းငယ်မှ မြေကွက်အများစုကို ပိုင်ဆိုင်လျှင် အချိုးမြင့်ပြီး မြေကွက်များကို ပိုင်ဆိုင်သူများလျှင် အချိုးနိမ့်သည်။

A B C D E F G H I J K L M N O P Q R S T U V W X Y Z

**Paralegal**: a person with some legal training who can undertake particular legal tasks, such as preparing land records. Paralegals can be trained quickly and meet the need for legal services in remote areas or where only simple services are required.

**ဥပဒေအထောက်အကူပြုသူ**မြေယာမှတ်တမ်းများကဲ့သို့ပသော ဥပဒေဆိုင်ရာ လုပ်ဆောင်ချက်များကို လုပ်ကိုင်နိုင်သည့် ဥပဒေသင်တန်း ရယူထားသော ပုဂ္ဂိုလ်။

ဥပဒေအထောက်အကူပြုသူများကို လျှင်လျှင်မြန်မြန် လေ့ကျင့်နိုင်ပြီး ဝေးလံသော ဒေသများ သို့မဟုတ် ရိုးရှင်းသော ဝန်ဆောင်မှုများသာ လိုအပ်သည့် နေရာများတွင် ဥပဒေရေးရာ ဝန်ဆောင်မှု ပေးရန် လိုအပ်ချက်ကို ပြည့်မီစေနိုင်သည်။

**Parasurveyor**: a person with some training in surveying who can undertake particular surveying tasks, such as measuring boundaries. Parasurveyors can be trained quickly and meet the need for surveying services in certain areas.

**တိုင်းတာရေးသင်တန်းဆင်းအရပ်သား** နယ်နိမိတ်များ တိုင်းတာခြင်း ကဲ့သို့ပသော တိုင်းတာရေးဆိုင်ရာ လုပ်ဆောင်ချက်များကို လုပ်ကိုင်နိုင်သည့် တိုင်းတာရေးသင်တန်း ရယူထားသော ပုဂ္ဂိုလ်။

ဥပဒေဝန်ထမ်းများကို လျှင်လျှင်မြန်မြန် လေ့ကျင့်နိုင်ပြီး အချို့သော ဒေသများတွင် တိုင်းတာမှုဆိုင်ရာ ဝန်ဆောင်မှု ပေးရန် လိုအပ်ချက်ကို ပြည့်မီစေနိုင်သည်။

**Parcel**: a portion of land for which distinct rights exist. See "land parcel".

**အကွက်** ထင်ရှားသော လုပ်ပိုင်ခွင့်များ ရှိသည့် မြေအပိုင်း။ "မြေကွက်" ကို ကြည့်ပါ။

**Parcel identifier or parcel number**: see "unique parcel identifier".

**မြေကွက် မှတ်သားချက် သို့မဟုတ် မြေကွက်အမှတ်စဉ်**

"ထူးခြားသော မြေကွက်အမှတ်အသားများ" ကို ကြည့်ပါ။

**Participation** (in responsible governance of tenure): involving the community and the people who are directly affected by the administration of tenure in the processes of developing policies and laws, as well as in the implementation of those policies and laws. As the VGGT notes in its ten principles of implementation, consultation and participation means engaging with and seeking the support of those who, having legitimate tenure rights, could be affected by decisions, prior to decisions being taken, and responding to their contributions; and taking into consideration existing power imbalances between different parties and ensuring active, free, effective, meaningful and informed participation of individuals and groups in associated decision-making processes.

**ပူးပေါင်းပါဝင်ခြင်း (တာဝန်ယူမှုရှိသော လုပ်ပိုင်ခွင့်အုပ်ချုပ်မှုတွင်)** မူဝါဒနှင့် ဥပဒေများမှ တိုက်ရိုက် သက်ရောက်မှု ရှိသည့် လူမှုအဖွဲ့အစည်းနှင့် လူများကို ပါဝင်စေခြင်း နှင့် အဆိုပါ မူဝါဒနှင့် ဥပဒေများကို အကောင်အထည်ဖော်ခြင်းတွင်လည်း ပါဝင်စေခြင်း။

VGGT၏ အကောင်အထည်ဖော်ရေး မူဝါဒ ဆယ်ချက်တွင် မှတ်သားထားသည့်အတိုင်း အကြံပေးခြင်းနှင့် ပါဝင်ခြင်း ဆိုသည်မှာ ဆုံးဖြတ်ချက်များ မချမီတွင် အဆိုပါ ဆုံးဖြတ်ချက်များ၏ သက်ရောက်မှု ခံရမည့် တရားဝင်သော မြေယာလုပ်ပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးရှိသူများနှင့် ပူးပေါင်း ထောက်ခံမှုကို ရယူပြီး ၎င်းတို့၏ ပါဝင်မှုကို ပြန်လည် တုံ့ပြန်ခြင်း၊ မတူသော အဖွဲ့အစည်းများ အကြား အခွင့်အာဏာ မညီမျှမှုကို ထည့်သွင်းစဉ်းစားပြီး လူတစ်ဦးစီတိုင်းနှင့် အုပ်စုများကို ဆုံးဖြတ်ချက်ချခြင်း လုပ်ငန်းစဉ်များတွင် တက်ကြွစွာ၊ လွတ်လပ်စွာ၊ ထိရောက်စွာ၊ အဓိပ္ပါယ်ရှိစွာ နှင့် အချက်အလက် ပြည့်စုံစွာ ပါဝင်စေရေးဟု အဓိပ္ပါယ်ရပါသည်။

**Participatory**: an approach or action based on participation.

**ပါဝင်လုပ်ဆောင်သော နည်းလမ်း** ပါဝင်မှုကို အခြေခံသည့် ချဉ်းကပ်ပုံ သို့မဟုတ် လုပ်ဆောင်ချက်။

**Perimeter**: see "boundary".

□□□ □□□ □□□ "□□□□□ □□□□"□

---

**Peri-urban**: the area on the periphery or outskirts of the suburbs of a town or city.

**မြို့စွန်** မြို့လေးတစ်မြို့ သို့မဟုတ် မြို့ကြီးတစ်မြို့၏ ဆင်ခြေဖုံးဒေသ၏ အစွန်အဖျား နေရာ။ "နယ်နိမိတ်" ကို ကြည့်ပါ။

---

**Photogrammetry**: a set of measurement techniques by which aerial images are analysed and converted into maps and geographical information. Photogrammetry measures position and altitude from stereo aerial photographs or images.

**ကောင်းကင်ဓါတ်ပုံအား အသုံးပြု၍ မြေပုံရေးဆွဲခြင်းဆိုင်ရာ အတတ်ပညာ** ကောင်းကင်ဓါတ်ပုံများကို ဆန်းစစ်ပြီး မြေပုံနှင့် မြေမျက်နှာပြင် အချက်အလက်များအဖြစ် ပြောင်းလဲသည့် တိုင်းတာရေး နည်းလမ်းများ။

ကောင်းကင်ဓါတ်ပုံအား အသုံးပြု၍ မြေပုံရေးဆွဲခြင်းဆိုင်ရာ အတတ်ပညာတွင် ကောင်းကင် ဓါတ်ပုံများ သို့မဟုတ် ပုံများမှ နေရာ အနေအထားနှင့် အမြင့်တို့ကို တိုင်းတာသည်။

---

**Photoplan or photomap**: an assembly of aerial photographs or images, which can be enlarged to give a clearer composite picture. If a photoplan is made by assembling accurately positioned and geometrically corrected aerial photographs or images (rectified images) or using orthophotographs or orthophotoimages, it will have the characteristics of a map, with orientation, a scale and a key to identify relevant features. It combines the accuracy of a map with the ease of understanding of a photograph.

**ကောင်းကင် ဓါတ်ပုံ သို့မဟုတ် ကောင်းကင်ဓါတ်ပုံ မြေပုံ**

အကြီးချဲ့လိုက်သည့်အခါ ပိုမိုရှင်းလင်းသော စုပေါင်းပုံ တစ်ပုံ ရရှိစေနိုင်မည့် ကောင်းကင်ဓါတ်ပုံများ သို့မဟုတ် ပုံများ အစီအစဉ်တကျ ထားရှိမှု။

ဓါတ်ပုံမြေပုံကို တိကျမှန်ကန်စွာ နေရာချထားပြီး မြေမျက်နှာသွင်ပြင်နှင့် အညီ ပြင်ဆင်ထားသော ကောင်းကင်ဓါတ်ပုံများ သို့မဟုတ် ပုံများ (ပြင်ဆင်ထားသော ပုံများ) သို့မဟုတ် မြေပုံနှင့် ကိုဩြာဒိနိတ်စနစ်ကိုကိုက်ညီအောင်ညှိပြီးဖြစ်သောကောင်းကင်ဓာတ်ပုံ သို့

စကေးကိုက် ပြင်ဆင်ထားသော ကောင်းကင်မြေပုံများကို အစီအစဉ်တကျ ထားရှိ ပြုလုပ်ထားပါက ဦးတည်ချက်၊ စကေးနှင့် သက်ဆိုင်ရာ အနေအထားများကို ထုတ်ဖော်နိုင်မည့် ကီးများဖြင့် မြေပုံ၏ ဝိသေသ လက္ခဏာများ ရှိမည် ဖြစ်သည်။ ဓါတ်ပုံမြေပုံသည် မြေပုံ၏ တိကျမှုနှင့် ဓါတ်ပုံ၏ နားလည်လွယ်မှုတို့ကို ပေါင်းစပ်ထားသည်။

---

**Plan**: a representation of an object in a horizontal projection, such as a land parcel or building, either on paper or in digital form.

**ပလန်ပုံ** အရာဝတ္ထုတစ်ခုကို စာရွက်ပေါ်တွင် ဖြစ်စေ ဒစ်ဂျစ်တယ်ပုံဖြင့် ဖြစ်စေ ရေပြင်ညီ မှန်းခြေပေါ်တွင် ကိုယ်စားပြု ပြသခြင်း။

---

**Planning**: see "land use planning".

**စီမံကိန်း ရေးဆွဲခြင်း** "မြေယာအသုံးပြုမှု စီမံကိန်း ရေးဆွဲခြင်း" ကို ကြည့်ပါ။

---

**Plot**: an area of land identifiable on a map. See "land parcel".

**အကွက်** မြေပုံပေါ်တွင် အမှတ်အသားပြု ဖော်ပြထားသော မြေဧရိယာ။ "မြေကွက်" ကို ကြည့်ပါ။

---

**Policy framework**: the set or body of individual policies adopted by the state covering a particular topic or area.

**မူဝါဒ မူဘောင်** အကြောင်းအရာတစ်ခု သို့မဟုတ် နယ်ပယ်တစ်ခုအတွက် နိုင်ငံတော်မှ အသုံးပြုသည့် မူဝါဒတစ်ခုချင်း အစုအစည်း။

A B C D E F G H I J K L M N O P Q R S T U V W X Y Z

**Policy**: a decision on how to deal with a particular situation or achieve an objective.

**မူဝါဒ** အခြေအနေတစ်ရပ်ကို မည်သို့ ကိုင်တွယ်မည်နှင့် ရည်ရွယ်ချက်တစ်ခုကို ရရှိအောင် မည်သို့ဆောင်ရွက်မည်ဆိုသည့် ဆုံးဖြတ်ချက်။

**Possessor**: the person with possession of land and who has possessory rights after he or she occupied the land for a period of time. See "possession" and "possessory rights".

**ပိုင်ဆိုင်သွားသူ** မြေယာတစ်ခုပေါ်တွင် အချိန်အတိုင်းအတာ တစ်ခုထိ ဝင်ရောက်နေထိုင်ပြီးနောက် အဆိုပါ မြေကို ပိုင်ဆိုင်သွားသူ သို့မဟုတ် ပိုင်ဆိုင်သွားမှု လုပ်ပိုင်ခွင့်များ ရရှိထားသူ။

"ပိုင်ဆိုင်သွားခြင်း" နှင့် "ပိုင်ဆိုင်သွားမှု လုပ်ပိုင်ခွင့်များ" ကို ကြည့်ပါ။

**Possession**: usually this means physical occupation of land, with or without the permission of the owner, or the right to receive the rent from a tenant.

**ပိုင်ဆိုင်သွားမှု** ယေဘုယျအားဖြင့် ပိုင်ဆိုင်သွားမှု ဆိုသည်မှာ ပိုင်ရှင်၏ ခွင့်ပြုချက်နှင့် သော်လည်းကောင်း ခွင့်ပြုချက် မပါဘဲ သော်လည်းကောင်း သို့မဟုတ် မြေငှားထံမှ မြေငှားခ ရပိုင်ခွင့် ဖြင့်သော်လည်းကောင်း ရပိုင်ခွင့် မပါဘဲသော်လည်းကောင်း မြေကို ရုပ်ပိုင်းဆိုင်ရာ ဝင်ရောက်နေထိုင်မှုကို ဆိုလိုသည်။

**Possessory rights**: the rights that come into existence from physically occupying a land parcel for a period of time. See "adverse possession".

**ပိုင်ဆိုင်သွားမှု လုပ်ပိုင်ခွင့်များ** မြေကွက်တစ်ကွက်ကို အချိန်အတိုင်းအတာတစ်ခုအထိ ရုပ်ပိုင်းဆိုင်ရာ ဝင်ရောက်နေထိုင်ခြင်းကြောင့် ရရှိလာသော လုပ်ပိုင်ခွင့်များ။ "ပိုင်ရှင်၏ ဆန္ဒမပါဘဲ ပိုင်ဆိုင်မှု" ကို ကြည့်ပါ။

**Power imbalances**: unequal authority, status, perceived legitimacy or other quality either within a group or between groups, or between them and the officials engaging with them.

**အခွင့်အာဏာ မညီမျှချက်** အုပ်စုတစ်စုအတွင်း သို့မဟုတ် အုပ်စုများအတွင်း သို့မဟုတ် အုပ်စုများနှင့် ၎င်းတို့နှင့် သက်ဆိုင်နေသော အရာရှိများအကြား အာဏာ၊ အဆင့်၊ မှတ်ယူထားသော ဥပဒေနှင့်အညီ ဖြစ်မှုနှင့် အခြားအရည်အသွေးများ မညီမျှမှု။

**Pre-emption**: a right to be offered the chance to buy a property if the owner decides to sell, but which does not impose any obligation to buy. Also known as "pre-emptive right" and "option to purchase" in some legal systems.

**ဦးဆုံး ဝယ်ယူခွင့်** ပိုင်ရှင်မှ ရောင်းချရန် ဆုံးဖြတ်ပါက ပိုင်ဆိုင်ပစ္စည်းကို ဝယ်ယူခွင့်ရှိသော်လည်း ဝယ်ယူရန် တာဝန်မရှိသည့် လုပ်ပိုင်ခွင့်။

"ဦးဆုံး ဝယ်ယူခွင့် ရပိုင်ခွင့်" နှင့် "ဝယ်ယူခွင့်" ဟု အချို့သော ဥပဒေ စနစ်များတွင် ခေါ်ဆိုသည်။

**Prescription**: the process of gaining rights over another person's land by occupying it over an extended period of time, either without the owner's permission or against the owner's objection. The period of time varies from country to country, and sometimes also depends on whether the occupation was innocent or not. See "adverse possession", "limitation period" and "squatter's rights".

**ကုစားခြင်း** ပိုင်ရှင်၏ ခွင့်ပြုချက်မပါဘဲ ဖြစ်စေ ပိုင်ရှင်မှ ကန့်ကွက်သည့် ကြားမှ ဖြစ်စေ ပိုင်ရှင်၏ မြေပေါ်တွင် ကာလကြာရှည် နေထိုင်မှုဖြင့် လုပ်ပိုင်ခွင့်များ ရရှိလာသည့် လုပ်ငန်းစဉ်။ အချိန်ကာလ သတ်မှတ်ချက်မှာ တစ်နိုင်ငံနှင့် တစ်နိုင်ငံ မတူညီဘဲ ဝင်ရောက်နေထိုင်မှုသည် အပြစ်မရှိ ဟုတ်မဟုတ်ပေါ်လည်း မူတည်တတ်သည်။ "ပိုင်ရှင်၏ သဘောဆန္ဒ မပါဘဲ ပိုင်ဆိုင်ခြင်း" "စည်းသတ်ကာလ" နှင့် " သူတပါးပိုင် မြေပေါ်တွင် ခွင့်ပြုချက်မရှိဘဲ ကျူးကျော်နေထိုင်သူ၏ လုပ်ပိုင်ခွင့်များ" ကို ကြည့်ပါ။

**Prescriptive rights**: rights that a person obtains based on prescription.

**ကုစားခြင်း လုပ်ပိုင်ခွင့်များ** ကုစားခြင်းမှ ရရှိလာသော လုပ်ပိုင်ခွင့်များ။

**Privacy**: the concept that certain information about a person should not be shared, particularly information about the person's health, beliefs or finances. Privacy restrictions are sometimes included in the law to protect such information from being shared, giving people a "right to privacy".

**ကိုယ်ရေးကိုယ်တာ အနှောင့်အယှက် ကင်းမှု** လူတစ်ဦး၏ အချို့သော အချက်အလက်များ၊ အထူးသဖြင့် ထိုသူ၏ ကျန်းမာရေး၊ ကိုးကွယ်မှုနှင့် ငွေကြေးအခြေအနေဆိုင်ရာ အချက်အလက်များကို တပါးသူများ မသိစေသင့်ဟု ယူဆသည့် သဘောထား။

အဆိုပါ အချက်အလက်များကို ဝေမျှခြင်းမှ ကာကွယ်ရန် ကိုယ်ရေးကိုယ်တာ အနှောင့်အယှက်ကင်းမှု ကန့်သတ်ချက်များကို ဥပဒေတွင် ထည့်သွင်းတတ်ပြီး လူများအတွက် "ကိုယ်ရေးကိုယ်တာ အနှောင့်အယှက်ကင်းပိုင်ခွင့်" ရရှိစေသည်။

A B C D E F G H I J K L M N O P Q R S T U V W X Y Z

A B C D E F G H I J K L M N O P Q R S T U V W X Y Z

**Readjustment**: changes to a boundary, either as part of a programme to redistribute land (see "land redistribution") or to correct a minor error in the definition of the boundary.

**ပြန်လည်ပြုပြင် ညှိခြင်း** မြေကို ထပ်မံခွဲဝေရန် ("မြေယာ ပြန်လည် ဖြန့်ဝေခြင်း သို့မဟုတ် ထပ်မံခွဲဝေခြင်း" ကို ကြည့်ပါ) အစီအမံ၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် သို့မဟုတ် နယ်နိမိတ် သတ်မှတ်ချက်တွင် အပရိက အမှားတစ်ခုကို ပြင်ဆင်ရန် နယ်နိမိတ်ကို ပြောင်းလဲခြင်းများ။

**Real estate or real property**: in common law (English) systems, real property means land and any things attached to the land, including buildings, apartments and other constructions and natural objects such as trees. Known as "immovable property" in civil law systems.

**အိမ်ခြံမြေ သို့မဟုတ် အိမ်ယာပစ္စည်း** Common Law (အင်္ဂလိပ်) စနစ်များတွင် အိမ်ခြံမြေ ဆိုသည်မှာ မြေနှင့် မြေပေါ်တွင် စိုက်ထားသော အဆောက်အအုံများ၊ တိုက်ခန်းများ၊ အခြား တည်ဆောက်မှုများနှင့် သစ်ပင်များကဲ့သို့သော သဘာဝ အရာဝတ္ထုများဟု အဓိပ္ပါယ်ရသည်။ တရားမဥပဒေစနစ်များတွင် "မရွှေ့ပြောင်းနိုင်သော ပစ္စည်း" ဟု ခေါ်ဆိုသည်။

**Recognize**: in the context of the governance of tenure, recognizing (or recognition) means acknowledging and accepting the existence of 1) the location of the land or natural resource, 2) the right or rights over it, and 3) the holder or holders of the right. It requires that a country has the laws and procedures that allow legitimate tenure right holders and their rights to be acknowledged. Another way of saying this is that states should acknowledge the actual situation where legitimate tenure rights exist (the situation "on the ground").

**အသိအမှတ်ပြုခြင်း** မြေယာငှားရမ်းမှု အုပ်ချုပ်မှုနှင့် ဆက်စပ်ပြီး အသိအမှတ်ပြုခြင်း (သို့မဟုတ် အသိအမှတ်ပြုချက်) ဆိုသည်မှာ ၁) မြေ သို့မဟုတ် သဘာဝ အရင်းအမြစ်၏ တည်နေရာ၊ ၂) ၎င်းနှင့် ပတ်သက်သော လုပ်ပိုင်ခွင့် (များ)၊ နှင့် ၃) လုပ်ပိုင်ခွင့် ရရှိထားသူ(များ) တည်ရှိမှုကို အသိအမှတ်ပြုပြီး လက်ခံခြင်း ဖြစ်သည်။ ထိုသို့ပြုလုပ်ရန် နိုင်ငံတွင် မြေငှားရမ်းအသုံးပြုခွင့် ရှိသူများနှင့် ၎င်းတို့ကို အသိအမှတ်ပြုနိုင်ခွင့် ရှိစေမည့် ဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများ ရှိရန် လိုအပ်သည်။ အခြားနည်းဖြင့် ဖော်ပြနိုင်သည်မှာ တရားဝင်သော မြေယာလုပ်ပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများ ("မြေပေါ်" အနေအထား) အမှန်တကယ် ရှိနေသည့် အနေအထားကို နိုင်ငံတော်မှ အသိအမှတ်ပြုသင့်သည်။

**Recording system**: a government run administrative and legal system, operated at a title registry or deeds registry, where it is possible to record land, ownership of land and transactions with land (buying and selling, leasing, mortgaging, inheritance, etc.). Recording systems usually give some official recognition or some legal benefit as a result of the recording. When ownership or rights change, or when parcel boundaries change, the registration system should be updated. The recording system aims to increase certainty and security, which can also have a positive impact on encouraging people to make the most of their rights. Also, if the information in the registry is up to date, open and easily accessible, then other people can quickly get reliable information that they need to buy, sell, mortgage, lease or other type of transaction with rights.

**မှတ်တမ်းတင် စနစ်** မြေယာ၊ မြေယာ ပိုင်ဆိုင်မှုနှင့် မြေဆိုင်ရာ လုပ်ဆောင်ချက်များ (ဝယ်ယူခြင်း နှင့် ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ အပေါင်ခံခြင်း၊ အမွေပေးခြင်း၊ စသည်) ကို မှတ်တမ်းတင်နိုင်သည့်အခါ အမည်ပေါက် မှတ်တမ်း သို့မဟုတ် စာချုပ်မှတ်ပုံတင်ခြင်းဖြင့် လည်ပတ်သည့် နိုင်ငံတော်မှ ဆောင်ရွက်သော စီမံခန့်ခွဲမှုနှင့် ဥပဒေ စနစ်။

မှတ်တမ်းတင်ခြင်းဖြင့် အချို့သော တရားဝင် အသိအမှတ်ပြုခြင်း သို့မဟုတ် အချို့သော ဥပဒေနှင့်အညီ အကျိုးဖြစ်ထွန်းမှုများ မှတ်တမ်းတင်စနစ်တွင် ရှိလာလေ့ ရှိသည်။ ပိုင်ဆိုင်မှု သို့မဟုတ် လုပ်ပိုင်ခွင့်များ ပြောင်းလဲသွားသည့်အခါ သို့မဟုတ် မြေကွက် နယ်နိမိတ်များ ပြောင်းလဲသွားသည့်အခါ မှတ်ပုံတင်ခြင်းစနစ်ကို ပြင်ဆင်ရန် လိုအပ်သည်။ မှတ်တမ်းတင်စနစ်သည် သေချာမှုနှင့် လုံခြုံစိတ်ချရမှုကို မြှင့်တင်ရန် ရည်ရွယ်ပြီး လူအများကို ၎င်းတို့၏ လုပ်ပိုင်ခွင့်များကို အစွမ်းကုန် အသုံးချရန် အားပေးသည့် အပြုသဘော သက်ရောက်မှုလည်း ဖြစ်လာစေနိုင်သည်။ ထို့အပြင် မှတ်ပုံတင်ရုံးမှ အချက်အလက်များသည် နောက်ဆုံးအနေအထားကို ထင်ဟပ်ပြီး၊ အများပြည်သူ အလွယ်တကူ ရယူနိုင်ပါက အခြားသူများသည်လည်း ၎င်းတို့ ဝယ်ယူရန်၊ ရောင်းချရန်၊ ပေါင်နှံရန်၊ ငှားရမ်းရန်နှင့် အခြား လုပ်ပိုင်ခွင့်ပါဝင်သည့် လုပ်ဆောင်ချက်များ ပြုလုပ်ရန် လိုအပ်သည့် ယုံကြည်ရသော အချက်အလက်များကို လျှင်မြန်စွာ ရရှိနိုင်မည် ဖြစ်သည်။

**Redistributive reform**: see “land reallocation”.

**ပြန်လည် ဖြန့်ဝေခြင်း သို့မဟုတ် ထပ်မံခွဲဝေခြင်း ဆိုင်ရာ ပြင်ဆင်မှု** “ မြေယာ ပြန်လည် နေရာချထားခြင်း “ ကို ကြည့်ပါ။

**Registered land**: land that has been recorded in the land register, usually on the basis of “first registration”. Once registered, the owner will often receive an official certificate recording the details of the property, the ownership and any other rights. This is sometimes called a certificate of title or title deed. See “adjudication of title” and “first registration”.

**မှတ်ပုံတင်ထားသော မြေ** များသောအားဖြင့် "ပထမဆုံး မှတ်ပုံတင်ခြင်း" အခြေခံဖြင့် မြေယာ မှတ်တမ်းတွင် မှတ်တမ်းတင်ထားသော မြေ။

မှတ်ပုံတင်ပြီးသည်နှင့် ပိုင်ရှင်အတွက် ပိုင်ဆိုင်ပစ္စည်း၏ အသေးစိတ်အချက်များ၊ ပိုင်ဆိုင်မှုနှင့် အခြား လုပ်ပိုင်ခွင့် အားလုံးကို မှတ်တမ်းတင်ထားသည့် တရားဝင် လက်မှတ်တစ်စောင် ရရှိမည် ဖြစ်ပါသည်။ ဤလက်မှတ်ကို တစ်ခါတစ်ရံ အမည်ပေါက် လက်မှတ် သို့မဟုတ် ပိုင်ဆိုင်မှု စာချုပ်ဟု ခေါ်သည်။ "ပိုင်ဆိုင်မှု အငြင်းပွားမှု ဖြေရှင်းခြင်း" နှင့် "ကနဦး မှတ်ပုံတင်ခြင်း" ကို ကြည့်ပါ။

**Registered proprietor or owner**: a person entered in the land register as the holder of the registered title to land.

**မှတ်ပုံတင်ထားသော လုပ်ငန်းရှင် သို့မဟုတ် ပိုင်ရှင်** မှတ်ပုံတင်ထားသော မြေယာအမည်ပေါက် ပိုင်ရှင်ဟု မြေမှတ်ပုံတင်ထဲတွင် ထည့်သွင်းထားသူ။

**Registration of deeds**: a system in which individual deeds are registered at the government-run deeds registry office. Often a copy of the deed is registered and the owner keeps the original. Commonly, no registration certificate is issued but a unique registration number is recorded on the deed. Also known as “deeds registration”. See “deeds registry”.

**စာချုပ် မှတ်ပုံတင်ခြင်း** စာချုပ်တစ်ခုချင်းစီကို အစိုးရမှ လည်ပတ်သည့် စာချုပ်မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သည့် စနစ်။

စာချုပ်မိတ္တူတစ်စောင်ကို မှတ်ပုံတင်လေ့ ရှိပြီး ပိုင်ရှင်မှ မူရင်းကို သိမ်းထားသည်။ များသောအားဖြင့် မှတ်ပုံတင် လက်မှတ် ထုတ်ပေးလေ့ မရှိသော်လည်း စာချုပ်ပေါ်တွင် သီးခြား မှတ်ပုံတင် နံပါတ်ကို မှတ်သားထားသည်။ "စာချုပ် မှတ်ပုံတင်ခြင်း" ဟုလည်း ခေါ်ဆိုသည်။ "စာချုပ်မှတ်ပုံတင်" ကို ကြည့်ပါ။

**Registration of title**: the act of recording a land parcel and its ownership details in the process or “first registration” in a title registration system or, once first registration has occurred, the act of recording a transaction in the title registration system. See “adjudication of title”, “guaranteed title” and “title registration system”.

**လုပ်ပိုင်ခွင့် သို့ မဟုတ် ပိုင်ဆိုင်မှု မှတ်ပုံတင်ခြင်း**

မြေကွက် နှင့် ၎င်း၏ ပိုင်ဆိုင်မှု အသေးစိတ်အချက်များကို လုပ်ငန်းစဉ်အတွင်း မှတ်တမ်းတင်ခြင်း သို့မဟုတ် ပိုင်ဆိုင်မှု ကို မှတ်ပုံတင်ခြင်း စနစ်မှ " ကနဦး မှတ်ပုံတင်ခြင်း" သို့မဟုတ် ပထမဆုံး မှတ်ပုံတင်ခြင်း ပြီးစီးပြီးဖြစ်ပါက ပိုင်ဆိုင်မှု မှတ်ပုံတင်ခြင်း စနစ်တွင် လုပ်ဆောင်ချက်ကို မှတ်တမ်းရေးသွင်းခြင်း။

"အမည်ပေါက် အငြင်းပွားမှု ဖြေရှင်းခြင်း"၊ "အာမခံထားသည့် အမည်ပေါက်" နှင့် " ပိုင်ဆိုင်မှု မှတ်ပုံတင်ခြင်း စနစ" တို့ကို ကြည့်ပါ။

**Registration system**: see “recording system”.

**မှတ်ပုံတင် စနစ်** “မှတ်တမ်းတင် စနစ်” ကို ကြည့်ပါ။

**Regularization of ownership**: in cases of informal or illegal occupation of land, the process where the State recognizes the rights as legal. The process is usually authorized by a law, and it confirms the ownership rights of the occupiers. It commonly occurs in peri-urban areas where large numbers of people have established their homes, often out of necessity due to conflict, famine or natural disaster. Regularization can also apply to buildings that were built without official permission.

**ပိုင်ဆိုင်မှုကို တရားဝင် ဖြစ်စေခြင်း** မြေကို တရားမဝင် သို့မဟုတ် တရားနည်းလမ်းတကျ မဟုတ်ဘဲ ဝင်ရောက်နေထိုင်သည့်အခါများတွင် နိုင်ငံတော်မှ လုပ်ပိုင်ခွင့်များကို တရားဝင်သည်ဟု အသိအမှတ်ပြုခြင်း။

အဆိုပါ လုပ်ငန်းစဉ်ကို ဥပဒေဖြင့် အခွင့်ပေးလေ့ရှိပြီး၊ ဝင်ရောက်နေထိုင်သူများကို ပိုင်ဆိုင်မှု လုပ်ပိုင်ခွင့်များ ရရှိကြောင်း သေချာစေသည်။ ပြဿနာများ၊ အစာရေစာ ငတ်ပြတ်မှုများ သို့မဟုတ် သဘာဝ ဘေးအန္တရာယ်တို့ကြောင့် လိုအပ်ချက်အရ လူအမြောက်အများမှ အိမ်တည်ဆောက် နေထိုင်သည့် မြို့စွန်နေရာများတွင် ဖြစ်လေ့ဖြစ်ထ ရှိသည်။

တရားဝင် ခွင့်ပြုချက်မပါဘဲ ဆောက်လုပ်ထားသည့် အဆောက်အအုံများအတွက်လည်း တရားဝင်ဖြစ်စေမှုကို အသုံးပြုနိုင်သည်။

**Regulated use**: use of land that is specified in a planning law or document.

**ဥပဒေအတိုင်း အသုံးပြုခြင်း** စီမံကိန်း ဥပဒေ သို့မဟုတ် စာရွက်စာတမ်းတွင် ပြဋ္ဌာန်းထားသော မြေအသုံးပြုမှု။

**Regulatory framework**: the "legislative framework".

**စည်းမျဉ်းစည်းကမ်းဆိုင်ရာ မူဘောင်** "ဥပဒေ မူဘောင်"

**Reorganization of parcels**: see "readjustment" and "land consolidation".

**မြေကွက်များကို ပြန်လည် စုစည်းခြင်း** "ပြန်လည်ညှိခြင်း" နှင့် "မြေယာစုစည်းခြင်း" ကို ကြည့်ပါ။

**Reparation**: return of a particular asset or payment of compensation to the value of that asset (at current value) in cases where the asset had been taken away, often by a previous government. See "equivalence" and "restitution".

**ကြေအေးငွေ** မကြာခဏအားဖြင့် ယခင် အစိုးရမှ သိမ်းယူခဲ့သည့် ပိုင်ဆိုင်မှုပစ္စည်းတစ်ခုကို ပြန်လည်ပေးအပ်ခြင်း သို့မဟုတ် အဆိုပါ ပစ္စည်း၏ တန်ဖိုးနှင့် ညီမျှသော လျော်ကြေးငွေ ပေးအပ်ခြင်း။ "ညီမျှခြင်း" နှင့် "ပြန်လည်ပေးချေခြင်း" ကို ကြည့်ပါ။

**Responsible governance of tenure**: administering the rights (and obligations) associated with tenure of land and other natural resources, and between people and groups. Responsible or "good" governance of tenure means fair and equitable governance, which seeks to bring the greatest good to the most people, while minimising adverse impacts on individuals or groups, and keeping in mind the principle of sustainability. Responsible governance of tenure can deliver improved outcomes for people and for the environment, both now and into the future. See "governance".

There are some basic characteristics of responsible governance of tenure. They are reflected in five general principles listed at the start of the VGGT. These are:

1. Recognition and respect for tenure right holders and their rights.
2. Safeguarding and protection of tenure rights against threats and infringements.
3. Promotion and facilitation of the enjoyment and exercise of tenure rights.
4. Provision of access to justice to deal with infringements to tenure rights.
5. Prevention of tenure disputes, violent conflicts and corruption.

There are also ten principles of implementation listed in the VGGT, which include transparency, rule of law and gender equity. These are part of responsible governance in general, and they apply equally well to responsible governance of tenure.

**တာဝန်ယူမှုရှိသည့် မြေယာလုပ်ပိုင်ခွင့် ကွပ်ကဲမှု** မြေယာနှင့် အခြား သဘာဝအရင်းအမြစ်များကို မြေယာလုပ်ပိုင်ခွင့်နှင့် သက်ဆိုင်သော လုပ်ပိုင်ခွင့်များ (နှင့် တာဝန်များ) နှင့် လူများနှင့် အုပ်စုများကြား စီမံခန့်ခွဲခြင်း)။

တာဝန်ယူမှုရှိသော သို့မဟုတ် "ကောင်းမွန်သော" မြေယာ လုပ်ပိုင်ခွင့် ကွပ်ကဲမှု ဆိုသည်မှာ လူအများအတွက် အကောင်းဆုံးကို ဖန်တီးပေးပြီး လူအများနှင့် အုပ်စုများအတွက် ထိခိုက်မှု အနည်းဆုံးဖြစ်စေကာ ရေရှည်တည်တံ့နိုင်ရေး မူဝါဒကို အစဉ်အမြဲ ရည်သန်သော မျှတပြီး သာတူညီမျှ ဖြစ်သော ကွပ်ကဲမှု ဖြစ်သည်။ တာဝန်ယူမှုရှိသော မြေယာလုပ်ပိုင်ခွင့် ကွပ်ကဲမှုကြောင့် လူများနှင့် သဘာဝပတ်ဝန်းကျင်အတွက် လက်ရှိနှင့် အနာဂတ်တွင် ပိုမိုကောင်းမွန်သော ရလဒ်များ ရရှိလာစေမည် ဖြစ်ပါသည်။ "ကွပ်ကဲမှု" ကို ကြည့်ပါ။

တာဝန်ယူမှုရှိသော မြေယာလုပ်ပိုင်ခွင့် ကွပ်ကဲမှု၏ အခြေခံ ဝိသေသများ ရှိပါသည်။ ၎င်းတို့ကို VGGT၏ အစတွင် ဖော်ပြထားသော ယေဘုယျ မူဝါဒ ငါးချက်တွင် ထင်ဟပ်ထားပါသည်။

1. မြေယာလုပ်ပိုင်ခွင့်ရှိသူများနှင့် ၎င်းတို့၏ လုပ်ပိုင်ခွင့်များကို အသိအမှတ်ပြု လေးစားရန်။
2. မြေယာလုပ်ပိုင်ခွင့်များကို ခြိမ်းခြောက်မှုမှားနှင့် လွန်ကျူးမှုများမှ ကာကွယ်ရန်။
3. မြေယာလုပ်ပိုင်ခွင့်များကို စိတ်တိုင်းကျ သုံးနိုင်ခြင်းကို မြှင့်တင် အဆင်ပြေချောမွေ့စေရန်။
4. မြေယာလုပ်ပိုင်ခွင့်များအပေါ် လွန်ကျူးခြင်းကို ကိုင်တွယ်ရန် တရားစွဲဆိုနိုင်စေရန်။
5. မြေယာလုပ်ပိုင်ခွင့်ဆိုင်ရာ အငြင်းပွားမှုများ၊ အကြမ်းဖက် ပြဿနာများနှင့် ချစားမှုများမှ ကာကွယ်ရန်။

ထိုးထွင်းမြင်သာမှု၊ တရားဥပဒေ စိုးမိုးမှုနှင့် လိင်ပိုင်းဆိုင်ရာ သာတူညီမျှ ရှိမှုတို့ ပါဝင်သော VGGTတွင် ဖော်ပြထားသော အကောင်အထည်ဖော်ရေး မူဝါဒ ဆယ်ခုလည်း ရှိပါသေးသည် ။ ၎င်းတို့သည်လည်း တာဝန်ယူမှုရှိသည့် ကွပ်ကဲမှု၏ ယေဘုယျအားဖြင့် တစ်စိတ်တစ်ပိုင်းဖြစ်ပြီး တာဝန်ယူမှုရှိသော မြေယာလုပ်ပိုင်ခွင့် ကွပ်ကဲမှုအတွက်လည်း တူညီစွာ အသုံးပြုနိုင်သည်။

---

**Restitution**: the restoration of rights in land to a former owner (or that person's descendants) where the land was taken by the state. See also "reparation".

**ပြန်လည်ပေးချေခြင်း** နိုင်ငံတော်မှ သိမ်းယူလိုက်သည့် မြေအတွက် မူလ ပိုင်ရှင် (သို့မဟုတ် ၎င်း၏ ဆက်ခံသူများ)ကို လုပ်ပိုင်ခွင့်များ ပြန်လည်ပေးအပ်ခြင်း။ "ကြေအေးငွေ" ကိုလည်း ကြည့်ပါ။

---

**Right of enjoyment/usufruct**: see "use right".

**သုံးစွဲခွင့်** "သုံးစွဲခွင့်" ကို ကြည့်ပါ။

A
B
C
D
E
F
G
H
I
J
K
L
M
N
O
P
Q
R
S
T
U
V
W
X
Y
Z

A
B
C
D
E
F
G
H
I
J
K
L
M
N
O
P
Q
R
S
T
U
V
W
X
Y
Z

**Rule of law**: an approach based on following the procedures, requirements, rights and obligations imposed by the laws, including appeal rights, rather than a discretionary approach based on an official's individual, arbitrary view of how something should be done. As the VGGT notes in its ten principles of implementation, the rule of law means a rules-based approach through laws that are widely publicized in applicable languages, applicable to all, equally enforced and independently adjudicated, and that are consistent with obligations under national and international law, and with due regard to voluntary commitments under applicable regional and international instruments.

**တရားဥပဒေ စိုးမိုးမှု** ကိစ္စတစ်ခုကို မည်သို့ လုပ်ဆောင်သင့်သည်ကို အရာရှိတစ်ဦးဦး၏ တစ်ကိုယ်ရည် ဘက်လိုက်သော အမြင်ပေါ်တွင် အခြေခံသည့် မခိုင်မာသော ချဉ်းကပ်မှုအစား အယူခံဝင်ခွင့်များ အပါအဝင် ဥပဒေမှ ပြဋ္ဌာန်းထားသော လုပ်ပိုင်ခွင့်နှင့် တာဝန်များ၊ လိုအပ်ချက်များ၊ လုပ်ထုံးလုပ်နည်းများကို လိုက်နာခြင်းကို အခြေခံသည့် ချဉ်းကပ်မှု။

VGGTမှ ၎င်း၏ အကောင်အထည်ဖော်ရေး မူဝါဒ ဆယ်ချက်တွင် မှတ်သားထားသည့်အတိုင်း တရားဥပဒေ စိုးမိုးရေးဆိုသည်မှာ သုံးစွဲနိုင်သော ဘာသာစကားများဖြင့် ထုတ်ပြန်ထားပြီး အားလုံးအတွက် အသုံးပြုနိုင်သော သာတူညီမျှရှိစာ အာဏာတည်စေပြီး ကင်းလွတ်စွာ ဖြေရှင်းနိုင်သောဥပဒေများအတိုင်း စည်းမျဉ်းများကို အခြေခံသည့် ချဉ်းကပ်မှု နှင့် နိုင်ငံတွင်းနှင့် နိုင်ငံတကာ ဥပဒေနှင့် အညီ ကျိုးကြောင်းညီညွတ်သော တာဝန်များဖြစ်ကာ သက်ဆိုင်သော ဒေသဆိုင်ရာနှင့် နိုင်ငံတကာမှ အသုံးချမှုများအရ ကိုယ်ပိုင်ဆန္ဒအရ အားထုတ်ကြိုးပန်းမှုကို သေသေချာချာလေးစားမှု ပြုရမည် ဖြစ်သည်။

**Safeguard**: a function of the government in protecting, upholding, defending or looking after legitimate tenure rights of both itself (for publicly owned natural resources) and the population. The term is also used with the specific meaning of taking positive actions to deal with possible threats to people and their legitimate tenure rights.

**ကာကွယ်ခြင်း** အစိုးရသည် ၎င်းနှင့် (အများပိုင် သဘာဝ အရင်းအမြစ်များအတွက်) နှင့် လူထု၏ တရားဝင်သော မြေယာလုပ်ပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများ ကို ကာကွယ်ရန်၊ စောင့်ရှောက်ရန် အစိုးရ၏ လုပ်ဆောင်ချက်။

လူများနှင့် ၎င်းတို့၏ ဥပဒေနှင့်ညီသော တရားဝင်သော မြေယာလုပ်ပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများ ကို ခြိမ်းခြောက်လာနိုင်ခြင်းများကို ကိုင်တွယ်ရန် အပြုသဘော လုပ်ဆောင်ချက်များ လုပ်ဆောင်ရန်ဟုလည်း ဤစကားလုံးကို သုံးနှုန်းသည်။

---

**Satellite positioning systems**: the fixing of positions on the surface of the earth by measuring signals from satellites orbiting the earth. See "global navigation satellite systems".

**ဂြိုလ်တုဖြင့် တည်နေရာရှာခြင်း စနစ်များ** ကမ္ဘာ့မျက်နှာပြင်ပေါ်ရှိနေရာများကို ကမ္ဘာကို လည်ပတ်နေသည့် ဂြိုလ်တုများမှ ပို့လွှတ်သော အချက်ပြချက်များကို တိုင်းတာခြင်းဖြင့် နေရာအတိအကျ သတ်မှတ်ခြင်း။

---

**Scale**: the relationship between the representation of an object on a plan or a map, and its size in reality. The more detailed a map, the larger its scale, so a large scale map would have a scale of between 1:25,000 and 1:1,000.

**စကေး** အရာဝတ္ထုတစ်ခုကို ပလန်ပုံ သို့မဟုတ် မြေပုံပေါ်တွင် ကိုယ်စားပြု ရေးဆွဲခြင်းနှင့် ၎င်း၏ အရွယ်အစားအမှန် တို့ကြားရှိ ဆက်နွယ်ချက်။ မြေပုံသည် ပိုမိုအသေးစိတ်လေ စကေးကြီးလေ ဖြစ်သည့်အတွက် စကေးကြီး မြေပုံများတွင် 1:25,000 မှ 1:1,000 အကြား စကေးရှိနိုင်သည်။

---

**Security of tenure**: certainty and protection regarding rights to land and other natural resources, usually based on clear and enforceable laws, a transparent administration system, and a robust judicial system. A clear, up to date recording system helps to promote security of tenure. People with insecure tenure face the risk that their rights will be threatened by competing claims, and can even be lost as a result of arbitrary eviction. Improving security of tenure is seen as necessary:

- to encourage investments to improve the productivity of agriculture, particularly medium to long-term investments, and thereby improve people's livelihoods and food security;
- for conservation and the sound use of natural resources;
- to encourage the use of temporary rights for the use of land, including leasing;
- to reduce the number and the intensity of conflicts relating to the use of and transactions with real estate.

See "recording system".

**မြေယာလုပ်ပိုင်ခွင့် လုံခြုံမှုရှိခြင်း** များသောအားဖြင့် ရှင်းလင်းအာဏာတည်သည့် ဥပဒေများ၊ မြင်သာသော စီမံခန့်ခွဲမှု စနစ် နှင့် ခိုင်မာသော တရားရေးစနစ်များအပေါ် အခြေခံသည့် မြေယာနှင့် အခြား သဘာဝ အရင်းအမြစ်များ ဆိုင်ရာ လုပ်ပိုင်ခွင့်များနှင့် ပတ်သက်သော သေချာမှုနှင့် ကာကွယ်မှု။

ရှင်းလင်းပြီး နောက်ဆုံးအခြေအနေဖြစ်အောင် ဖြစ်ဆင်ထားသည့် မှတ်တမ်းတင်စနစ်သည် မြေယာလုပ်ပိုင်ခွင့် လုံခြုံမှုရှိစေသည်။ မလုံခြုံသည့် မြေယာလုပ်ပိုင်ခွင့်ရှိသည့် သူများသည် အပြိုင် တောင်းဆိုခြင်းများမှ ခြိမ်းခြောက်ခြင်း ခံရနိုင်ချေ ရှိသလို တရားနည်းလမ်းမကျသော နှင်ထုတ်ခြင်းများကြောင့် ဆုံးရှုံးမှုများ ဖြစ်ပေါ်နိုင်ချေရှိသည်။ မြေယာလုပ်ပိုင်ခွင့် လုံခြုံမှုကို မြှင့်တင်ခြင်းသည် အောက်ပါတို့ကြောင့် လိုအပ်သည်ဟု ယူဆသည်။

အထူးသဖြင့် အလယ်အလတ်မှ ကာလရှည် ရင်းနှီးမြှုပ်နှံမှုများကို စိုက်ပျိုးရေးလုပ်ငန်း၏ ထုတ်လုပ်နိုင်မှုကို မြှင့်တင်ခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုများကို အားပေးရာ ရောက်ပြီး ထိုအခါ လူအများ၏ စားဝတ်နေရေးနှင့် အစားအစာ လုံခြုံမှုကို မြှင့်တင်ပေးသည်။

သဘာဝ အရင်းအမြစ်များကို ထိန်းသိမ်းခြင်းနှင့် ကောင်းမွန်စွာ အသုံးပြုခြင်းအတွက်

မြေငှားရမ်းခြင်း အပါအဝင် မြေယာလုပ်ပိုင်ခွင့်အတွက် ခဏတာ လုပ်ပိုင်ခွင့် ရရှိမှုကို အသုံးပြုခြင်းကို အားပေးရန်။

အိမ်ခြံမြေများ အသုံးပြုခြင်းနှင့် လုပ်ဆောင်ချက်များနှင့်ဆိုင်သော ပြဿနာအရေအတွက်နှင့် ပြင်းထန်မှုတို့ကို လျှော့ချရန်။ " မှတ်တမ်းတင် စနစ်" ကို ကြည့်ပါ။



A B C D E F G H I J K L M N O P Q R S T U V W X Y Z

A B C D E F G H I J K L M N O P Q R S T U V W X Y Z

**Servitude**: an easement.

**သီးသန့်ကန့်သတ်အခွင့်အရေး သို့မဟုတ် ပိုင်ရှင်မဟုတ်ဘဲ ရရှိသည့်အကျိုးခံစားခွင့်များ** အခြားသူပိုင်မြေပေါ် အထူးအကျိုးခံစားခွင့်

**Spatial data infrastructure**: a framework of geographic data and metadata, users and tools that are connected in order to use the spatial data in an efficient and flexible way. It can also be described as the technology, policies, standards, human resources and related activities that are necessary to acquire, process, distributes, use, maintain and preserve spatial data.

**မြေပြင်သတင်းအချက်အလက်အခြေခံအဆောက်အအုံ**

အကွာအဝေးပြ အချက်အလက်များကို ထိရောက်စွာနှင့် ပြောင်းလဲလွယ်သော ပုံစံဖြင့် အသုံးပြုနိုင်ရန်အတွက် ချိတ်ဆက်ထားသော မြေမျက်နှာသွင်ပြင်ဆိုင်ရာ အချက်အလက်များနှင့် အခြေအချက်အလက်များ၊ အသုံးပြုသူများနှင့် ပစ္စည်းများ ၏ မူဘောင်။

အကွာအဝေးပြ အချက်အလက်များကို ရယူရန်၊ စီစစ်ရန်၊ ဖြန့်ချီရန်၊ အသုံးပြုရန်၊ ထိန်းသိမ်းရန် နှင့် မပျက်စီးစေရန် လိုအပ်သည့် နည်းပညာ၊ မူဝါဒများ၊ စံနှုန်းများ၊ လူ့အင်အားနှင့် ဆက်စပ်သော လုပ်ငန်းများဟုလည်း ဖော်ပြနိုင်သည်။

**Spatial referencing**: the association of an entity with its absolute or relative location.

**အကွာအဝေးဖြင့် ရည်ညွှန်းခြင်း** အရာတစ်ခုကို ၎င်း၏ အမှန်တည်နေရာနှင့် လိုက်လျောတည်နေရာတို့ကြား ဆက်သွယ်ချက်။

**Speculation**: the buying and selling of property for the main purpose of making money, without interest in using or developing the land. Speculation often involves short periods of time between the purchase and sale. In some countries, income from speculation is taxed at a higher rate than income based on investments.

**မြေဝယ်ရောင်း** ပိုင်ဆိုင်ပစ္စည်းကို အသုံးပြုရန် သို့မဟုတ် ဖွံ့ဖြိုးမှု ပြုလုပ်ရန် စိတ်မဝင်စားဘဲ ပိုက်ဆံရရန် တစ်ခုတည်းအတွက် ဝယ်ယူခြင်း နှင့် ရောင်းချခြင်း။

မြေဝယ်ရောင်းတွင် ဝယ်ခြင်းနှင့် ရောင်းခြင်းအကြား ကာလတိုလေးများ ပါဝင်လေ့ ရှိသည်။ အချို့နိုင်ငံများတွင် ရင်းနှီးမြှုပ်နှံမှုမှ ရရှိသော ဝင်ငွေထက် မြေဝယ်ရောင်းလုပ်ရာမှ ရလာသော ဝင်ငွေအပေါ် အခွန်ပိုမိုကောက်သည်။

**Sporadic registration**: registering land and the rights associated with it on a case-by-case basis for the first time (“first registration”). Sporadic registration is usually based on a specific action of the owner of the property to start the registration process. The owner is responsible for submitting an application for “first registration”, and needs to provide all the necessary documents (such as a description of the parcel, often with a survey plan prepared by a surveyor), and evidence of the rights (such as ownership, any leases or mortgages, any easements or servitudes, which is usually prepared by a lawyer). Sporadic registration has the advantage that it may be less expensive in the short term than systemaic registration and that it tends to target most economically active property first. It has the disadvantage that it will take much longer to achieve complete coverage of all titles within the jurisdiction and it is not as much of a public, open process as systematic registration. Also known as “sporadic adjudication”. See “adjudication” and “first registration”.

**ရံဖန်ရံခါ မှတ်ပုံတင်ခြင်း** မြေယာနှင့် ၎င်းနှင့် သက်ဆိုင်သော လုပ်ပိုင်ခွင့်များကို ပထမဆုံးအကြိမ်အတွက် ("ကနဦး မှတ်ပုံတင်ခြင်း") ကိစ္စရပ်အလိုက် မှတ်ပုံတင်ခြင်း။

ရံဖန်ရံခါ မှတ်ပုံတင်ခြင်းသည် မှတ်ပုံတင်ရန် ပိုင်ရှင်၏ လုပ်ဆောင်ချက်အချို့ပေါ် အခြေခံလေ့ ရှိသည်။ ပိုင်ရှင်သည် "ပထမဆုံးအကြိမ် မှတ်ပုံတင်ခြင်း" လုပ်ဆောင်ရန် လျှောက်လွှာတင်ရန် တာဝန်ရှိပြီး လိုအပ်သော စာရွက်စာတမ်းများ အားလုံး (တိုင်းတာရေး ပညာရှင်မှ ပြင်ဆင်ထားသည့် မြေတိုင်း ပလန်ပုံ ပါဝင်လေ့ရှိသော မြေကွက် ဖော်ပြချက် စသည်)နှင့် လုပ်ပိုင်ခွင့်များ၏ သက်သေ (များသောအားဖြင့် ရှေ့နေမှ ပြင်ဆင်သည့် ပိုင်ဆိုင်မှု၊ ငှားရမ်းမှု သို့မဟုတ် ပေါင်နှံမှု၊ အခြားသူပိုင်မြေပေါ် အထူးအကျိုးခံစားခွင့်) တို့ကို ပေးရန် လိုအပ်ပါသည်။ ရံဖန်ရံခါ မှတ်ပုံတင်ခြင်းသည် စနစ်တကျ မှတ်ပုံတင်ခြင်းထက် ရေတိုတွင် အကုန်အကျသက်သာပြီး စီးပွားရေးအရ အသက်ဝင်နေဆုံးသော ပိုင်ဆိုင်မှုများကို ဦးစွာ ရည်ရွယ်လုပ်ကိုင်နိုင်သည့် အကျိုးကျေးဇူးများ ရှိပါသည်။ အားနည်းချက်အနေဖြင့် တရားစီရင်ရေးနယ်မြေတစ်ခုလုံးအတွင်းရှိ အမည်ပေါက်များ အားလုံးကို အလုံးစုံ ခြုံငုံမိစေရန် ပိုမိုကြာမြင့်နိုင်ပြီး စနစ်တကျ မှတ်ပုံတင်ခြင်းကဲ့သို့ အများပြည်သူ ကြည့်ရှုနိုင်သော လုပ်ငန်းစဉ်လည်း သိပ်မဟုတ်လှပါ။ "ရံဖန်ရံခါ ဖြေရှင်းခြင်း" ဟုလည်း ခေါ်ဆိုသည်။ "အငြင်းပွားမှု ဖြေရှင်းခြင်း သို့ စီရင်ဆုံးဖြတ်ခြင်း " နှင့် "ပထမဆုံး မှတ်ပုံတင်ခြင်း" ကို ကြည့်ပါ။

**Squatter**: a person who occupies another person’s land without the owner’s permission or against the owner’s objection. See “squatting”.

**သူတပါးပိုင် မြေပေါ်တွင် ခွင့်ပြုချက်မရှိဘဲ ကျူးကျော်နေထိုင်သူ** ပိုင်ရှင်၏ ခွင့်ပြုချက်မပါဘဲ သို့မဟုတ် ပိုင်ရှင်မှ ကန့်ကွက်သည့်ကြားမှ အဆိုပါ ပုဂ္ဂိုလ်ပိုင်ဆိုင်သော မြေပေါ်တွင် ဝင်ရောက်နေထိုင်သူ။

“ သူတပါးပိုင် မြေပေါ်တွင် ခွင့်ပြုချက်မရှိဘဲ ကျူးကျော်နေထိုင်ခြင်း” ကို ကြည့်ပါ။

**Squatting**: the act of occupying another person’s land without the owner’s permission. See “adverse possession”, “limitation period” and “prescription”.

**သူတပါးပိုင် မြေပေါ်တွင် ခွင့်ပြုချက်မရှိဘဲ ကျူးကျော်နေထိုင်ခြင်း** ပိုင်ရှင်၏ ခွင့်ပြုချက်မပါဘဲ ထိုသူ၏ ပိုင်မြေပေါ်တွင် ဝင်ရောက်နေထိုင်သည့် အပြုအမူ။ “ပိုင်ရှင်၏ သဘောဆန္ဒမပါဘဲ ပိုင်ဆိုင်မှု” ၊ “စည်းသတ် ကာလ” နှင့် “ကုစားခြင်း” တို့ကို ကြည့်ပါ။

**Squatter’s rights**: the rights that a person obtains by occupying another person’s land

**သူတပါးပိုင် မြေပေါ်တွင် ခွင့်ပြုချက်မရှိဘဲ ကျူးကျော်နေထိုင်သူ၏ ရပိုင်ခွင့်များ** အခြားသူတစ်ဦးပိုင် မြေပေါ် ဝင်ရောက်နေထိုင်ခြင်းဖြင့် ရရှိလာသော ရပိုင်ခွင့်များ။

**State property**: rights to land held by the State. A ministry or public agency is often appointed to manage the land.

**နိုင်ငံပိုင်မြေ** နိုင်ငံတော်မှ ပိုင်ဆိုင်ထားသော မြေဆိုင်ရာ လုပ်ပိုင်ခွင့်များ။

ထိုမြေကို စီမံခန့်ခွဲရန် ဝန်ကြီးဌာနတစ်ခုခု သို့မဟုတ် ကိုယ်စားလှယ် တစ်ဦးဦးကို ခန့်အပ်ထားလေ့ ရှိသည်။

A B C D E F G H I J K L M N O P Q R S T U V W X Y Z

**Statute of limitations**: the name for the "limitation period" in common law (or English) systems. See "limitation period".

**ကာလစည်းသတ် သတ်မှတ်ချက်** "စည်းသတ်ကာလ" ကို Common Law (သို့မဟုတ် အင်္ဂလိပ်) စနစ်များတွင် ခေါ်ဆိုသည့် အမည်။ "စည်းသတ်ကာလ" ကို ကြည့်ပါ။

**Strata title**: see "condominium".

**အလွှာလိုက် ပိုင်ဆိုင်မှု** "ကွန်ဒိုမီနီယံ" ကို ကြည့်ပါ။

**Subdivision**: the process of dividing a land parcel into different, usually smaller parcels. Subdivision will often require a plan showing the new boundaries, and this often needs to have government approval and be registered. Subdivision is the opposite to amalgamation. It is also possible to divide land vertically by means of condominium (see "condominium"). Subdivision is sometimes referred to as "mutation" or "division".

**ထပ်မံခွဲစိတ်ခြင်း** မြေကွက်တစ်ကွက်ကို မတူညီသော များသောအားဖြင့် ပိုမိုသေးငယ်သော အကွက်ငယ်များအဖြစ် ခွဲစိတ်ခြင်း လုပ်ငန်းစဉ်။

ထပ်မံခွဲစိတ်ခြင်းတွင် နယ်နိမိတ်အသစ်များကို ပြသသော ပလန်ပုံ လိုအပ်လေ့ရှိပြီး အစိုးရ ခွင့်ပြုချက် လိုအပ်ကာ မှတ်ပုံတင်ရန်လည်း လိုအပ်လေ့ ရှိပါသည်။ ထပ်မံခွဲစိတ်ခြင်းသည် ပေါင်းစည်းခြင်း၏ ဆန့်ကျင်ဘက် ဖြစ်ပါသည်။ မြေယာကို ကွန်ဒိုမီနီယံ တည်ဆောက်ခြင်းဖြင့် ဒေါင်လိုက် ခွဲစိတ်ရန်လည်း ဖြစ်ပါသည် ("ကွန်ဒိုမီနီယံ" ကို ကြည့်ပါ)။ ထပ်မံခွဲစိတ်ခြင်းကို တစ်ခါတစ်ရံ "ပြောင်းလဲခြင်း" သို့မဟုတ် "ခွဲစိတ်ခြင်း" ဟု ခေါ်ဆိုသည်။

**Sub lease**: a lease where the landlord is not the owner of the land, but is rather the tenant of a lease from the owner.

**နှစ်ဆင့် ငှားရမ်းခြင်း** မြေရှင်သည် မြေပိုင်ရှင်မဟုတ်ဘဲ အဆိုပါ မြေပိုင်ရှင်ထံမှ ငှားရမ်းထားသော မြေငှား ဖြစ်နေသည့် ငှားရမ်းမှု စာချုပ်။

**Survey**: to measure, particularly to measure boundaries of parcels. See "cadastral survey".

**တိုင်းတာသည်** အထူးသဖြင့် မြေကွက်များ၏ နယ်နိမိတ်ကို တိုင်းတာသည်။ "ကွင်းမြေပုံ တိုင်းတာခြင်း" ကို ကြည့်ပါ။

**Systematic registration**: registering land for the first time ("first registration") using a systematic approach to surveying, adjudicating and registering parcels on a regular, area by area basis that covers all the land in a particular area. It has typically been done through a government programme. Systematic registration is relatively expensive due to the large numbers of parcels being dealt with, although on a per parcel basis the average cost may be significantly lower than with sporadic registration (due to economies of scale). Systematic registration has the advantage that it will provide more comprehensive land information within a given time frame. It will also give more people improved rights more quickly, thus supporting the general development impact of increased security of ownership and reduced transaction costs. Also known as "systematic adjudication". See "adjudication" and "first registration".

**စနစ်တကျ မှတ်ပုံတင်ခြင်း** ဒေသတစ်ခုတွင်း ရှိသမျှ မြေများကို ခြုံငုံမိစေရန် မြေကွက်များကို ပုံမှန် ဧရိယာ တစ်ခုချင်းအလိုက် တိုင်းတာခြင်း၊ အငြင်းပွားမှု ဖြေရှင်းခြင်း နှင့် မှတ်ပုံတင်ခြင်းကို စနစ်တကျ ချဉ်းကပ်ပုံ အသုံးပြုပြီး ပထမဆုံးအကြိမ် မှတ်ပုံတင်ခြင်း ("ကနဦး မှတ်ပုံတင်ခြင်း")။ များသောအားဖြင့် အစိုးရ အစီအမံဖြင့် လုပ်ဆောင်သည်။ မြေကွက်တစ်ကွက်ချင်းအတွက် ကုန်ကျစရိတ်မှာ ရံဖန်ရံခါ မှတ်ပုံတင်ခြင်းထက် များစွာ သက်သာလေ့ ရှိသော်လည်း မြေကွက်အရေအတွက် အမြောက်အများကို ကိုင်တွယ်ရခြင်းကြောင့် စနစ်တကျ မှတ်ပုံတင်ခြင်းသည် စရိတ်မြင့်လေ့ ရှိသည်။ စနစ်တကျ မှတ်ပုံတင်ခြင်း၏ ကောင်းကွက်အနေဖြင့် ပေးထားသင့် အချိန်ကာလအတွင်း ပြည့်စုံသော မြေယာဆိုင်ရာ အချက်အလက်များကို ပိုမိုရရှိစေနိုင်သည်။ ပိုမိုများပြားသော လူများအတွက် ရပိုင်ခွင့်များ မြှင့်တင်ခြင်းကို ပိုမို မြန်ဆန်စွာ ရရှိစေသည့်အတွက် ပိုင်ဆိုင်မှုဆိုင်ရာ လုံခြုံမှုကို မြှင့်တက်လာခြင်း၏ ယေဘုယျ ဖွံ့ဖြိုးမှု သက်ရောက်မှုကို ထောက်ပံ့ပေးပါသည်။ "စနစ်တကျ အငြင်းပွားမှု ဖြေရှင်းခြင်း" ဟုလည်း ခေါ်ဆိုသည်။ "အငြင်းပွားမှု ဖြေရှင်းခြင်း" နှင့် " ကနဦး မှတ်ပုံတင်ခြင်း" ကို ကြည့်ပါ။

**Tenancy**: a lease, sometimes used to refer to a lease for a short period. See "lease".

**အိမ်ငှား** ကာလတို ငှားရမ်းမှုကို ရည်ညွှန်းလေ့ ရှိသည့် ငှားရမ်းမှု။ "ငှားရမ်းမှု" ကို ကြည့်ပါ။

**Tenant**: a person who occupies another person's land on the basis of a lease agreement, and whose rights and obligations are expressed in the lease. Also known as a "lessee".

**မြေငှား** လုပ်ပိုင်ခွင့်နှင့် တာဝန်များကို မြေငှားစာချုပ်တွင်း ဖော်ပြထားသည့် မြေငှားစာချုပ်ကို အခြေခံပြီး အခြားသူတစ်ဦး၏ မြေပေါ် ဝင်ရောက်နေထိုင်သူ။

"အိမ်ငှား" ဟုလည်း ခေါ်ဆိုသည်။

**Tenure**: the relationship, whether legally or customarily defined, between people as individuals or groups, with respect to land and other natural resources. The rules of tenure define how access is granted to rights to use, control and transfer resources, as well as associated responsibilities and restrictions. Tenure is often expressed in terms of the rights (and also the duties) that someone has in relation to a natural resource. Tenure is another way of referring to the rights to possess, occupy and use, harvest and collect produce, sell, gift, mortgage, lease out, leave by inheritance, etc. Tenure rights can also include the right to exclude others from occupying or using the land or forest, particularly where a person has an exclusive right to all the land or forest. There are also other cases where people are not the owners of the land, but they still have tenure rights, such as a use right or lease, or non-exclusive rights, such as a right to collect food, water or other material from the land or water, even though someone else has the main rights related to that natural resource. See "tenure system".

**မြေယာလုပ်ပိုင်ခွင့်** မြေနှင့် အခြား သဘာဝ အရင်းအမြစ်များ အတွက် လူတစ်ဦးချင်း သို့မဟုတ် အဖွဲ့အစည်းများ အနေဖြင့် လူအချင်းချင်းအကြား ဥပဒေအရ သို့မဟုတ် ဓလေ့ထုံးတမ်းအရ သတ်မှတ်ထားသော ဆက်နွယ်မှု။ မြေယာလုပ်ပိုင်ခွင့် စည်းမျဉ်းများတွင် အသုံးပြုခွင့်၊ ထိန်းချုပ်ခွင့် နှင့် အရင်းအမြစ်များကို လွှဲပြောင်းခွင့်များကို မည်သို့ သုံးခွင့်ပြုသည်ကို သတ်မှတ်ထားသည်။ မြေယာလုပ်ပိုင်ခွင့်ကို သဘာဝ အရင်းအမြစ်နှင့် ပတ်သက်ပြီး လုပ်ပိုင်ခွင့်များ နှင့်လည်း (တာဝန်များနှင့်လည်း ) ဖော်ပြလေ့ ရှိသည်။ မြေယာလုပ်ပိုင်ခွင့်ဆိုသည်မှာ ပိုင်ဆိုင်ခွင့် ၊ ဝင်ရောက်နေထိုင် အသုံးပြုခွင့်၊ ထွက်ကုန်များကို ရိတ်သိမ်း စုဆောင်းခွင့်၊ ရောင်းချခွင့်၊ ပေးကမ်းခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ အမွေအဖြစ် ချန်ရစ်ခွင့် စသည့် လုပ်ပိုင်ခွင့်တို့ကိုလည်း ရည်ညွှန်းသည်။ မြေယာလုပ်ပိုင်ခွင့်တွင် လူတစ်ဦးသည် မြေနှင့် သစ်တောများ အားလုံးအတွက် အထူးလုပ်ပိုင်ခွင့် ရရှိထားပါက အခြားလူများကို မြေ သို့မဟုတ် သစ်တောတွင်း ဝင်ရောက်ခြင်း သို့မဟုတ်  အသုံးပြုခြင်းကို ပိတ်ပင်နိုင်သည့် လုပ်ပိုင်ခွင့်လည်း ပါဝင်နိုင်သည်။

မြေပိုင်ရှင်မဟုတ်သော်လည်း အသုံးပြုခွင့် သို့မဟုတ် ငှားရမ်းခွင့် ရှိသည့် မြေယာလုပ်ပိုင်ခွင့်ရှိသူများနှင့် အခြားသူတစ်ဦးမှ သဘာဝ အရင်းအမြစ်နှင့်ဆိုင်သော အဓိက လုပ်ပိုင်ခွင့်များကို ပိုင်သော်လည်း မြေမှ သို့မဟုတ် ရေမှ ထွက်သော အစားအစာ၊ ရေ သို့မဟုတ် အခြားပစ္စည်းများကို စုဆောင်းပိုင်ခွင့် ရှိသူ ကဲ့သို့သော ကိစ္စများလည်း ရှိသည်။ "မြေယာလုပ်ပိုင်ခွင့် စနစ်" ကို ကြည့်ပါ။

**Tenure reform**: see "land tenure reform".

**လုပ်ပိုင်ခွင့် ပြုပြင်ပြောင်းလဲမှု** "မြေယာ လုပ်ပိုင်ခွင့် ပြုပြင်ပြောင်းလဲမှု" ကို ကြည့်ပါ။

**Tenure security**: see "security of tenure".

**မြေယာလုပ်ပိုင်ခွင့် လုံခြုံမှု** " မြေယာလုပ်ပိုင်ခွင့် လုံခြုံမှုရှိခြင်း " ကို ကြည့်ပါ။

**Tenure system**: the broad relationships, customs, laws, administrative practices and other means of regulating rights between people, communities and countries. In the Preface to the VGGT, there is the following definition:

- Tenure Systems define and regulate how people, communities and others gain access to land, fisheries and forests. These systems determine who can use which resources, for how long, and under what conditions. They may be based on written policies and laws as well as unwritten customs and practices.

Tenure systems are at the heart of how people, communities and nations gain access to natural resources, whether through formal law or informal arrangements. The rules of tenure determine who can use which resources, for how long, and under what circumstance. The tenure system is the overall system regulating all the individual and group rights over the natural resources. The expression covers how we organise people's rights within a group, community, nation or region of the world. The expression "tenure system" also points to the many organisations and individuals involved in tenure rights, because a tenure system is about people, communities and others. The range of participants includes governments and their administrative agencies, the courts, tenure rights holders, businesses, civil society, academics and the broader community.

**လုပ်ပိုင်ခွင့် စနစ်** လူများ၊ လူမှုဝန်းကျင်များနှင့် နိုင်ငံများအကြား ကျယ်ပြန့်သော ဆက်နွယ်မှုများ၊ ဓလေ့ထုံးတမ်းများ၊ ဥပဒေများ၊ စီမံခန့်ခွဲမှု လုပ်ထုံးလုပ်နည်းများနှင့် လုပ်ပိုင်ခွင့်များကို စည်းကမ်းသတ်မှတ်ရန် နည်းလမ်းများ။ VGGT ၏ နိဒါန်းတွင် အောက်ပါ အဓိပ္ပါယ် ဖွင့်ဆိုချက်ကို ဖော်ပြထားသည်။

မြေယာလုပ်ပိုင်ခွင့် စနစ်သည် အများပြည်သူ၊ ဒေသခံအစုအဖွဲ့များနှင့်အခြားအကျိုးသက်ဆိုင်သူများကမြေယာ၊ သားငါးနှင့် သစ်တော

များကို မည်သို့ကျယ်ကျယ်ပြန့်ပြန့် ရယူအသုံးပြုခွင့်ရရှိသည်ကို လူမှုအဖွဲ့ အစည်းများက စည်းမျဉ်းနှင့် ဥပဒေများဖြင့် သတ်မှတ်ပြဌာန်းသည်။ ဤ မြေယာလုပ်ပိုင်ခွင့် စနစ်များက အရင်းအမြစ်များကို မည်သူ အသုံးပြုနိုင်သည်၊ မည်မျှကြာမြင့်စွာ အသုံးပြုနိုင်သည်၊ မည်သည့် အခြေအနေများတွင် အသုံးပြုနိုင်သည် စသည်တို့ကို အဆုံးအဖြတ်ပေးသည်။ ဤစနစ်များသည် တရားဝင်ပြဌာန်းထားသည့် မူဝါဒနှင့် ဥပဒေများ အပေါ်၌ လည်းကောင်း၊ တရားဝင်ပြဌာန်းမထားသည့် ဓလေ့ထုံးတမ်းနှင့် လုပ်ထုံးလုပ်နည်းများအပေါ် ၌လည်း

ကောင်း အခြေခံနိုင်သည်။

မြေယာလုပ်ပိုင်ခွင့် စနစ်များသည် လူများ၊ လူမှုဝန်းကျင်များနှင့် နိုင်ငံများသည် သဘာဝ အရင်းအမြစ်များကို တရားဝင် ဥပဒေ သို့မဟုတ် အရပ်ဘက် အစီအမံများဖြင့် မည်သို့ ရရှိနေသည် ဆိုသည့်အချက်၏ အဓိက အသက်ပင် ဖြစ်သည်။ မြေယာလုပ်ပိုင်ခွင့် စည်းမျဉ်းများသည် မည်သူမှ မည်သည့် အရင်းအမြစ်များကို မည်မျှကြာအောင် မည်သည့် အခြေအနေဖြင့် အသုံးပြုနိုင်သည်ကို ဆုံးဖြတ်သည်။ မြေယာလုပ်ပိုင်ခွင့် စနစ်သည်

သဘာဝအရင်းအမြစ်များအတွက် တစ်ဦးချင်းနှင့် အုပ်စုလိုက် လုပ်ပိုင်ခွင့်များကို ထိန်းချုပ်သည့် ခြုံငုံမိသော စနစ် ဖြစ်သည်။ ဤစကားလုံးသည် လူများ၏ လုပ်ပိုင်ခွင့်များကို အုပ်စုတွင်း၊ လူမှုဝန်းကျင်အတွင်း၊ နိုင်ငံအတွင်း နှင့် ကမ္ဘာ့နေရာအလိုက် မည်သို့ စနစ်တကျ ဖွဲ့စည်းသည်ကို ခြုံငုံဖော်ပြသည်။ "မြေယာလုပ်ပိုင်ခွင့် စနစ်" ဆိုသည့် စကားလုံးသည် မြေယာလုပ်ပိုင်ခွင့်များတွင် ပါဝင်သော များစွာသော အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များကို ဖော်ညွှန်းသည်။ ပါဝင်သူများထဲတွင် အစိုးရများနှင့် ၎င်းတို့၏ စီမံခန့်ခွဲရေး ကိုယ်စားလှယ်များ၊ တရားရုံးများ၊ မြေယာလုပ်ပိုင်ခွင့် ကိုင်ဆောင်ထားသူများ၊ စီးပွားရေး လုပ်ငန်းများ၊ လူမှု ဝန်းကျင်၊ ပညာတတ်များနှင့် ပိုမိုကျယ်ပြန့်သော လူမှုအဖွဲ့အစည်းများ ပါဝင်သည်။

**Title**: the official document giving evidence of a person's right to land, or "entitlement", which is usually in the form of a document known as a "certificate of title", "land title", "title deed" or "title certificate". Title can also be used to mean "ownership".

**ပိုင်ဆိုင်မှု သို့ အမည်ပေါက်** တစ်စုံတစ်ယောက်၏ မြေယာဆိုင်ရာ လုပ်ပိုင်ခွင့်အတွက် သက်သေအဖြစ် ထုတ်ပေးသော "အမည်ပေါက် မှတ်ပုံတင်"၊ "မြေအမည်ပေါက်"၊ "အမည်ပေါက် စာချုပ်" သို့မဟုတ် "အမည်ပေါက် လက်မှတ်" ဟု အမျိုးမျိုးခေါ်ဆိုသည့် စာရွက်စာတမ်းပုံစံဖြင့်ရှိသော တရားဝင် စာရွက်စာတမ်း။

**Title deeds**: documents giving evidence of title to land. See "land title" and "title".

**ပိုင်ဆိုင်ခွင့်ရှိကြောင်း စာချုပ်စာတမ်းများ** မြေဆိုင်ရာ အမည်ပေါက် သက်သေဖြစ်သော စာရွက်စာတမ်း။

"လယ်ယာမြေ ပိုင်ဆိုင်ခွင့်" နှင့် "လုပ်/ရပိုင်ခွင့်" ကို ကြည့်ပါ။

**Title insurance**: a service offered by insurance companies (for a fee) to protect a purchaser, tenant or lender against any losses that the person might suffer due to problems with the legal ownership of the property, such as the property being sold twice or having unknown rights that affect it. Title insurance is very common in the United States of America, which has a deeds system in most of its states (the deeds registry is often based in the local court).

**လယ်ယာမြေ လုပ်/ပိုင်ဆိုင်ခွင့်ဆိုင်ရာ အာမခံကြေး** မြေဝယ်ယူသူ၊ ငှားရမ်းသူ သို့မဟုတ် အငှားချသူတို့ကို ပိုင်ဆိုင်ပစ္စည်းကို နှစ်ခါ ရောင်းထားခြင်း သို့မဟုတ် မသိနိုင်သော လုပ်ပိုင်ခွင့်များ ရှိခြင်း တို့ကဲ့သို့သော ပိုင်ဆိုင်ပစ္စည်းကို တရားဝင်ပိုင်ဆိုင်မှုနှင့် ပတ်သက်သည့် ပြဿနာများကြောင့် ဆုံးရှုံးမှု ဖြစ်ပေါ်လာခဲ့ပါလျှင် ပေးလျော်မည့် အာမခံလုပ်ငန်းများမှ (အခကြေးငွေဖြင့်) ပေးသော ဝန်ဆောင်မှု။

အမည်ပေါက် အာမခံကြေးသည် ပြည်နယ် အများစုတွင် စာချုပ်စနစ် အသုံးပြုသည့် အမေရိကန် နိုင်ငံတွင် အလွန်သုံးလေ့ရှိသည် (စာချုပ် မှတ်တမ်းရုံးသည် ဒေသဆိုင်ရာ တရားရုံးတွင် အခြေခံလေ့ ရှိသည်။

**Title registration system**: a government run system for recording properties, ownership and transactions with property rights. The title registration system shows details of the property and the name and rights of the owner and others (such as tenants, lenders). The registration of title system differs from a deeds registration system because 1) the transaction only becomes effective on registration, 2) the land registry issues an updated copy of the register (sometimes called a "certificate of title") to the owner after it has registered a transaction, and 3) the registration of title system commonly has some form of guarantee as to the accuracy of the information. Because a transaction is only legally effective once it is registered, a person only becomes the owner after he or she has registered the transfer or inheritance documents at the land registry. This system has been described as "title by registration", because it is the act of registration that makes someone the owner of the land. In a deeds system, which is "registration of title", the person is already by owner by means of the deed, and he or she is simply recording it at the deeds registry. See "adjudication of title" and "guaranteed title".

**ပိုင်ဆိုင်မှု မှတ်ပုံတင်ခြင်း စနစ်** ပိုင်ဆိုင်ပစ္စည်းများ၊ ပိုင်ဆိုင်မှုနှင့် ပိုင်ဆိုင်မှုဆိုင်ရာ လုပ်ပိုင်ခွင့်များ၏ လုပ်ဆောင်ချက်များကကို မှတ်တမ်းတင်သည့် အစိုးရမှ ဆောင်ရွက်သော စနစ်။ ပိုင်ဆိုင်ခွင့် သို့ ပိုင်ဆိုင်မှုကို မှတ်ပုံတင်ခြင်းတွင် ပစ္စည်း၏ အသေးစိတ်အချက်အလက်များနှင့် ပိုင်ရှင်နှင့် အခြားသူများ (မြေငှား၊ ငွေချေးသူ စသည်) ၏ အမည်နှင့် လုပ်ပိုင်ခွင့်များကို အသေးစိတ် ဖော်ပြထားသည်။ ပိုင်ဆိုင်ခွင့် သို့ ပိုင်ဆိုင်မှု ကို မှတ်ပုံတင်သည့် စနစ်သည် စာချုပ် မှတ်ပုံတင်သည့် စနစ်နှင့် ကွာခြားပုံမှာ ၁) လုပ်ဆောင်ချက်သည် မှတ်ပုံတင်မှသာ သက်ရောက်မှု ရှိသည်၊ ၂) လုပ်ဆောင်ချက်တစ်ခုကို မှတ်ပုံတင်လိုက်သည့်အခါ မြေယာ မှတ်ပုံတင်ရုံးမှ ပိုင်ရှင်ထံသို့ အချက်အလက် ထပ်ဖြည့်ထားသော မှတ်ပုံတင် မိတ္တူတစ်စုံ ("ပိုင်ဆိုင်ခွင့် သို့ ပိုင်ဆိုင်မှု လက်မှတ်" ဟု တစ်ခါတစ်ရံ ခေါ်ဆိုသည် ကို ထုတ်ပေးသည်၊ ၃) ပိုင်ဆိုင်ခွင့် သို့ ပိုင်ဆိုင်မှု မှတ်ပုံတင်ခြင်း စနစ်တွင် အချက်အလက်များ မှန်ကန်မှုကို အာမခံသည့် ပုံစံများ ပါလေ့ရှိသည်။ လုပ်ဆောင်ချက်သည် မှတ်ပုံတင်လိုက်မှသာ သက်ရောက်မှု ရှိသည့်အတွက် တစ်စုံတစ်ယောက်သည် ၎င်း၏ လွှဲပြောင်းခြင်း သို့မဟုတ် အမွေ စာရွက်စာတမ်းကို မြေယာ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ပြီးမှသာ ပိုင်ရှင် ဖြစ်လာမည် ဖြစ်သည်။ မှတ်ပုံတင်မှသာ ပိုင်ရှင်ဖြစ်နိုင်သောကြောင့် ဤစနစ်ကို "မှတ်ပုံတင်ခြင်းဖြင့် အမည်ပေါက်ခြင်း" ဟု ဖော်ပြခဲ့ကြသည်။ " ပိုင်ဆိုင်ခွင့်/ပိုင်ဆိုင်မှု မှတ်ပုံတင်ခြင်း" ဖြစ်သည့် စာချုပ်စနစ်တွင် တစ်စုံတစ်ယောက်သည် စာချုပ်အရ ပိုင်ရှင်ဖြစ်ပြီးဖြစ်ကာ စာချုပ်ကိုသာ စာချုပ်မှတ်တမ်းရုံးတွင် မှတ်တမ်းတင်ခြင်း သက်သက်သာ ဖြစ်သည်။ "လုပ်ပိုင်ခွင့် အငြင်းပွားမှု ဖြေရှင်းခြင်း" နှင့် "အာမခံ ပေးထားသော လုပ်ပိုင်ခွင့်" ကို ကြည့်ပါ။

**Topography**: the physical features of the earth's surface.

**မြေမျက်နှာသွင်ပြင်လက ဏာ သို့မဟုတ် ဒေသန ရ မြေပြင် လက ဏာ**ကမ္ဘာ့မျက်နှာပြင်၏ ရုပ်ပိုင်းဆိုင်ရာ အဆင် အသွင် များ။

**Topographic map**: a map showing the physical features of the earth, usually incorporating contour lines. A topographic map shows the detailed physical attributes of an area using accepted signs and methods, such as contours to show height and different colours to show differences between areas.

**မြေမျက်နှာသွင်ပြင်လက ဏာ သို့မဟုတ် ဒေသန ရ မြေပြင် လက ဏာ မြေပုံ** ကမ္ဘာ့မြေမျက်နှာပြင်၏ ရုပ်ပိုင်းဆိုင်ရာ အသွင်အပြင်များကို ကွန်တိုလိုင်းများဖြင့် ပြသည့် မြေပုံ။

မြေမျက်နှာသွင်ပြင် လက ဏာ မြေပုံတွင် ကွန်တိုလိုင်းများ ကဲ့သို့သော အမြင့်ကို ပြပြီး နေရာတစ်ခုနှင့် တစ်ခုအကြား ကွာခြားမှုများကို မတူသော အရောင်ဖြင့် ပြခြင်း ကဲ့သို့သော လက်ခံထားသည့် ပုံစံများနှင့် နည်းလမ်းများကို အသုံးပြုပြီး နေရာတစ်ခု၏ ရုပ်ပိုင်းဆိုင်ရာ သွင်ပြင် အသေးစိတ်များကို ဖော်ပြသည်။

**Torrens System**: a form of title registration system used in Australia, New Zealand, some part of Canada and a small number of other countries, states or areas. Each jurisdiction has its own rules, so there is no single Torrens system, but common characteristics are: a register, a certificate of title, a guarantee that the information in the register is reliable, and a compensation system in case of errors in the register or fraudulent sale.

**တိုရန့်စ် စနစ်** ဩစတြေးလျ၊ နယူးဇီလန်၊ ကနေဒါနိုင်ငံ၏ အချို့ အပိုင်းများနှင့် အခြားနိုင်ငံများ၊ နိုင်ငံများနှင့် ဧရိယာ အနည်းငယ်များတွင် အသုံးပြုသော ပိုင်ဆိုင်မှု မှတ်ပုံတင်စနစ် ပုံစံတစ်မျိုး။

တရားစီရင်ရေးနယ်ပယ်တစ်ခုချင်းစီတွင် ၎င်းတို့ ကိုယ်ပိုင် စည်းမျဉ်းများ ရှိသည့်အတွက် တိုရန့်စ်စနစ် တစ်မျိုးတည်းသာ မရှိသော်လည်း တူညီသော ဝိသေသများမှာ မှတ်တမ်းရုံး၊ အမည်ပေါက်လက်မှတ်၊ မှတ်တမ်းရုံးရှိ အချက်အလက်များသည် ယုံကြည်စိတ်ချရကြောင်းပေးသော အာမခံ၊ နှင့် မှတ်တမ်းရုံးမှ မှားယွင်းခြင်းများ သို့မဟုတ် လိမ်လည်ရောင်းချခြင်းများ ဖြစ်ပေးခဲ့ပါက လျော်ကြေးစနစ် တို့ ပါဝင်သည်။

**Transaction**: a change to the ownership or the rights associated with land, usually involving the owner and another person, such as transfer of rights from one person to another, a lease of the property or a mortgage of the property.

**လုပ်ငန်းဆောင်ရွက်ချက်** များသောအားဖြင့် ပိုင်ရှင်နှင့် အခြားတစ်ယောက်ပါဝင်ပြီး တစ်ဦးမှ တစ်ဦးသို့ ရပိုင်ခွင့်များ လွှဲပြောင်းပေးခြင်း၊ ပစ္စည်း သို့ ပိုင်ဆိုင်မှုတစ်ခုကို ငှားရမ်းခြင်း သို့မဟုတ် ပစ္စည်း သို့ ပိုင်ဆိုင်မှုတစ်ခုကို ပေါင်နှံခြင်း စသည့် မြေနှင့်ပတ်သက်သော ရပိုင်ခွင့်များ သို့မဟုတ် ပိုင်ဆိုင်မှုကို ပြောင်းလဲသည့် လုပ်ရပ်။

**Transaction costs**: the expenses involved in making a transaction, such as a transfer of ownership. Transaction costs can include lawyer's fees, taxes and duties, registration fees and the fee charged by a real estate agent or bank.

**လုပ်ငန်းဆောင်ချက်အတွက် ကုန်ကျစရိတ်များ** ပိုင်ဆိုင်မှု လွှဲပြောင်းခြင်းကဲ့သို့သော လုပ်ဆောင်ချက်များအတွက် ကုန်ကျငွေများ ပါဝင်။

လုပ်ဆောင်ချက်အတွက် ကုန်ကျစရိတ်များတွင် ရှေ့နေခများ၊ အခွန်များနှင့် အကောက်ခွန်များ၊ မှတ်ပုံတင်ကြေးများနှင့် အိမ်ခြံမြေ ကိုယ်စားလှယ် သို့မဟုတ် ဘဏ်မှ ကောက်ခံကြေး စသည်တို့ ပါဝင်နိုင်သည်။

**Transboundary**: going across a boundary, often an international boundary. Natural features, such as rivers, wetlands, deserts go across boundaries, and they require a coordinated approach from the surrounding countries to manage them well.

**နယ်နိမိတ် သို့မဟုတ် နယ်စပ် ဖြတ်ကျော်ခြင်း** နိုင်ငံတကာ နယ်နိမိတ်ကဲ့သိုသော နယ်နိမိတ်ကို ဖြတ်ကျော်သည်။ မြစ်များ၊ စိမ့်မြေများ၊ သဲကန္တာရများ စသည့် သဘာဝ အခြေအနေတို့သည် နယ်နိမိတ်များကို ဖြတ်ကျော်လေ့ရှိပြီး ၎င်းတို့ကို သေချာခန့်ခွဲရန် ပတ်ဝန်းကျင်နိုင်ငံများမှ ပူးပေါင်းချဉ်းကပ်သော နည်းလမ်းများကို လိုအပ်လေ့ ရှိသည်။

**Transfer**: to pass ownership or some other right in relation to a property from one living person to another. Transfer can also be the name of the document used to pass ownership of land from the "transferor" to the "transferee".

**လွှဲပြောင်းပေးအပ်သည်** ပိုင်ဆိုင်ပစ္စည်းတစ်ခုနှင့် ပတ်သက်သည့် ပိုင်ဆိုင်မှု သို့မဟုတ် အခြား လုပ်ပိုင်ခွင့်များကို သက်ရှိထင်ရှား ရှိသူတစ်ဦးမှ နောက်တစ်ဦးသို့ ပိုင်ဆိုင်မှုကို လွှဲပြောင်းသည်။

လွှဲပြောင်းပေးအပ်ခြင်း ဆိုသည်မှာ မြေယာပိုင်ဆိုင်မှုကို " လွှဲပြောင်းပေးသူ" မှ "လွှဲပြောင်းလက်ခံသူ သို့ လွှဲပြောင်းပေးခြင်း ခံရသူ" သို့ လွှဲပြောင်းသည့်အခါ အသုံးပြုသည့် စာရွက်စာတမ်းအမည်လည်း ဖြစ်နိုင်သည်။

**Transparency**: as the VGGT notes in its ten principles of implementation, transparency means clearly defining and widely publicizing policies, laws and procedures, and decisions in applicable languages and accessible formats.

**ပွင့်လင်း မြင်သာမှု** VGGTမှ ၎င်း၏ အကောင်အထည်ဖော်ရေး မူဝါဒ ဆယ်ချက်တွင် မှတ်သားထားသည့်အတိုင်း ပွင့်လင်း မြင်သာမှု ဆိုသည်မှာ ရှင်းလင်းစွာ အဓိပ္ပါယ်ဖွင့်ဆိုထားပြီး၊ သင့်တော်သည့် ဘာသာစကားများနှင့် အားလုံးက အလွယ်တကူ ရယူအသုံးပြုနိုင်သည့် နည်းလမ်းများကို အသုံးပြု၍ ကျယ်ကျယ်ပြန့်ပြန့် ဖြန့် ဝေထားသော မူဝါဒများ၊ ဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများ၊ ဆုံးဖြတ်ချက်များ ဖြစ်သည်။

**Trespass**: to go onto the land of another person without the owner's permission. See "trespasser".

**ကျူးကျော်ဝင်ရောက်မှု သို့ ကျော်နင်းမှု** ပိုင်ရှင်၏ ခွင့်ပြုချက်မပါဘဲ ၎င်း၏ မြေသို့ ဝင်ရောက်သည်။

"ကျူးကျော်သူ" ကို ကြည့်ပါ။

**Trespasser**: a person who goes onto another person's land without the owner's permission or in spite of the owner's objection. See "squatter".

**ကျူးကျော်သူ** ပိုင်ရှင်၏ ခွင့်ပြုချက်မပါဘဲ သို့မဟုတ် ပိုင်ရှင်မှ တားမြစ်သည့်ကြားမှ ၎င်း၏ မြေသို့ ဝင်ရောက်သူ

" သူတပါးပိုင် မြေပေါ်တွင် ခွင့်ပြုချက်မရှိဘဲ ကျူးကျော်နေထိုင်သူ" ကို ကြည့်ပါ။

A B C D E F G H I J K L M N O P Q R S T U V W X Y Z

# U

**Unique parcel identifier**: a number (or sometimes a combination of numbers and letters) that identifies a land parcel in a certain area and that is used only for that land parcel. Parcel identifiers sometimes incorporate letters or numbers referring to the administrative area, such as the district or province.

**ထူးခြားသော မြေကွက် အမှတ်အသားများ** ဧရိယာတစ်ခုအတွင်းရှိ မြေကွက်တစ်ကွက်ကို သိသာထင်ရှားစေပြီး အဆိုပါ မြေကွက်အတွက်သာ အသုံးပြုသော နံပါတ် (သို့မဟုတ် တစ်ခါတစ်ရံတွင် နံပါတ်နှင့် စာလုံးများ အစု)။

မြေကွက်အမှတ်အသားများတွင် ခရိုင် သို့မဟုတ် နယ်မြေကဲ့သို့သော စီမံခန့်ခွဲမှု ဧရိယာကို ရည်ညွှန်းသည့် နံပါတ်များ သို့မဟုတ် စာလုံးများ တစ်ခါတစ်ရံ ထည့်သွင်းလေ့ ရှိသည်။

**Urban planning**: an approach to investigating and making decisions about how land will be used in urban areas, whether for housing, commerce, recreation or other purposes. It aims to take into account all the urban society's needs and identify land that can be used to meet those needs in the most efficient and harmonious way.

**မြို့ပြ စီမံကိန်း** မြို့ပြဧရိယာများတွင် မြေကို လူနေအိမ်၊ စီးပွားရေး၊ အပန်းဖြေရေး သို့မဟုတ် အခြား ရည်ရွယ်ချက်များအတွက် မည်သို့ သုံးမည်ကို စုံစမ်းစစ်ဆေးပြီး ဆုံးဖြတ်ချက်ချသည့် ချဉ်းကပ်မှုတစ်ခုဖြစ်သည်။

မြို့ပြလူ့အဖွဲ့အစည်းများ၏ လိုအပ်ချက်များအားလုံးကို ထည့်သွင်းစဉ်းစားပြီး အဆိုပါ လိုအပ်ချက်များကို ထိရောက်မှုအရှိဆုံးနှင့် လိုက်လျောညီထွေအဖြစ်ဆုံး ဖြေရှင်းပေးနိုင်မည့် မြေနေရာကို ဖော်ထုတ်ရန် ရည်ရွယ်သည်။

**Urbanization**: the process of the development of towns and cities, usually associated with increased populations.

**မြို့ပြချဲ့ထွင်ခြင်း သို့ မဟုတ် မြို့ပြပုံစံသွင်းခြင်း**

များသောအားဖြင့် လူဦးရေ တိုးတက်လာမှုနှင့် ဆက်စပ်သော မြို့ငယ်များနှင့် မြို့ကြီးများ၏ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်။

**Use right**: one of the main elements of ownership, the use right gives the owner the right to occupy and do things on the property. A holder of a use right may not have the right to sell the property, etc.

**အသုံးပြုခွင့်** ပိုင်ဆိုင်မှု၏ အဓိကအပိုင်းများထဲမှ တစ်ခုဖြစ်ပြီး အသုံးပြုခွင့်သည် ပိုင်ရှင်ကို ပိုင်ဆိုင်ပစ္စည်းပေါ်သို့ ဝင်ရောက်နေထိုင် လုပ်ကိုင်ခွင့် ပေးသည်။ အသုံးပြုခွင့်ကို ရရှိထားသူသည် ပစ္စည်းကို ရောင်းချခွင့် စသည်တို့ မရှိပါ။

**Usufruct**: in civil law systems, the word meaning "use right" (to use the land). See "use right".

**အခြားသူတစ်ဦးပိုင်ပစ္စည်းကို  အသုံးပြုခွင့် ၊ အကျိုးခံစားခွင့်၊**

တရားမဥပဒေ စနစ်များတွင် "အသုံးပြုခွင့်" ဟု အဓိပ္ပါယ်ရသည့် စကားလုံး (မြေကို အသုံးပြုရန်)။

"အသုံးပြုခွင့်" ကို ကြည့်ပါ။

# Z

**Zoning**: a planning procedure where a designated zone is allocated for a specified use or uses. Zoning is a commonly used approach to planning that identifies the uses to which the zoned land may be put and specifies the type, amount and location of that development. Its aim is to promote orderly use and development and also to reduce or avoid inconsistent uses adjacent to one another.

**ဇုန်သတ်မှတ်ခြင်း** သတ်မှတ်ထားသော ဇုန်ကို သတ်မှတ်ထားသော အသုံးပြုမှု(များ အတွက် ခွဲဝေသည့် စီမံကိန်းရေးဆွဲသည့် လုပ်ထုံးလုပ်နည်း။

ဇုန်သတ်မှတ်ခြင်းမှာ စီမံကိန်းရေးဆွဲခြင်းတွင် အသုံးပြုများသော ချဉ်းကပ်မှု ဖြစ်ပြီး မည်သည့်ဇုန်မြေကို မည်သို့အသုံးချမည်ကို သတ်မှတ်ဖော်ထုတ်ပြီး ဖွံ့ဖြိုးမှုလုပ်ငန်း၏ အမျိုးအစား၊ ပမာဏ နှင့် တည်နေရာကို သတ်မှတ်သည်။ ၎င်း၏ ရည်ရွယ်ချက်မှာ စည်းကမ်းတကျ သုံးစွဲရေးနှင့် ဖွံ့ဖြိုးရေးကို မြှင့်တင်ရန်နှင့် ထိစပ်နေသော မြေကွက်များတွင် ကိုက်ညီမှု မရှိသော အသုံးပြုမှုများကို လျှော့ချရန် သို့မဟုတ် ရှောင်ရှားရန် ဖြစ်ပါသည်။

# Sources


**Food and Agriculture Organization of the United Nations (FAO).** 2003. *Multilingual thesaurus on land tenure.* FAO, Rome
*www.fao.org/3/a-x2038e.pdf*

**FAO.** 2016. *Responsible Governance of Tenure and the Law.*
*www.fao.org/3/a-i5449e.pdf*

**International Federation of Surveyors (FIG).** 1995. *The FIG Statement on the Cadastre.* Australia
*www.fig.net/resources/publications/figpub/pub11/figpub11.asp*

**IPCC.** 1999. Special Report on Land Use, Land-Use Change And Forestry.
*www.grida.no/climate/ipcc/land_use/index.htm*

**United Nations Economic Commission to Europe (UNECE).** 1996. *Land Administration Guidelines.* New York.
*www.unece.org/fileadmin/DAM/him/documents/Publications/land.administration.guidelines.e.pdf*

**UN Women, Gender Equality Glossary.**
*https://trainingcentre.unwomen.org/mod/glossary/view.hp?id=36&mode=letter&hook=G&sortkey=&sortorder=*


# အရင်းအမြစ်


ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)၊ ၂၀၀၃၊ ဘာသာစကားပေါင်းစုံအတွက် မြေယာငှားရမ်းမှု ဆိုင်ရာအဓိပ္ပါယ်တူ စကားလုံးများ စုစည်းမှု။ FAO၊ ရောမ
www.fao.org/3/a-x2038e.pdf တွင် ကြည့်ရှုနိုင်ပါသည်။

ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)၊ ၂၀၁၆၊ တာဝန်ယူမှုရှိသော မြေယာစီမံခန့်ခွဲမှုနှင့် ဥပဒေ၊
www.fao.org/3/a-i5449e.pdf တွင် ကြည့်ရှုနိုင်ပါသည်။

နိုင်ငံတကာ တိုင်းတာရေး ပညာရှင်များ အသင်း (FIG)၊ ကွင်းမြေပုံဆိုင်ရာ FIG၏ ထုတ်ပြန်ချက်၊ ဩစတေးလျ။
www.fig.net/resources/publications/figpub/pub11/figpub11.asp တွင် ကြည့်ရှုနိုင်ပါသည်။

IPCC၊ ၁၉၉၉၊ မြေယာအသုံးချမှု၊ မြေယာအသုံးချမှု ပြောင်းလဲမှုနှင့် သစ်တောဆိုင်ရာ အထူး အစီရင်ခံစာ။
www.grida.no/climate/ipcc/land_use/index.htm တွင် ကြည့်ရှုနိုင်ပါသည်။

ဥရောပနိုင်ငံများအတွက် ကုလသမဂ္ဂ စီးပွားရေး ကော်မစ်ရှင် (UNECE)၊ ၁၉၉၆၊ မြေယာစီမံခန့်ခွဲမှု လမ်းညွှန်မှုများ။ နယူးယောက်။
www.unece.org/fileadmin/DAM/him/documents/Publications/land.administration.gui delines.e.pdf တွင် ကြည့်ရှုနိုင်ပါသည်။

UN Women ကျားမရေးရာ တန်းတူညီမျှမှု ခက်ဆစ်ဖွင့်ဆိုချက်ကို https://trainingcentre.unwomen.org/mod/glossary/view.php?id=36&mode=letter&hook=G&sortkey=&sortorder= တွင် ကြည့်ရှုနိုင်ပါသည်။



**FAO Land Tenure Unit**
Viale delle Terme di Caracalla,
00153 Rome, Italy

**FAO Regional Office for Asia and the Pacific**
39 Phra Athit Road, Phranakorn
Bangkok 10200, Thailand

ISBN 978-92-5-133323-5

9 789251 333235

CB1041B/1/12.20